The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်
VOL. 22, NO. 6 တနင်္လာနေ့တိုင်းထုတ်ဝေသည် March 14, 2022

ပြည်တွင်း၌ စားသုံးဆီ ဖူလုံမှုရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေး ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြား

စာမျက်နှာ - ၃ ➢

စပါး၊ ဆန် ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပ ဈေးကွက်များသို့ စဉ်ဆက်မပြတ် တိုးမြှင့်တင်ပို့နိုင်ရေး၊ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းသီးနှံ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးကွက်များသို့ စဉ်ဆက်မပြတ် တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်

စာမျက်နှာ - ၂ ➢

ပို့ကုန်/သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းအဖွဲ့များနှင့် ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်

စာမျက်နှာ - ၂ ➢

လုပ်ငန်းခွင်သုံး စီးပွားရေးနှင့်သက်ဆိုင်သည့် အင်္ဂလိပ်စာအသုံးအနှုန်းများနှင့် ရေးသားခြင်းဆိုင်ရာ (အလယ်အလတ်အဆင့်) သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး တက်ရောက်ချီးမြှင့် အမှာစကားပြောကြား

စာမျက်နှာ - ၃ ➢

Duck
ဘဲလေး
ရဲ့ ဖွင့် ဟောက် ပေါက်
အစံအစဉ် နဲ့အတူ ကံစမ်းကြစို့
အပုံးတွင် ကံစမ်းမဲပါသည်။
☎ 09455047123

စပါး၊ ဆန် ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပ ဈေးကွက်များသို့ စဉ်ဆက်မပြတ် တိုးမြှင့်တင်ပို့နိုင်ရေး၊ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းသီးနှံ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးကွက်များသို့ စဉ်ဆက်မပြတ် တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်

မတ် ၃ ရက် နံနက် ၁၀ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် စပါး၊ ဆန် ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပဈေးကွက်များသို့ စဉ်ဆက်မပြတ် တိုးမြှင့်တင်ပို့နိုင်ရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးနှင့် မွန်းလွဲ ၁ နာရီတွင် ကျင်းပသည့် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းသီးနှံ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးကွက်များသို့ စဉ်ဆက်မပြတ် တင်ပို့နိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် စပါး၊ ဆန် ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ပြည်ပဈေးကွက်သို့စဉ်ဆက်မပြတ် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ကဏ္ဍအလိုက် ဆွေးနွေးပေးစေလိုကြောင်း၊ လက်ရှိကမ္ဘာတစ်ဝန်း ဖြစ်ပေါ်နေသည့် အခြေအနေများအရ စားနပ်ရိက္ခာ ဖူလုံရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာသို့ မြန်မာ့ဆန်များ တင်ပို့ရောင်းချရာတွင် ထိုက်သင့်သည့် ဈေးနှုန်းများ ရရှိစေရေးနှင့် တန်းမြင့်ဆန်များ ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးထုတ်လုပ်သည်မှ ပြည်ပတင်ပို့ ရောင်းချသည်အထိ ဆန်စပါးကဏ္ဍ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ပါဝင်လုပ်ကိုင်ဆောင်ရွက်သူအားလုံး သင့်တင့်မျှတသည့် အကျိုးအမြတ်ရရှိစေရေး ဝိုင်းဝန်းထိန်းကျောင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆန်ကြိတ်ခွဲခြင်းမှ ထွက်ရှိလာသော ဖွဲနုကို တိရစ္ဆာန် အစားအစာအဖြစ် ရောင်းချနေခြင်းအစား အဆင့်မြင့် ကြိတ်ခွဲထုတ်လုပ်၍ ဖွဲနုဆီအဖြစ် ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပြီး ပြည်တွင်းဆီလိုအပ်ချက်ကို ဖြည့်ဆည်းသွားနိုင်ရေးကိုလည်း စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးအတွက် လက်ရှိကမ္ဘာ့အခင်းအကျင်းနှင့် ကိုက်ညီသည့် မူဝါဒများကိုချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဌာနများနှင့် သက်ဆိုင်ရာ အသင်းအဖွဲ့များမှ ကဏ္ဍအလိုက် လိုက်ပါအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပြီး အခက်အခဲများ ရှိပါကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက လိုအပ် သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက စပါး၊ ဆန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအပေါ် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ မွန်းလွဲ ၁နာရီတွင် ကျင်းပသည့် ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းသီးနှံ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပဈေးကွက်များသို့ စဉ်ဆက်မပြတ် တင်ပို့နိုင်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များ ပြည်ပသို့ တင်ပို့ရာတွင် သက်ဆိုင်ရာ နိုင်ငံအလိုက် လိုအပ်ချက်များဖြစ်သည့် SPS Protocol များ၊ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ထုတ်လုပ်တင်ပို့နိုင်ရေးနှင့် နှစ်စဉ် စဉ်ဆက်မပြတ် တင်ပို့နိုင်ရေး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပြည်ပသို့ တင်ပို့သည့် ပို့ကုန်များ အရည်အသွေးပြည့်မီစေရေးနှင့် တန်းမြင့်ဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ဈေးကွက်သစ်ရှာဖွေမှုတွေကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပြီး နိုင်ငံတော်အနေဖြင့် အစိုးရချင်း ချိတ်ဆက်ညှိနှိုင်းမှုများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဆီထွက်သီးနှံများဖြစ်သည့် ပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်များကို ပိုမိုစိုက်ပျိုး ထုတ်လုပ်သွားရန်လိုအပ်ပြီး ပြည်တွင်းဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် ပြည်ပမှ ဆီတင်သွင်းမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေ၊ ကမ္ဘာ့နိုင်ငံများသို့ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းစိုက်ပျိုးတင်ပို့မှု အခြေအနေ၊ ပြည်တွင်း၊ ပြည်ပ၌ ဖြစ်ပေါ်နေသည့် ဈေးနှုန်းများ၊ စိုက်ပျိုးသူတောင်သူများက ဈေးကွက်လိုအပ်ချက်အရ ပြောင်းလဲစိုက်ပျိုးနေမှု အခြေအနေ၊ ကုန်သွယ်မှုပုံစံ ပြောင်းလဲလာမှု အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ပြည်ပသို့ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်း ပြည်ပတင်ပို့သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

ပို့ကုန်/သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းအဖွဲ့များနှင့် ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မတ် ၁၀ ရက် နံနက် ၁၀ နာရီတွင် Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် ပို့ကုန်/ သွင်းကုန် လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ညီနောင်အသင်းအဖွဲ့များနှင့် ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာ၌ ယခုလိုအစည်းအဝေးကျင်းပရခြင်းသည် ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာသော ဆက်သွယ်ဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ရပ် တည်ဆောက်ထားခြင်းပင်ဖြစ်ကြောင်း၊ ကိုဗစ်(၁၉)ကူးစက်ရောဂါ အခြေအနေနှင့် အခြားအခက်အခဲ အခြေအနေများရှိနေသော်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ညီနောင်အသင်းအဖွဲ့များနှင့် ပို့ကုန်/သွင်းကုန် လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ ယခုဆိုလျှင် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာကြောင်း၊ ကိုဗစ်(၁၉) ကူးစက်မှုကာလအတွင်းတွင်လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် များစွာထိတွေ့ဆောင်ရွက်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှု အတိုင်းအတာတစ်ခုအထိ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကဏ္ဍတစ်ခုတည်းကို မဟုတ်ဘဲ ကဏ္ဍအားလုံး ပူးပေါင်းဆောင်ရွက်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပြီး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ယခုလိုပူးပေါင်းဆောင်ရွက်မှုကြောင့် ယခင်နှစ်များက ကုန်သွယ်မှု လိုငွေပြခြင်း (Trade Deficit) များ ရှိခဲ့ရာမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှု ပိုငွေပြခြင်း (Trade Surplus) ဖြစ်ခဲ့ပြီး ယခုနှစ်တွင်လည်း Trade Deficit နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောသွင်းအားစုများ အဆင်ပြေချောမွေ့စွာ တင်သွင်းရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်နေသော ခေတ်စနစ်နှင့်အညီ ကဏ္ဍအလိုက် Update ဖြစ်သည့်စနစ်များကို ကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ကဏ္ဍအလိုက် အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေးကို မကြာခဏ စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းပြည် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ကဏ္ဍအားလုံး ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းနှင့် ကဏ္ဍအလိုက် တက်ရောက်လာကြသော ကိုယ်စားလှယ်များမှ ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ပို့ကုန်/သွင်းကုန် လုပ်ငန်းများနှင့်ပတ်သက်သော အကြံပြုချက်များ၊ ရှေ့ဆက်၍ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များနှင့် လက်ရှိဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့ ၃၄ သင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပြည်တွင်း၌ စားသုံးဆီဖူလုံမှုရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေး ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြား

မတ် ၄ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် ပြည်တွင်း၌ စားသုံးဆီဖူလုံမှုရှိစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာ၌ ပြည်တွင်းစားသုံးဆီသုံးစွဲမှုနှုန်း များပြားနေသည့်အတွက် နှစ်စဉ်ပြည်ပမှ စားသုံးဆီ အများအပြားတင်သွင်းနေရပြီး ကျန်းမာရေးရှုထောင့်အရ ပြည်သူများ ဆီစားသုံးမှုလျှော့ချစေရေး၊ ပြည်တွင်း၌ စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေး၊ ပြည်တွင်း၌ ထုတ်လုပ်သည့် စားသုံးဆီများ ဈေးကွက်ဝေစု ပိုမိုရရှိလာစေရေး၊ ဆီစက်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဆီထွက်သီးနှံကဏ္ဍမှ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာစေရေးနှင့် ဆီထွက်သီးနှံကဏ္ဍ (Supply Chain) တစ်လျှောက် ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် စားသုံးဆီတင်သွင်းခြင်းမှ နိုင်ငံခြားငွေ အသုံးပြုမှု လျော့နည်းသက်သာစေရေးတို့အတွက်ရည်ရွယ်ပြီး ယခု ဘဏ္ဍာနှစ် Mini Budget မှစတင်၍ ပြည်ပမှ စားသုံးဆီတင်သွင်းခြင်းကို လျှော့ချနိုင်ရေးအတွက် အကန့်အသတ်ဖြင့် တင်သွင်းခြင်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာ့စားအုန်းဆီဈေးကွက်တွင် ယခင် ဘဏ္ဍာနှစ်များက ဈေးနှုန်းတည်ငြိမ်ခဲ့သော်လည်း ကမ္ဘာတစ်ဝန်း ကိုဗစ်(၁၉) ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု ဖြစ်ပေါ်ခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ကမ္ဘာ့စားအုန်းဆီဈေးနှုန်း မြင့်တက်မှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးအတွက် "စားသုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီ"ကို ဖွဲ့စည်း၍ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာတွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအရ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဈေးကွက်အတွင်း မသမာမှုဆောင်ရွက်နေခြင်းများကို အရေးယူဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ကမ္ဘာ့စားသုံးဆီဈေးကွက်တွင် ဝယ်လိုအားနှင့် ဈေးနှုန်းများ မြင့်တက်လျက်ရှိသည့် အခြေအနေများ၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မတ်လအတွင်း စားအုန်းဆီသင်္ဘောများ ဝင်ရောက်မည့်အခြေအနေများ၊ ပြည်ပဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲခြင်းများနှင့် အညီ ပြည်တွင်းဈေးနှုန်းကို ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြစ်ပေါ်စေရေး ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်နေမှု အခြေအနေများ၊ ပြည်တွင်း၌ ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းစားသုံးဆီ ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး တွန်းအားပေးဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးလုပ်ငန်း ကြီးကြပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

လုပ်ငန်းခွင်သုံး စီးပွားရေးနှင့်သက်ဆိုင်သည့် အင်္ဂလိပ်စာအသုံးအနှုန်းများနှင့် ရေးသားခြင်းဆိုင်ရာ (အလယ်အလတ်အဆင့်) သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး တက်ရောက်ချီးမြှင့် အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၂) ၌ မတ် ၁၁ ရက် နံ နက် ၉ နာရီ ၁၅ မိနစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် လုပ်ငန်းခွင်သုံး စီးပွားရေးနှင့်သက်ဆိုင်သည့် အင်္ဂလိပ်စာအသုံးအနှုန်းများနှင့် ရေးသားခြင်းဆိုင်ရာ သင်တန်း (အလယ်အလတ်အဆင့်) ဆင်းပွဲ အခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွှန့်အောင် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် သင်တန်း၏ သင်ကြားမှုအချိန် ၄၈ နာရီဖြစ်သည့်အတွက် သင်တန်းရက် မကြာရှည်စေရန် စုစုပေါင်းသင်တန်းရက် ၁၆ ရက်နှင့် တစ်ရက်လျှင် သုံးနာရီ ဖိဖိစီးစီး သင်ကြားခဲ့ကြသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ သင်ကြားပေးသော ဆရာ၊ ဆရာမများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ စိတ်ပါဝင်စားစွာ လိုက်ပါလေ့လာသင်ယူကြသည့် သင်တန်းသား၊ သင်တန်းသူများ တစ်ဦးတစ်ယောက်ချင်းစီ၏ ကြိုးပမ်းအားထုတ်မှုကိုလည်း အသိအမှတ်ပြုပါကြောင်း၊ ယခုသင်တန်းတွင် ပို့ချပေးခဲ့သည့် သင်ခန်းစာများသည် လုပ်ငန်းခွင်၌ စီးပွားရေးဆိုင်ရာ အင်္ဂလိပ်စာအသုံးအနှုန်းများကို လက်တွေ့အသုံးချတတ်စေရန် ရည်ရွယ်၍ ပို့ချပေးခဲ့ခြင်းဖြစ်သည့်အတွက် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှရရှိခဲ့သည့် ဗဟုသုတများကို လုပ်ငန်းခွင်၌ ပြန်လည်အသုံးချနိုင်ရန် မျှော်လင့်ပါကြောင်း၊ သင်တန်းမှရရှိခဲ့သည့် ဗဟုသုတများသည် အခြေခံအဆင့်ဖြစ်သည့်အတွက် ရေရှည်တိုးတက်မှုရရှိရန် သင်တန်းသား၊ သင်တန်းသူများကိုယ်တိုင် ဆက်လက်လေ့လာသွားကြရန် တိုက်တွန်းပြောကြားခဲ့ပြီး ဒုတိယဝန်ကြီးက ထူးချွန်ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများအား ဆုချီးမြှင့်ခဲ့ကာ အမြဲတမ်းအတွင်းဝန်က သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် သင်တန်းတက်ရောက်ခဲ့ရမှုနှင့် ပတ်သက်၍ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိ သည်။

MOC(IR)

Commerce JOURNAL

အတိုင်ပင်ခံစာတည်း

ဝင်းလွင်

သိန်းထွန်းဦး

ဒေါက်တာထိန်လင်း

စာတည်းမှူးချုပ်

မင်းမင်း

အုပ်ချုပ်ရေးမှူး

သိန်းနိုင်

တာဝန်ခံစာတည်း

စိန်သံ

စာတည်းအဖွဲ့

ရဲမင်းနိုင်

လက်ထောက်စာတည်း

ယဉ်ယဉ်အေး

အေးအေးသန့်

သတင်းထောက်များ

ရီလင်းထွဋ်(ပုံရွာ)၊ ကြည်နိုင်ဦး(အင်းတော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပုဇွန္တ)၊ ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဝင်းဝင်းနိုင်(ပြည်)၊ ဇေနိုင်(တောင်ကြီး)၊ စောမောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)၊ စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

Proof & Layout Design ကြီးကြပ်

အိမ့်သဇင်ဦး

ကြော်ငြာတာဝန်ခံ

ထွန်းထွန်းဆင်း (၀၉ ၇၇၇ ၁၂၇၂၇)၊ မြင့်ဇင်ညွန့် (၀၉ ၇၃၀ ၅၃၅၃၀)

ထုတ်ဝေသူ

ဦးမျိုးဝိုင်ဝင်း (၀၁၀၅၅)

အမှတ်-၂၂၇/၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်။

ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

ဖြန့်ချီရေးတာဝန်ခံ

ဇော်ဝင်း

ဖြန့်ချီရေး

အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

ကွန်ပျူတာ

လွင်သန္တာထွန်း၊ ခြူးခြူးနိုင်၊ မေသန္တာမိုး

Layout Design & Graphic Design

CJ Design Group

ပုံနှိပ်သူ

ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address

commercejournal.editor@gmail.com

ဆန်နှင့် ဆန်ကွဲ တန်ချိန် နှစ်သိန်းခန့်တင်ပို့

ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့မှု တန်ချိန် တစ်သိန်းခန့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၃သန်း ခန့် ရရှိခဲ့ကြောင်းသိရသည်။

ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ တန်ချိန် ၄၁၈၀၀ ကျော်၊ အာဖရိကနိုင်ငံများသို့ တန်ချိန် ၃၅၃၀၀ ခန့်နှင့် ဥရောပ သမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တန်ချိန် ၂၂၃၀၀ ကျော် တင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ ဆန်ဝယ်ယူသော နိုင်ငံစာရင်းများအနေဖြင့် အာဖရိကနိုင်ငံဖြစ်သော ဂိနီနိုင်ငံသို့ ဆန်တန်ချိန် ၂၀၀၀၀ ခန့်၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၁၅၃၀၀ခန့်၊ အာရှနိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၈၃၀၀ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၃၃၀၀၀ကျော်၊ သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ ခန့်၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၃၀၀ ခန့်၊ စင်ကာပူနိုင်ငံသို့ ဆန်တန်ချိန် ၅၀ ခန့်၊ အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၁၇၀၀၀ ကျော်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၈၀၀ ကျော်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန်ချိန် ၃၀၀၀ ခန့်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၅၅၀ခန့်နှင့် ဂျာမနီနိုင်ငံသို့ တန်ချိန် ၃၅၀ခန့်နှင့် အခြားနိုင်ငံများသို့လည်း တင်ပို့ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁ရက်မှ ၂၈ ရက်ထိကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု တန်ချိန် ၁၁၀၀၀ ကျော်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၅ တန်ခန့် စုစုပေါင်း နယ်စပ်လမ်းကြောင်းမှ ဆန်တင်ပို့မှုတန်ချိန် ၁၁၀၀၀ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၄၅ သန်းခန့် ရရှိခဲ့သည်။ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံမှ ဆန်တင်ပို့မှု တန်ချိန် ၁၁၀၆၀၀ ကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၅၄၅ သန်းကျော်ရရှိခဲ့သည်။

ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်းမှ ဆန်ကွဲတင်ပို့မှု တန်ချိန် ၇၅၀၀၀ ကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၇၉၁ သန်းကျော် ရရှိခဲ့သည်။ ဆန်ကွဲတင်ပို့မှု အများဆုံးနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၈၆၀၀ကျော်၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၃၁၀ ခန့်၊ စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၀၀ ကျော်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၅၈၇၀ ကျော်နှင့် စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၀၀၀ ခန့် တင်ပို့နိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်မှ ဆန်ကွဲတန်ချိန် ၄၀၀၀ ကျော်နှင့် မြန်မာ-ထိုင်းနယ်စပ်မှ ဆန်ကွဲတန်ချိန် ၁၇၀၀ ကျော်၊ စုစုပေါင်း နယ်စပ်မှ ဆန်ကွဲတင်ပို့မှု တန်ချိန် ၆၀၀၀ ခန့်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၈၁ သန်းကျော် ရရှိခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီလအတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှ ဆန်ကွဲတန်ချိန် ၈၀၀၀၀ ကျော်၊ အမေရိကန်ဒေါ်လာ သန်း ၂၄ ဒသမ ၅၇၂ ခန့် ရရှိခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှ ဆန်နှင့်ဆန်ကွဲတင်ပို့မှုတန်ချိန် ၁၉၁၆၀၀ ကျော်နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၁၁၇ သန်းရရှိခဲ့သည်။

အေးအေးသန့် (DOT)

ဈေးကွက်ခိုင်မာလျက်ရှိသည့် ပွင့်ဖြူ ကုန်းဇောင်းရောပဒေသာဆန်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုကြပြီး စပါးစိုက်ပျိုးရန် မြေဆီမြေနှစ်နှင့် ဆည်ရေရရှိသဖြင့် ဧရာပဒေသာ စပါးကို အဓိကထားစိုက်ပျိုးကြောင်း ဧရာပဒေသာဆန်ကို ဒေသစုံမှ ထွက်ရှိသော်လည်း မကွေးတိုင်း စလင်း၊ ကုန်းဇောင်း၊ ပွင့်ဖြူဘက်မှ ထွက်ရှိသည့် ဧရာပဒေသာဆန်ကို မမီကြောင်း ရေ၊ မြေ၊ ရာသီဥတု ကွာခြားမှုကြောင့် ပွင့်ဖြူ ကုန်းဇောင်း ဧရာပဒေသာဆန်မှာ အရည်အသွေး ကောင်းမွန်ပြီး ပြည်တွင်းစားသုံးမှုတွင်လည်း လူကြိုက်များ သဖြင့် ဈေးကွက်ခိုင်မာလျက်ရှိကြောင်း သိရှိရသည်။

ပွင့်ဖြူမြို့နယ်မှ ထွက်ရှိသည့် ကုန်းဇောင်းဧရာပဒေသာဆန်မှာ ထမင်းသားနူးညံ့ခြင်း၊ အေးသွားပါက ထမင်းမမာခြင်း၊ နှစ်ရက်ထိ ထမင်းအထားခံနိုင်ခြင်း၊ ပေါ်ဆန်းနှင့်တွဲ၍ စားသုံးပါက အထူးကောင်းမွန်ခြင်း၊ ဆီးချို၊ သွေးချိုသမားများ အတွက် အထူးသင့်လျော်ပြီး ရွှေဘိုပေါ်ဆန်းနေရာတွင် အစားထိုးစားသုံးမှုများ ရှိလာသည့်အတွက် မကွေး၊ မင်းဘူး၊ ချောက်၊ မန္တလေး၊ ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့များ အပြင် နေပြည်တော်သို့လည်း တင်ပို့ရောင်းချရကြောင်း၊ ယခုနှစ် သီးနှံပေါ်ချိန် နိုဝင်ဘာလမှ ဒီဇင်ဘာလတွင် စပါး ၄၆ ပေါင် တစ်တင်းကို ကျပ် ၉၀၀၀ မှ ၉၅၀၀ နှင့် ဆန် ၂၄ ပြည် တစ်အိတ်ကို ကျပ် ၃၈၀၀၀ မှ ၃၉၀၀၀ အထိ လည်းကောင်း၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် စပါး ၄၆ ပေါင် တစ်တင်းကို ကျပ် ၉၅၀၀ မှ ၁၀၀၀၀ နှင့် ဆန် ၂၄ ပြည် တစ်အိတ်ကို ကျပ် ၃၉၀၀၀ မှ ၄၁၀၀၀ အထိ ဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

ဌေးဌေးဝင်း (ပွင့်ဖြူ)

ကျောက်ဆည်မြို့ ဆန်စပါးဈေးကွက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် အညာဒေသ လယ်တွင်းကိုးခရိုင်တွင် တစ်ခုပါဝင်ပြီး ဆည်ရေသောက်စနစ်ဖြင့် စပါးများအား အဓိက စိုက်ပျိုးလျက်ရှိသည်။ ကျောက်ဆည်ခရိုင်တွင် မိုးစပါးစိုက်ပျိုးမှုအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၁၅၆၄၅၅ ဧကစိုက်ပျိုးခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၅၂၉၉ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၂၉၁၆ ဧက၊ မြစ်သားမြို့နယ်၌ ၆၁၂၈၇ ဧက၊ တံတားဦးမြို့နယ်၌ ၁၃၄၆၅ ဧက၊ စုစုပေါင်း ၁၅၆၇၀၇ ဧကခန့် စိုက်ပျိုးနိုင်ခဲ့ပြီး ၎င်းမိုးစပါးစိုက်ဧကအားလုံး ရိတ်သိမ်းပြီးကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာ ဝန်ထမ်းများအရ သိရှိရသည်။

ယခင်က တောင်သူများသည် မိမိအိမ်မှ စပါးများကိုသာ မျိုးအဖြစ် အသုံးပြုကြောင်း၊ ယခုအခါ တောင်သူများသည် နှစ်စဉ် မျိုးကောင်းမျိုးသန့်များကိုသာ ဝယ်ယူ၍ အသုံးပြုကြောင်း၊ အများစုမှာ ဧရာပဒေသာ စပါးမျိုးကိုသာ အဓိက စိုက်ပျိုးလျက်ရှိပြီး ဧရာပဒေသာမျိုး တစ်တင်းလျှင် ကျပ် ၁၅၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ်တွင် မိုးရွာသွန်းမှုကောင်းသောကြောင့် အထွက်နှုန်း ပိုမိုကောင်းမွန်ကြောင်း၊ တောင်သူများသည် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲအသုံးပြုသောကြောင့် အခွံခိုက်နှုန်သက်သာပြီး လုပ်ငန်းများ တွင်ကျယ်လျက်ရှိကြောင်း၊ ယခင်က တောင်သူများသည် လယ်ထွန်ခြင်း၊ စပါးရိတ်သိမ်းခြင်း၊ စပါးသယ်ယူခြင်းများကို နွားများ၊ လူများကိုသာ အသုံးပြုသော်လည်း ယခုအခါ လယ်ထွန်စက်၊ ရိတ်သိမ်းခွေလှေစက်၊ ထော်လာကျီများကိုသာ အသုံးပြုလျက်ရှိကြောင်း၊ မိုးစပါး တစ်ဧက ကုန်ကျစရိတ် အနေဖြင့် မျိုးစေ့၊ စိုက်ပျိုးစရိတ်၊ ထွန်ယက်ခြင်းနှင့် ရိတ်သိမ်းခြင်း အပါအဝင် စုစုပေါင်းကုန်ကျငွေ ကျပ် ၄၁၀၀၀၀ ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၈၃-၈၅ တင်း ထွက်ရှိကြောင်း စပါးဈေးနှုန်းအနေဖြင့် ယခင်နှစ်တွင် ဧရာပဒေသာ တင်း ၁၀၀ လျှင် ကျပ် ၉၀၀၀၀-၉၅၀၀၀၀ ရှိသည်။ ယခုနှစ်တွင် စပါးအရည်အသွေးပေါ် မူတည်၍ ကျပ် ၈၅၀၀၀-၉၀၀၀၀၀ ရှိပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ကျပ် သုံးသိန်းခန့် ရရှိကြောင်း တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရှိရသည်။

ကျောက်ဆည်မြို့ရှိ ဆန်ဈေးနှုန်းအနေဖြင့် ဧရာပဒေသာ တစ်အိတ်လျှင် ၃၄၀၀၀-၃၅၀၀၀၊ မနောသုခ တစ်အိတ်လျှင် ကျပ် ၂၇၀၀၀ဖြင့် ရောင်းဝယ်လျက်ရှိပြီး ကျောက်ဆည်မြို့ရှိ ကုန်သည်၊စက်ပိုင်များသည် ပဲခူးတိုင်းမှ စပါးများအား ဝယ်ယူ၍ ကြိတ်ခွဲရောင်းချလျက်ရှိရာ ဖန်သီးသုခ တင်း ၁၀၀ လျှင် ကျပ် ၇၆၀၀၀၀- ၇၇၀၀၀၀ ဖြင့် စက်အရောက် ဝယ်ယူရပြီး ဖန်သီးသုခဆန် တစ်အိတ်လျှင် ၂၇၅၀၀ ကျပ် ၊ ဆန်ကွဲသည် ၃၀ ပိသာ တစ်အိတ်လျှင် ကျပ် ၂၁၀၀၀ နှင့် ဖွဲနု ၁၈ ပိသာ တစ်အိတ်လျှင် ကျပ် ၈၅၀၀-၉၀၀၀ ရောင်းချလျက် ရှိကြောင်း စုံစမ်းမေးမြန်းမှုအရ သိရသည်။

မြင့်မြင့်ဝင်း (ကျောက်ဆည်)

အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၁၁-၃-၂၀၂၂ ဒေါ်လာ/တန်

	ထိုင်း			ဗီယက်နမ်			အိန္ဒိယ			ပါကစ္စတန်		
	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်
ဆန်ပြူ ၁၀၀ %	၄၁၄	၄၃၅	△	-	-	-	-	-	-	-	-	-
ဆန်ပြူ ၅%	၄၁၉	၄၂၀	△	၄၁၉	၄၀၇	▽	၃၄၇	၃၄၇	□	၃၄၂	၃၄၂	□
ဆန်ပြူ ၁၀%	-	-	-	-	-	-	-	-	-	-	-	-
ဆန်ပြူ ၁၅%	-	-	-	-	-	-	-	-	-	-	-	-
ဆန်ပြူ ၂၅%	၄၁၄	၄၁၈	△	၃၈၂	၃၈၂	□	၃၂၇	၃၂၇	□	၃၃၅	၃၂၈	▽
ပေါင်းဆန်	၄၂၈	၄၂၆	▽	-	-	-	-	-		-	-	

Source: thairiceexporters

ပြည်တွင်းမြို့ကြီးများ၏ (၁၁-၃-၂၀၂၂)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

မြို့	ညွှန်မထအုပ်စု				ပေါ်ဆန်းအုပ်စု			
	စပါး		ဆန်		စပါး		ဆန်	
	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်	ယခု	ယခင်အပတ်နှင့် နှိုင်းယှဉ်ချက်
ဆန်ပိုဒေသများ								
မြည်	၇၃၀၀	△	၂၆၅၀၀	△	၉၀၀၀	□	၄၃၀၀၀	□
ပုသိမ်	၆၈၉၀	△	၂၆၅၀၀	△	၉၆၄၀	△	၃၉၅၀၀	△
ပဲခူး	၇၆၀၀	△	၂၈၀၀၀	△	၁၁၀၀၀	△	၄၅၀၀၀	△
ရွှေဘို	၉၀၀၀	□	၄၃၀၀၀	△	၁၅၀၀၀	△	၅၃၀၀၀	△
စစ်တွေ	၆၇၀၀	△	၂၇၀၀၀	△	၁၀၇၅၀	△	၄၃၀၀၀	△
ဆန်လိုဒေသများ								
နေပြည်တော်	၇၀၀၀	□	၂၇၀၀၀	□	-	-	၄၇၀၀၀	△
ရန်ကုန်(ဝါးတန်း)	၇၀၀၀	□	၂၇၀၀၀	□	-	-	၄၇၀၀၀	△
မန္တလေး	၇၅၀၀	△	၂၈၀၀၀	□	-	-	၅၂၀၀၀	□
မကွေး	၈၀၀၀	△	၂၈၀၀၀	△	-	-	၅၂၀၀၀	△
မော်လမြိုင်	၆၂၀၀	□	၂၈၆၀၀	△	၉၂၀၀	□	၄၅၅၀၀	△
မြိတ်	၇၄၀၀	□	၃၀၀၀၀	□	-	-	၄၉၀၀၀	□
ဘားအံ	၇၀၀၀	△	၂၅၅၀၀	□	-	-	၄၄၀၀၀	□

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညွှန်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

ဝန်ကြီးဌာနက အပတ်စဉ်ကျင်းပပြုလုပ်သည့် Thursday Talk အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မတ် ၃ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပပြုလုပ်ခဲ့သည့် Thursday Talk အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်ချီးမြှင့်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမှအီးယူသို့ တင်ပို့ဆန်အပေါ် Safeguard အစီအစဉ် ကျင့်သုံးခဲ့ခြင်းကိစ္စနှင့် ထိုင်းနိုင်ငံမှ တင်ပို့သော သကြားများအပေါ် ဗီယက်နမ်နိုင်ငံမှ Anti-dumping and Counter vailing Duty ဆိုင်ရာ နောက်ဆုံးစစ်ဆေးဆောင်ရွက်မှုအခြေအနေနှင့် ခေါင်းစဉ်ဖြင့် အရာထမ်းတစ်ဦးကလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာ အခြေခံခေါင်းစဉ်ဖြင့် အရာထမ်းတစ်ဦးကလည်းကောင်း လေ့လာပြုစု၍ အသီးသီး ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အရာထမ်းများက သိရှိလိုသည့် အချက်များအား မေးမြန်းခဲ့ပြီး ဖြည့်စွက်ရှင်းလင်းတင်ပြခြင်းများအား ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်းစုစုပေါင်း ၁၂၅ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို နံနက် ၁၁ နာရီတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

MOC (IR)

ပဲစင်းငုံ သိုလှောင်ခြင်း

ပဲစင်းငုံသည် ရာသီအလိုက်ထွက်ရှိသော သီးနှံဖြစ်သော်လည်း တစ်နှစ်ပတ်လုံး စားသုံးလျက်ရှိကြရာ ပဲစင်းငုံသိုလှောင်ခြင်းသည် ရိတ်သိမ်းချိန်လွန်နည်းပညာ၏ အရေးပါသောလက္ခဏာ အသွင်အပြင်တစ်ရပ်အနေဖြင့် တည်ရှိနေပေသည်။ သို့ပါ၍ ပဲစင်းငုံများကို တစ်နှစ်ပတ်လုံး ထောက်ပံ့တင်ပို့နိုင်မှုကို ထိန်းသိမ်းထားရှိရန်မှာ မှန်ကန်၍စနစ်ကျသော သိုလှောင်မှုတစ်ရပ် လိုအပ်ပါသည်။ ဤသို့ သိုလှောင်နိုင်ခြင်းဖြင့် သီးနှံ၏ အရည်အသွေးပျက်စီးမှုမှ ကာကွယ်ပေးသည့် အပြင် ပုံမှန်ရောင်းလိုအားနှင့် ဝယ်လိုအားကိုဖြစ်စေခြင်းဖြင့် ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အကူဖြစ်စေသည်။

သိုလှောင်ရာတွင် လေလွင့်ဆုံးရှုံးမှုများ၊ ပိုးမွှားကြွက်အဏု ဇီဝရုပ်ကြွင်းတို့ကြောင့် ပျက်စီးမှုမှာ အများဆုံးဖြစ်သည်။ သိုလှောင်မှုဆိုင်ရာ အထောက်အကူဖြစ်စေမှုများ အားနည်းခြင်းသည် စိုက်ပျိုးသူလယ်သမားများကို ယင်းတို့၏သီးနှံများအား ရိတ်သိမ်းခူးဆွတ်ပြီးနောက်ပိုင်း နိမ့်သောဈေးနှုန်းဖြင့် ရောင်းချမှုပြုရန် တွန်းအားဖြစ်စေသည်။ သို့ပါ၍ ပဲစင်းငုံများကို သိုလှောင်ထားစဉ် ပိုးမွှားနှင့်မှို ကျရောက်မှုကြောင့် ပျက်စီးမှုများမဖြစ်စေရန်နှင့် ကိုက်ဖြတ်စားတတ်သော တိရစ္ဆာန်များ၏ တိုက်ခိုက်ဖျက်ဆီးမှုမရှိစေဘဲ ကောင်းမွန်သော အခြေအနေတွင်ရှိနေစေရန်မှာ မရှိမဖြစ်လိုအပ်လျက်ရှိသည်။ ပဲစင်းငုံများကို စိတ်ချစွာ သိုလှောင်ထားနိုင်ရန် အောက်ပါလိုအပ်ချက်များကို ပြီးပြည့်စုံအောင်ဆောင်ရွက်ထားရှိသင့်သည်။

သိုလှောင်ရန်နေရာရွေးချယ်ခြင်း သိုလှောင်ရုံများကို မြင့်၍ ရေစီးဆင်းမှု ကောင်းသောနေရာတွင် တည်ဆောက်သင့်သည်။ လွယ်ကူစွာ သွားလာနိုင်သော နေရာဖြစ်သင့်သည်။ သိုလှောင်ရုံတည်ဆောက်မှုသည် နေရောင်ခြည် တိုက်ရိုက်ထိတွေ့ခြင်း၊ အပူဓာတ်များပြားခြင်း၊ စိုထိုင်းခြင်း၊ ပိုးမွှားများနှင့် ကိုက်ဖြတ်စားတတ်သော တိရစ္ဆာန်များအန္တရာယ်တို့မှ အကာအကွယ်ပေးနိုင်မှုရှိရမည်။ သိုလှောင်ရုံများသည် မြေမျက်နှာပြင်မှ အနည်းဆုံး တစ်ပေမြင့်ပြီး ကောင်းမွန်ခိုင် ခန့်စွာ ပြင်ညီတည်ဆောက်ထားသော အဆောက်အအုံ ဖြစ်ရမည်။ သို့မှသာ စွတ်စိုမှုမှကာကွယ်ပေးနိုင်မည်။

သိုလှောင်ရုံ တည်ဆောက်မှုရွေးချယ်ခြင်း သိုလှောင်မည့် ပဲစင်းငုံပမာဏအတိုင်း ဝင်ဆံ့နိုင်ရန် ရွေးချယ်သင့်သည်။

သိုလှောင်ရုံသန့်ရှင်းခြင်း ပဲစင်းငုံများ မသိုလှောင်မီ အဆောက်အအုံကို စနစ်တကျ သန့်ရှင်းမှုပြုလုပ်သင့်သည်။ သိုလှောင်ရုံတွင် သီးနှံများ ကျန်ရှိခြင်း၊ အပေါက်များ အက်ကွဲရာများမရှိစေရပါ။ ယင်းတို့သည် ပိုးမွှားများခိုလှုံရာအရပ်ဖြစ်ပေသည်။ သိုလှောင်မှုမပြုမီ သိုလှောင်ရုံအား ပိုးသတ်မှိုင်းတိုက်ခြင်း ပြုလုပ်ပေးသင့်သည်။

ပဲစင်းငုံများကိုသန့်စင် အခြောက်ခံခြင်း သိုလှောင်မှုမပြုမီ ပဲစင်းငုံများကို စနစ်တကျမှန်ကန်စွာ သန့်စင်ခြင်း၊ အခြောက်ခံခြင်းတို့ကို ပြုလုပ်သင့်သည်။ သီးနှံတွင် အခြားပစ္စည်းများ ပါရှိမှု မရှိစေရန်နှင့် အရည်အသွေးပျက်စီးခြင်း၊ ပိုးမွှားများကျရောက်ခြင်းတို့မှ ရှောင်ရှားနိုင်ရန် အစိုဓာတ်များပြားခြင်း မရှိစေရန် ဆောင်ရွက်ရမည်။

ထုပ်ပိုးအိတ်များသန့်စင်ခြင်း ပဲစင်းငုံ သိုလှောင်ရာတွင် ဖြစ်နိုင်ပါက အိတ်အသစ်များကိုသာ အသုံးပြုသင့်သည်။ အိတ်အဟောင်းများ အသုံးပြုလိုလျှင် ယင်းတို့ကို စနစ်တကျမှန်ကန်စွာသန့်စင်ခြင်း၊ အခြောက်ထားရှိခြင်းနှင့် ပိုးသတ်မှိုင်းတိုက်ခြင်းများကို အသုံးမပြုမီ ဆောင်ရွက်ထားရမည်။

သီးနှံအသစ် အဟောင်းခွဲခြား၍ ပိုင်ပုံထားရှိခြင်း သီးနှံတွင် ပိုးကျရောက်မှုများကို စစ်ဆေးနိုင်ရန်နှင့် သိုလှောင်ရုံကို ကျန်းမာရေးနှင့်ညီညွတ်စွာ ထိန်းသိမ်းနိုင်ရန် သီးနှံအဟောင်းအသစ်ခွဲခြား၍ ပိုင်ပုံထားရှိသင့်သည်။

သယ်ယူပို့ဆောင်သည့် ယာဉ်များသန့်ရှင်းခြင်း ပဲစင်းငုံသယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုမည့်ယာဉ်များကို ဗီနိုင်းဖြင့် စနစ်တကျ မှန်ကန်စွာ၊ သန့်ရှင်းစွာထားရှိသင့်သည်။

သီးနှံတင်ခုံများအသုံးပြုခြင်း ကြမ်းခင်းများမှ အစို ဓာတ်စုပ်ယူခြင်းမှ ရှောင်လွှဲနိုင်ရန် သီးနှံအိတ်များကို ပိုင်ပုံခြင်းမပြုမီ သီးနှံတင်ခုံများ အသုံးပြုရမည်။ သီးနှံအိတ်များကို သစ်သားခုံ (သို့မဟုတ်)ဝါးဖျာပေါ်တွင် ပေါ်လီသင်းအစ ဖုံးအုပ်ထားသည့်အပေါ်၌ ထားရှိသင့်သည်။

လေဝင်လေထွက်မှန်ကန်စေခြင်း ရာသီဥတု ကြည်လင်သာယာနေသောအခြေအနေတွင် လေစီးဆင်းမှုကို စနစ်တကျ မှန်ကန်စွာ ရှိနေသင့်သော်လည်း မိုးရာသီတွင် လေစီးဆင်းမှုမှရှောင်ရှားနိုင်ရန် ဂရုပြု ဆောင်ရွက်သင့်သည်။

ပုံမှန်စစ်ဆေးခြင်း သိုလှောင်ထားသော ပဲစင်းငုံများကို ပိုးကျရောက်မှု ရှိ/မရှိ ပုံမှန်စစ်ဆေးခြင်းကို ပြုလုပ်သင့်သည်။ ပိုင်ပုံကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေးအတွက် ထိန်းသိမ်းရန်မှာလည်း လိုအပ်ချက်တစ်ခုဖြစ်သည်။

ပဲစင်းငုံသီးနှံများ သိုလှောင်မည့် လုပ်ငန်းရှင်များအနေဖြင့် ဖော်ပြပါလိုအပ်ချက်များကို သိရှိလိုက်နာခြင်းဖြင့် သီးနှံအရည်အသွေးများကျဆင်းခြင်း၊ ပိုးမွှားကျရောက်ခြင်းစသည့် မလိုလားအပ်သော ဆုံးရှုံးမှုများမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း မျှဝေရေးသားလိုက်ရပါသည်။

ကိုးကား-ရိတ်သိမ်းချိန်လွန်နည်းပညာအသုံးချဌာန
ခင်ပဝနိုင်(မန္တလေး)

ဘီးလင်းမြို့နယ်အတွင်းရှိ ပဲတီစိမ်းနှင့် ပဲလွမ်းဖြူ ဈေးနှုန်း အခြေအနေ

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ပဲတီစိမ်းနှင့် ပဲလွမ်းဖြူ ဈေးနှုန်းများမှာ ယခင်နှစ်ထက် ဈေးနှုန်းပိုမိုရရှိနေပြီး ယခုလက်ရှိပဲတီစိမ်းပေါက်ဈေးနှုန်းမှာ ပိဿာ ၂၀ ဝင် တစ်တင်းလျှင် ၄၅၀၀၀ ကျပ်နှင့် ပဲလွမ်းဖြူမှာ ပိဿာ ၂၀ ဝင် တစ်တင်းလျှင် ၃၀၀၀၀ ကျပ်ရရှိပြီး ယခင်နှစ် ပဲတီစိမ်းဈေးနှုန်းမှာ ပိဿာ ၂၀ ဝင် တစ်တင်းလျှင် ၃၆၀၀၀ ကျပ်နှင့် ပဲလွမ်းဖြူမှာ ပိဿာ ၂၀ ဝင် တစ်တင်းလျှင် ၂၈၀၀၀ ကျပ်ရရှိခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ပဲတီစိမ်းနှင့် ပဲလွမ်းဖြူများကို ပဲခူးမြို့ရှိ ပွဲရုံများသို့ တင်ပို့နေကြောင်း သိရှိရသည်။

ဘီးလင်းမြို့နယ်တွင် ပဲတီစိမ်းနှင့် ပဲလွမ်းဖြူစိုက်ကေမှာ ၁၇၂၇၄ ကေရှိပြီး ယခုနှစ်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် အထွက်နှုန်းများကျဆင်းခဲ့ပြီး တစ်ကေအထွက်နှုန်း ၁၂ တင်း ဝန်းကျင်သာထွက်ရှိကြောင်း သိရှိရသည်။

ညီလွင်အေး (ဘီးလင်း)

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၉သန်းဖိုးခန့်ဆောင်ရွက်

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ယခုဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၅၅၇သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၆သမ ၄၂၂သန်းဖိုး ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၂၈ ဒသမ ၉၇၉သန်းဖိုး ဆောင်ရွက်ခဲ့သည်။

ယမန်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်အမေရိကန်ဒေါ်လာ ၁၆သမ ၉၅၂သန်း ပိုမိုဆောင်ရွက်နိုင်ပြီး သွင်းကုန် အမေရိကန်ဒေါ်လာ ၃သမ ၈၃၉သန်း လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆သမ ၈၈၇သန်း လျော့နည်းခဲ့သည်။

အနီးစပ်ဆုံးဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ပို့ကုန် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၇၇ သန်း လျော့နည်းပြီး သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၆၄၈ သန်းပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၂၉ သန်း လျော့နည်းခဲ့သည်။

ယမန်နှစ်ကာလတူထက် ပို့ကုန်တန်ဖိုးပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် အခြားပစ္စည်းများပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်လျော့နည်းရခြင်းမှာ ရင်းနှီးမြှုပ်နှံမှု ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း တင်သွင်းမှုလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။

အနီးစပ်ဆုံးကာလထက် ပို့ကုန်လျော့နည်းရခြင်းမှာ လယ်ယာထွက်ကုန်၊ ရေထွက်ကုန်၊ သစ်တောနှင့် အခြားပစ္စည်းများ တင်ပို့မှုလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်ပြီး သွင်းကုန်ပိုမိုရခြင်းမှာ ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းသုံးနှင့် လူသုံးကုန်ပစ္စည်းများ ပိုမိုတင်သွင်းခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ကော့သောင်းကုန်သွယ်ရေးစခန်းမှ သိရှိရသည်။

CJ

မူပိုင်ခွင့်ဦးစီးဌာနဝန်ထမ်းများအတွက် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်လှစ်ပို့ချ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေနှင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေတို့၏ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များ အပါအဝင် မူပိုင်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေများ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့် ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်တို့ကို သိရှိနားလည်စေရန်အတွက် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို မတ် ၇ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၅၂) တွင် ကျင်းပပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က အဖွင့်အမှာစကားပြောကြားရာ၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းသည် မူပိုင်ခွင့်ဦးစီးဌာနအတွက် အရေးကြီးသော သင်တန်းတစ်ခုဖြစ်ကြောင်း၊ မူပိုင်ခွင့်ဦးစီးဌာန၏ လုပ်ငန်းသဘာဝ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်မှာရှိသော ဦးစီးဌာနအသီးသီး၏ လုပ်ငန်းသဘာဝများကို သိရှိနားလည်စေရန်အတွက်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သင်တန်းတွင် သင်ယူရခြင်းဖြင့် ဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို သိရှိနားလည်စေမည်ဖြစ်ကြောင်း၊ ဝန်ထမ်းတစ်ယောက်အနေဖြင့် ရှိသင့်ရှိထိုက်သော စိတ်ဓာတ်၊ ရသင့်ရထိုက်သော အခွင့်အရေးများ၊ ဝန်ထမ်းများအားနားလည်သင့် နားလည်ထိုက်သော အသိပညာ ဗဟုသုတများရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံး ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းမှ ပို့ချသောသင်ခန်းစာများအား သိရှိလိုက်နာ ဆောင်ရွက်နိုင်ကြပြီး ကိုယ်ပိုင်အရည်အချင်းများနှင့် လုပ်ငန်းတာဝန်များကို အကောင်းဆုံးမြှင့်တင်နိုင်ကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားသွားသည်။

အဆိုပါသင်တန်း ဖွင့်လှစ်ပို့ချမှုကြောင့် မူပိုင်ခွင့်ဦးစီးဌာန၏ ရုံးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ထမ်းများနှင့်ပတ်သက်သော ဥပဒေနှင့် နည်းဥပဒေများ၊ အသိပညာ ဗဟုသုတများနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းတာဝန်များအား သိရှိနားလည်ပြီး စွမ်းဆောင်ရည်မြင့်မားသော ဝန်ထမ်းကောင်းများ ဖြစ်လာစေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

သင်တန်းဖွင့်ပွဲသို့ မူပိုင်ခွင့်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား/သူ ၃၈ ဦးနှင့် လေ့လာသူ ၁၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် မူပိုင်ခွင့်ဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဥပဒေများ၊ မူပိုင်ခွင့်ဦးစီးဌာနရှိ ဌာနခွဲအသီးသီးမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာနများမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်များကို ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၇ ရက်မှ ၁၁ ရက်အထိ ငါးရက် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများ၊ လေ့လာသူများ၊ စုစုပေါင်း ၅၅ ဦး တက်ရောက်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်း ဖွင့်လှစ်ပို့ချမှုကြောင့် မူပိုင်ခွင့်ဦးစီးဌာန၊ (ရုံးချုပ်) တည်ရှိရာ ရုံးအမှတ် (၅၂) နေပြည်တော်နှင့် အောက်မြန်မာပြည်ရုံးခွဲ (ရန်ကုန်)၊ အထက်မြန်မာ ပြည်ရုံးခွဲ (မန္တလေး)တို့ ဖွင့်လှစ်ပါက တာဝန်ချထားမည့် Helpdesk ဝန်ထမ်းများအနေဖြင့် မူပိုင်ခွင့်ဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို မေးမြန်းစုံစမ်းလာပါက အမြန်ဆုံး ပြန်လည်ဖြေကြားပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **IP**

မြန်မာ့ဆိပ်ကမ်းတွင် ၁၁ .၃ . ၂၀၂၂ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

(က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

ဆိပ်ကမ်းအမည်	သင်္ဘောအမည်	ကုန်တင်/ကုန်ချအခြေအနေ
အေးရှားဝေါလ်ဆိပ်ကမ်း(၃)	KOTA HIDAYAH	ကုန်သေတ္တာ ၉၃၅ တင်
အလုံဆိပ်ကမ်း(၁)	PIONEER FORTUNE	Y'Maize (In Bulk) ၂၀၀၀၀ တန်တင်
အလုံဆိပ်ကမ်း(၃)	BLUE LOTUS	Pulses ၁၁၈၀၀ တန်တင်
စက်မှုဆိပ်ကမ်း(၁)	DA PING	ကုန်သေတ္တာ ၂၃၅ တင် ၄၈၃ ချ
စက်မှုဆိပ်ကမ်း(၂)	ARGENA EXPRESS	ကုန်သေတ္တာ ၇၃၀ တင် ၁၀၄၇ ချ
စက်မှုဆိပ်ကမ်း(၃)	SINAR BANDA	ကုန်သေတ္တာ ၈၆၅ တင် ၆၅၁ ချ
စက်မှုဆိပ်ကမ်း(၄)	MNTOFIE MAERSK	ကုန်သေတ္တာ ၁၁၆၁ တင် ၃၈၆ ချ
ဆူးလေဆိပ်ကမ်း(၄)	CANOPUS	Rice(In Bulk) ၂၃၅၀၀ တန်တင်
ဆူးလေဆိပ်ကမ်း(၅)	DIONE	Rice(In Bulk) ၂၀၀၀၀ တန်တင်
MIPL	UNIVERSE PROSPERITY	Steel တန်ချိန် ၂၅၀၀၀ ချ
သီလဝါဆိပ်ကမ်း(၁)	PANIA BHUM	ကုန်သေတ္တာ ၄၅၇ တင် ၄၅၁ ချ
သီလဝါဆိပ်ကမ်း(၄)	OCEAN PILGRIM	Steel Product တန်ချိန် ၂၁၄၁၅ ချ
WILMAR JETTY	MCL-16	Cement တန်ချိန် ၃၀၀၀ ချ
သီလဝါဆိပ်ကမ်းသစ်(၁)	HAN THAR	wire red in coils ၅၉၄၆ ချ
MKH	MCL 21	Cement တန်ချိန် ၃၇၁၀၃ချ

(ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

သင်္ဘောအမည်	ကုန်အမျိုးအစား	လာ/သွားရောက်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
KIWELI	Rices(In Bulk),၃၀၀၀၀ တန်တင်ရန်	BELGIUM	၁၄.၃.၂၀၂၂
PHU AN 289	Rice(In Bulk) ၄၈၀၀ တန်တင်ရန်	PHILIPPINE	၁၄.၃.၂၀၂၂
PATTARA PUN	MOLASSES, ၂၀၀၀တန်တင်ရန်	THAILAND	၁၄.၃.၂၀၂၂
ATALANTIC TRADE	Rice,23500 တင်ရန	SPAIN	
ANIS WISDOM ML	Wheat(In Bulk), ၂၅၅၀၀တန်တင်ရန်	INDIA	၁၄.၃.၂၀၂၂
TJHARVEST	Steel 22000 တန်ချရန်	CHINA	၁၅.၃.၂၀၂၂
LOTUS LEADER	Unit Vehicle (RO/RO)141 ချရန်	JAPAN	၁၆.၃.၂၀၂၂
NY STRAS	Soy Beam Meal, ၂၀၀၀၀ တန်ချရန်	BRAZIL	၂၀.၃.၂၀၂၂

(ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

သင်္ဘောအမည်	လာမည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ဆိပ်ကမ်း	ဆိုက်ကပ်မည့်ရက်
VENUS C	SINGAPORE	စက်မှုဆိပ်ကမ်း	၁၃.၃.၂၀၂၂
NUUK MAEAK	SINGAPORE	သီလဝါဆိပ်ကမ်း	၁၄.၃.၂၀၂၂
MAERSK VALENCIA	SINGAPORE	စက်မှု /သီလဝါဆိပ်ကမ်း	၁၅.၃.၂၀၂၂
PRESIDIO	SINGAPORE	အေးရှားဝေါလ်/ထီတန်းဆိပ်ကမ်း	၁၅.၃.၂၀၂၂
XING PING	SINGAPORE	အေးရှားဝေါလ်/ထီတန်းဆိပ်ကမ်း	၁၅.၃.၂၀၂၂
SINA BANDA	SINGAPORE	စက်မှုဆိပ်ကမ်း	၁၅.၃.၂၀၂၂
MAERSK NASSIO	SINGAPORE	စက်မှု /သီလဝါဆိပ်ကမ်း	၂၃.၃.၂၀၂၂
RESOLUTION	SINGAPORE	စက်မှုဆိပ်ကမ်း	၂၃.၃.၂၀၂၂
ISEACO WISDOM	SINGAPORE	အေးရှားဝေါလ်/ထီတန်းဆိပ်ကမ်း	၂၅.၃.၂၀၂၂
MAERSK NORISUNG	SINGAPORE	စက်မှု /သီလဝါဆိပ်ကမ်း	၂၅.၃.၂၀၂၂
KOTA HIDYAN	SINGAPORE	အေးရှားဝေါလ်ဆိပ်ကမ်း	၂၇.၃.၂၀၂၂

စားအုန်းဆီ၊ ဒီဇယ်၊ ဓာတ်ဆီ ကုန်သင်္ဘောအဝင်စာရင်းထုတ်ပြန်ခြင်းမရှိပါ။

ပြောင်းတင်ပို့မှု တန်ချိန်တစ်သိန်းခန့် တင်ပို့

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းမှ ပြောင်းတင်ပို့မှု တန်ချိန် ၉၅၃၀၀ ကျော် တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၄ ဒသမ ၁၆၇ ခန့်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြောင်းတင်ပို့မှုအနေဖြင့် ဗီယက်နမ်နိုင်ငံသို့ ပြောင်းတန်ချိန် ၆၅၃၀၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၅၆၀၀ ကျော်၊ ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၂၆၀၀ ကျော်နှင့် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၁၇၆၀ကျော် အသီးသီး တင်ပို့ခဲ့သည်။ **အေးအေးသန့် (DOT)**

ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ဖော်ပြမှုရှိစေရေး လုပ်ငန်းရှင်နှင့်တွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီး ဌာန(ရုံးချုပ်)မှ Zoom Webinar စနစ်ဖြင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ တွေ့ဆုံဟောပြောပွဲကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ စီးပွားရေးလုပ်ငန်းရှင်၊ SMEလုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်နှင့် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေတို့က အဖွင့်အမှာစကား ပြောကြားကြသည်။ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နှင့် အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားဆိုင်ရာကိစ္စနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူး ဒေါက်တာစိမ့်သန္တာထွန်းက ရှင်းလင်းပြောကြားပြီး Online Filling System (wipo File) စနစ်ဖြင့် အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားခြင်းဆိုင်ရာကိစ္စနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူး ဒေါက်တာမေဖြိုးသွယ်က ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်နှင့် SME လုပ်ငန်းရှင်များ၏ သိရှိလိုသည့် မေးမြန်းခြင်းအပေါ် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်း/နည်းဌာနခွဲ၊ စားသုံးသူရေးရာဦးစီးဌာန ရခိုင်ပြည်နယ်၊ စစ်တွေမြို့

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ကြက်သွန်

ဈေးအနည်းငယ် မြင့်တက်သွားသည့် ဆိတ်ဖြူကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ်၁၀ ရက်အတွင်း ဆိတ်ဖြူမြို့မှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိပြီး တစ်ပတ်အတွင်း ကြက်သွန်နီ တစ်ပိသာဈေးနှုန်းများမှာ ဆိတ်ဖြူကြက်သွန်နီ (ရှယ်စ) ကျပ် ၈၅၀၊ လတ်ကြီး ကျပ် ၈၅၀၊ လတ်သန့် ကျပ် ၇၂၅ နှင့် လတ်ချော ကျပ် ၅၂၅ ဈေးနှုန်းအသီးသီးဖြစ်သည်။ တစ်ပတ်အတွင်း ဆိတ်ဖြူ (ရှယ်စ) ကျပ် ၂၂၅၊ လတ်ကြီး ကျပ် ၂၅၀၊ လတ်သန့် ကျပ် ၂၀၀ နှင့် လတ်ချော ကျပ် ၁၇၅ခန့် အသီးသီး ဈေးမြင့်တက်ခဲ့သည်။

ရန်ကုန်မြို့အတွင်း လက်လီပြန်လည်ရောင်းချသူများက ဝယ်ယူခဲ့ကြကြောင်း ဘုရင့်နောင် ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှု မှာ တစ်နေ့လျှင် ပျမ်းမျှကားစီးရေ ၃၄ စီး ခန့်နှင့် တစ်ပတ်အတွင်း စုစုပေါင်း ၃၀၅ စီး ဝင်ရောက်ခဲ့ပြီး တစ်နေ့လျှင် ကြက်သွန်နီပျမ်းမျှ ၂၀၃၃၃၃ ပိသာခန့်ဖြင့် တစ်ပတ်အတွင်း စုစုပေါင်းပိသာချိန် ၁၈၃၀၀၀၀ ဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးမှ သိရသည်။

ရွှေဝါထွန်း (မြင့်တင်ပြည်တွင်း-ရန်ကုန်)

အာလူး

ပြည်အာလူး အရောင်းအဝယ်ပုံမှန်ဖြစ်

ပြည်အာလူးပွဲရုံများသို့ တစ်ပတ်လျှင်အိတ် ၁၅၀-၃၀၀ ခန့် အောင်ပန်းမှ အဝင်ပုံမှန်ရှိသည်။ ရှမ်းအာလူးဆိုဒ်စုံအဝင်ရှိပြီး အရည်အသွေးပေါ်မူတည်၍ ပွဲရုံဈေးတစ်ပိသာလျှင် ကျပ်၁၅၀၀-၁၈၀၀ ဖြစ်ပြီး လက်လီဈေးတစ်ပိသာလျှင် ကျပ် ၂၀၀၀-၂၅၀၀၊ တရုတ်အာလူးမှာ တစ်ပိသာလျှင် (ပွဲရုံဈေး) လက်ကား တစ်ပိသာလျှင် ကျပ် ၁၇၀၀-၂၀၀၀ ဖြင့်လည်းကောင်း၊ လက်လီဈေး တစ်ပိသာ လျှင် ၂၂၀၀-၂၃၀၀ကျပ်ဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဒေသတွင်း အာလူးကြော်လုပ်ငန်း၊ မုန့်လုပ်ငန်းရှင်နှင့် လက်လီအရောင်းသမားများမှ အဝယ်ရှိကြောင်း သိရသည်။

ဆုမွန်ဆွေ (မြည်)

ရှမ်း (တောင်)မှ အာလူး ယခင်နှစ်ထက် ဈေးကောင်းရ

စားဖိုဆောင်သီးနှံများအနက် အာလူးသည်လည်း လူတို့ နေ့စဉ်စားသုံးနေသော ဟင်းလျာတွင် ပါဝင်လျက်ရှိသည်။ အာလူးကို ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ ဟဲဟိုးနှင့် နောင်တရားမြို့များတွင် အများအပြား စိုက်ပျိုးလျက်ရှိကြသည်။ အာလူးကို မိုးရာသီနှင့် ဆောင်းရာသီတွင် စိုက်ပျိုးကြသည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ၏ ၂၀၂၁-၂၀၂၂ ခုနှစ် စိုက်ဧကမှာ ၃၉၇၃၃ ဧကရှိပြီး ထွက်ရှိမှုမှာ ပိသာ ၁၄၇၆၃၃၀၀၀ ဖြစ်သည်။ ထို့ကြောင့် အာလူးသည် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် စားသုံးပိုလျှံ သီးနှံတစ်ခုဖြစ်ပြီး တစ်နှစ်လျှင် ပိသာချိန် ၁၁၆၂၅၂၅၃ ခန့် ပိုလျှံသည့် သီးနှံဖြစ်သည်။ ယခုနှစ်တွင် အာလူးဈေး အနည်းငယ် ကောင်းမွန်ပြီး ယခင်နှစ်က S1 လက်ကားဈေးမှာ တစ်ပိသာလျှင် ကျပ် ၁၅၀၀ ဖြစ်ပြီး ယခုနှစ်တွင် ၁၈၀၀ ကျပ်၊ လက်လီဈေးမှာ တစ်ပိသာလျှင် ၂၀၀၀ ကျပ်မှ ယခုအခါ ၂၃၀၀ ကျပ်အထိ ဈေးကောင်းရရှိသည်။ S2 လက်ကားဈေးမှာ ယခင်နှစ် ကာလတူ ပေါက်ဈေးအရ တစ်ပိသာလျှင် ၁၈၀၀ ကျပ်ဖြစ်ပြီး ယခုနှစ်တွင် တစ်ပိသာ ၂၁၀၀ ကျပ်အထိ ရရှိသည်။

လက်လီဈေးအရ ယခင်နှစ် ကာလတူပေါက်ဈေး ၂၅၀၀ ကျပ်ဖြစ်ပြီး ယခုနှစ် တွင် ၂၈၀၀ ကျပ်အထိ ဈေးကောင်းရရှိသည်။ ရှမ်းတောင်မှ ထွက်ရှိသော အာလူးများကို တစ်နိုင်ငံလုံးရှိ နေရာအနှံ့အပြားသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ယခုအချိန်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)သို့ ဆင်ဖြူကျွန်းမှ အာလူးများ ဝင်ရောက်လျက်ရှိသောကြောင့် ဈေးများ အနည်းငယ် ကျဆင်းမှုရှိကြောင်း သိရသည်။

ခိုင်ခိုင်သူ(TGI)

ချင်း

လွိုင်ကော် ချင်းဈေးကွက်

လွိုင်ကော်မြို့ဈေးကွက်အတွင်းသို့ ဝင်ရောက်လာသော ချင်းများမှာ ရှမ်းတောင်ဒေသမှထွက်ရှိသော ချင်းများဖြစ်ပြီး ချင်းကို စားဖိုဆောင်တွင်အများဆုံး အသုံးပြုသော်လည်း ကျန်းမာရေးအတွက် ချင်းကိုဆေးဖက်ဝင်ပစ္စည်းများပြုလုပ်ရာတွင်လည်း အသုံးပြုကြသည်။ လက်ရှိဈေးကွက်အတွင်း ဖြစ်ပေါ်လျက်ရှိသော ချင်း ဈေးနှုန်းများမှာ (အသေး)တစ်ပိသာလျှင် ကျပ် ၃၈၀၀ မှ ၄၀၀၀ ဖြစ်၍ လိုးစား ချင်း ချင်း(ကြီး) တစ်ပိသာလျှင် ကျပ် (၂၀၀၀)ဖြင့် ဈေး နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ချင်းရောင်းချသူများထံမှ သိရှိရသည်။

အေးအေးမော်

အရောင်းအဝယ် ပုံမှန်ရှိနေသည့် ပြည်ချင်းဈေးကွက်

ပြည်ချင်းပွဲရုံသို့ အောင်ပန်းချင်းပုံမှန် ဝင်ရောက်လျက်ရှိနေပြီး ယခုတစ်ပတ် ချင်းဈေး အတက်အကျမရှိဘဲ ဈေးငြိမ်နေသည်။ ချင်းတက်အရည်အသွေးကောင်းပြီး ဒေသတွင်း လက်လီ အရောင်း အဝယ်သမားများသာ အဝယ်ရှိနေသည်။ ယခုတစ်ပတ် ချင်းဈေးမှာ (ပွဲရုံ) ဈေး ၁၂၀၀၊ ၁၄၀၀ ကျပ်ဈေးမှ နှင့် လက်လီကတော့ ၁၅၀၀၊ ၁၈၀၀ ကျပ်ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိနေသည်။ မားလှီးချင်းဖတ် တစ်ပိသာလျှင် ၂၅၀၀ ကျပ်ဈေးဖြစ်ကြောင်း သိရသည်။

ဝင်းဝင်းခိုင် (မြည်)

နှမ်း

ပြည်ဈေးကွက်တွင် နှမ်းနှင့် နှမ်းဆီဈေးများ မြင့်တက်

ပြည်ဈေးကွက်တွင် ယခုတစ်ပတ်၌ နှမ်းသီးနှံဈေးများ ဆက်လက်မြင့်တက်လာသည်။ ယခုအချိန်သည် နွေနှမ်းများ စိုက်ပျိုးချိန်ဖြစ်သည့်အတွက် ဈေးကွက်တွင် နှမ်းဝင်ရောက်မှုမရှိဘဲ လျော့နှမ်းများဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ပြည်ဈေးကွက်မှ နှမ်းနီနှင့် နှမ်းနက်များကို အညာဒေသများဖြစ်သော ကျောက်ပန်းတောင်း၊ ပခုက္ကူနှင့် မြင်းခြံ ဘက်မှ ဝယ်လက်အချို့က လာရောက်အဝယ်ရှိသဖြင့် တစ်နေ့လျှင် နှမ်းအိတ် ၄၀၀/၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိ သည်။ မြို့တွင်းရှိ ဆီစက်များကလည်း နှမ်းဈေးများမြင့်တက်သော်လည်း ဆီကြိတ်ရန်အတွက် ရသလောက် ဝယ်ယူမှုရှိသည်။ နှမ်းသီးနှံမှာ ယခုအချိန်တွင် စားသုံးဆီဈေးများ မြင့်မားလာမှုကြောင့် တစ်ပိုင်တစ်နိုင် ဆီစက်သမားများကလည်း မိမိတို့စားသုံးရန်အပြင် နီးစပ်ရာ နှမ်းဆီစားသုံးသူများကိုလည်း ဆီကြိတ်၍ ရောင်းချသဖြင့် ဝယ်လိုအားများလာမှုကြောင့် ယခင်တစ်ပတ်ထက် ဈေးများဆက်လက်မြင့်တက်လာခဲ့သည်။ ယခုတစ်ပတ် နှမ်းဈေးများမှာ နှမ်းနီသုံးတင်း တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ နှမ်းနက် သုံးတင်း တစ်အိတ်လျှင် ကျပ် ၁၈၀၀၀၀ နှင့် စပုံနက်နှမ်း သုံးတင်းတစ်အိတ်လျှင် ကျပ် ၂၁၀၀၀၀ ဖြင့် ဈေးမြင့်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ နှမ်းသီးနှံဈေးများ မြင့်တက်လာသလို နှမ်းဆီဈေးမှာလည်း တစ်ပိသာလျှင် ကျပ် ၈၁၀၀ မှ ၈၅၀၀ ထိ ပြည်ဈေးကွက်တွင် ရောင်းချလျက်ရှိသည်။

ဝေဝေမင်း (မြည်)

၂၄-၂-၂၀၂၂မှ ၈-၃-၂၀၂၂ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း							
No	Form Tpye	New	Amend	Extension	Cancel	True Copy	Total
1.	Certificate of Origin (COs)						
	Form A	734	17	-	-	-	751
	Form AANZ	35	2	-	-	-	37
	Form AHK	5	-	-	-	-	5
	Form AI	70	7	-	-	-	77
	Form AJ	32	2	-	-	-	34
	Form AK	348	18	-	-	-	366
	Form CHINA	-	-	-	-	-	0
	Form D	-	-	-	-	-	0
	Form DFTP	95	8	-	-	-	103
	Form E	680	42	-	-	-	722
	Form Korea	42	4	-	-	-	46
	E Form D	435	-	-	-	-	435
2.	Product Card	-	-	-	-	-	0
3.	Certified Exporter	-	-	-	-	-	0
	Total	2476	100	-	-	-	2576

ကြော်ငြာစာ

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မတ် လ ၉ ရက်

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်ရှိ ဆပွလိုင်းကုန်း မြေ-၂၇ (၈၀'x၄၀'x၁၅') (သွပ်၊အုတ်၊ကွန်) သိုလှောင်ရုံအား (မြေမပါ) အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည် ဖြစ်ပါသည်။

၂။ အဆိုပါ မြေ-၂၇ သိုလှောင်ရုံအား (၂၂.၃.၂၀၂၂)နေ့ နောက်ဆုံးထား၍ အဆိုပြု လျှောက်လွှာ ဝယ်ယူရမည် ဖြစ်ပါသည်။ အဆိုပြုလွှာနှင့်အတူ မိမိဌာနမှ ငွေစာရင်း Account ဖွင့်လှစ်ထားသော မြန်မာ့စီးပွားရေးဘဏ်များတွင် Deposit ပေးသွင်းထားသော P.O Cheque ပူးတွဲတင်ပြရပါမည်။ ရုံးအမှတ်(၃)၊ နေပြည်တော်၌ အိတ်ဖွင့်တင်ဒါ ယှဉ်ပြိုင်ရမည်ဖြစ်ပြီးတင်ဒါ ယှဉ်ပြိုင်ရမည့်နေ့ကို ထပ်မံအကြောင်းကြားပါမည်။

၃။ စိတ်ဝင်စားသူများသည် သတ်မှတ်ရက်အတွင်း အဆိုပြုလျှောက်လွှာ ဝယ်ယူနိုင်ပြီး ၎င်းရက်ထက်ကျော်လွန်ပါက လျှောက်လွှာများကိုရောင်းချမည် မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၄၂-၂၄၅၂၁ နှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တိုင်းဒေသကြီးဦးစီးမှူး
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
စားသုံးသူရေးရာဦးစီးဌာန

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ဖေဖော်ဝါရီလအတွင်း တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံးကာလထက် ကုန်သွယ်မှုပိုမိုဆောင်ရွက်

၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ လျာထားချက်အပေါ် ပို့ကုန်သွင်းကုန် ကုန်သွယ်မှုပမာဏ ၆၆ ဒသမ ဝ၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်း ပို့ကုန် တန်ဖိုးအမေရိကန် ဒေါ်လာ ၇ဒသမ ၅၅၀ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၅၂ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၂၀၂ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့သည်။ ယမန်နှစ်ကာလတူတွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၇၃၇ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ကာလတူနှိုင်းယှဉ်ချက်အရ ပို့ကုန် အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၁၈၇ သန်း တင်ပို့မှုလျော့နည်းခဲ့သည်။ ယမန်နှစ်ကာလတူတွင် သွင်းကုန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၀၆ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့သဖြင့် ကာလတူနှိုင်းယှဉ်ချက်အရ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၉၄၆ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။ ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၂၄၁ သန်း လျော့နည်းခဲ့ကြောင်း သိရှိရသည်။

အနီးစပ်ဆုံး ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၀၂ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် အနီးစပ်ဆုံးကာလ နှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၂ဒသမ၅၄၈ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း သွင်းကုန် အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၇၆ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ပြီး ဖေဖော်ဝါရီလတွင် သွင်းကုန် ၅ ဒသမ ၆၅၂ သန်းဖိုး ဆောင်ရွက်နိုင်သဖြင့် အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ချက်ပါက သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂၄ သန်း လျော့နည်းတင်သွင်းခဲ့သည်။ ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၄ သန်းဖိုး ပိုမိုဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ကာလတူ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအမှန်လုပ်ငန်းဆောင်ရွက်မှုနှင့် နှိုင်းယှဉ်ပါက ပို့ကုန်လျော့နည်းရခြင်းမှာ ကုန်ပစ္စည်း တစ်မယ် ချင်းအနေဖြင့် ဆန်၊ ပြောင်း၊ ရော်ဘာစေး၊ ကြက်သွန်နီ၊ လက်ဖက်ခြောက်၊ ကြက်သွန်ဖြူ၊ တစ်သျှူး ငှက်ပျော၊ ရွှေဖရုံသီး၊ ဝဲဥခြောက်၊ Manganese Dioxide တံမြက်စည်းတို့ တင်ပို့မှုလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။

သွင်းကုန် ပိုမိုရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများအုပ်စုတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၀ သန်း လျော့နည်းခဲ့သော်လည်း လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများအုပ်စုတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄၉ သန်းနှင့် လူသုံးကုန်ပစ္စည်းများအုပ်စုတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၆၇ သန်းဖိုး ပိုမိုခဲ့ခြင်းကြောင့်ဖြစ်သည်။

အနီးစပ်ဆုံးကာလ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ နှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် ပိုမိုရခြင်းမှာ လယ်ယာထွက်ပစ္စည်းအုပ်စုတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဝ၄ သန်း၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၇၉ သန်း၊ စက်မှုကုန်ချောအုပ်စုတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၂၄သန်း နှင့် အခြားပစ္စည်းအုပ်စုတို့တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၄၁ သန်းဖိုး တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့် ဖြစ်သည်။ သွင်းကုန်လျော့နည်းရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၇၀ သန်း၊ လူသုံးကုန်ပစ္စည်းအုပ်စုတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၀၃သန်း နှင့် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅၇ သန်း တင်သွင်းမှု လျော့နည်းရခြင်းတို့ကြောင့်ဖြစ်သည်။

တာချီလိတ်ကုန်သွယ်ရေးစခန်းတွင် ကိုဗစ်(၁၉) ရောဂါကူးစက်မည်ကို စိုးရိမ်သဖြင့် နှစ်နိုင်ငံလူဝင်/လူထွက်ကို ကန့်သတ်ထားဆဲဖြစ်ပြီး ချစ်ကြည်ရေးတံတားအမှတ်(၂)မှသာ ကုန်သွယ်မှုဆောင်ရွက်လျက်ရှိသည်။

အိမ့် (DOT)

ဖေဖော်ဝါရီလအတွင်း ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုအခြေအနေ

၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ လျာထားချက်အပေါ် ပို့ကုန်သွင်းကုန် ကုန်သွယ်မှုပမာဏ ၂၅ ဒသမ ၈၄၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၆၅ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၄၂ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇၀၇ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက သွင်းကုန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၆၅ သန်းဖိုး လျော့နည်းဆောင်ရွက်ခဲ့ပြီး ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၂၄၁ သန်း လျော့နည်းခဲ့ကြောင်း သိရှိရသည်။

အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၇၇ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး သွင်းကုန်အနေဖြင့် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၉ သန်း ပိုမိုခဲ့ပြီးသဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၁၈ သန်းဖိုး ပိုမိုခဲ့ကြောင်း သိရှိရသည်။

ကာလတူ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလထက် သွင်းကုန်ရော ပို့ကုန်ပါ လျော့နည်းရခြင်းမှာ ပို့ကုန်ပိုင်းတွင် လယ်ယာထွက်ပစ္စည်းအုပ်စုမှ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၈၄၂သန်း၊ ရေထွက်အုပ်စုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၀၃ သန်းနှင့် အခြားအုပ်စုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၁ သန်းဖိုး တင်ပို့မှု လျော့နည်းခဲ့ပြီး သွင်းကုန်ပိုင်း ရင်းနှီးမြှုပ်နှံမှုအုပ်စုတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၄၉ သန်း၊ လုပ်ငန်းသုံးအုပ်စုတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၅၃ သန်းနှင့် လူသုံးအုပ်စုတွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅၁သန်းဖိုး တင်သွင်းမှု လျော့နည်းကြောင်း သိရှိရသည်။

အနီးစပ်ဆုံးကာလထက် ပို့ကုန်လျော့နည်းရခြင်းမှာ အဓိကပို့ကုန်ဖြစ်သည့် လယ်ယာထွက်ကုန်အုပ်စု မှ ဆန်၊ ငရုတ်သီးခြောက်၊ နှမ်းမြေပဲ၊ ပဲတီစိမ်း၊ ချဉ်ထည်၊ ဆန်ကွဲ၊ နှမ်းဖြူ၊ နှံစားပြောင်း၊ လက်ဖက်ခြောက်၊ မတ်ပဲ၊ ထောပတ်ပဲ တင်ပို့မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၅ ဒသမ ၂၀၈ သန်းဖိုး တင်ပို့မှုလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပိုမိုရခြင်းမှာ လူသုံးကုန်ပစ္စည်း အုပ်စုနှင့် လုပ်ငန်းသုံးပစ္စည်းအုပ်စုတို့တွင် ပိုမိုတင်သွင်းနိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတွင် ကိုဗစ်(၁၉) ရောဂါကာကွယ် ကုသရေး ထိန်း ချုပ်မှုဆိုင်ရာ စည်းကမ်းချက်များနှင့် အညီ လုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်ရေးနှင့် လျာထားချက်များ ပြည့်မီကျော်လွန်စေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရှိရသည်။

အိမ့် (DOT)

ဖေဖော်ဝါရီလအတွင်း မြဝတီကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သန်းနှစ်ရာကျော် ဆောင်ရွက်

၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှလျာထားချက်အပေါ် ပို့ကုန် သွင်းကုန် ကုန်သွယ်မှုပမာဏ ၁၄၂ ဒသမ ၇၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

မြဝတီ ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ဝ၁၁ သန်းနှင့် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၄ ဒသမ ၄၀၃ သန်း ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၂၈ ဒသမ ၄၁၄ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း (ယာယီစာရင်း) များအရ သိရှိရသည်။ ယမန်နှစ်ကာလတူတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၃၀၇ သန်းဖိုးဆောင်ရွက်နိုင်ခဲ့သဖြင့် ကာလတူနှိုင်းယှဉ်ချက်အရ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၆၁၄ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။ ယမန်နှစ်က သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၁၁၅ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ကာလတူနှိုင်းယှဉ်ချက်အရ တန်ဖိုး အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၂၈၈ သန်း တင်သွင်းမှုပိုမိုခဲ့သည်။ သို့ဖြစ်ပါ၍ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၉၀၂ သန်းဖိုး ပိုမိုခဲ့ကြောင်း သိရှိရသည်။

အနီးစပ်ဆုံးကာလ ၂၀၂၂ ခုနှစ် ဇန်နဝါရီက ပို့ကုန် အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၃၃၇ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ဖေဖော်ဝါရီလတွင် ၁၂၄ ဒသမ ဝ၁၁ သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပို့ကုန် အမေရိကန်ဒေါ်လာ ၃၃ ဒသမ၆၇၄ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။ ယခင်လက သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၆ ဒသမ ၁၆၈ သန်း ဖိုးဆောင်ရွက်နိုင်ခဲ့ပြီး ဖေဖော်ဝါရီလတွင် ၁၀၄ ဒသမ ၄၀၃ သန်းဖိုး ဆောင်ရွက်နိုင်သဖြင့် အနီးစပ်ဆုံးကာလနှင့်နှိုင်းယှဉ်ပါက သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၇၆၅ သန်း လျော့နည်းဆောင်ရွက်ခဲ့သည်။ ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၀၉ သန်း ပိုမိုခဲ့ကြောင်း သိရှိရသည်။

ပို့ကုန်ပိုင်းတွင် ယခင်နှစ်ကာလတူ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလထက် ပိုမိုတင်ပို့နိုင်ခဲ့သည့် ကုန်ပစ္စည်းအမယ်များမှာ ပြောင်း၊ မတ်ပဲ၊ ပဲတီစိမ်း ပြောင်းမှုန့်၊ မြေပဲဆန် (အခွံမပါ)၊ နှမ်းဖြူ၊ နှမ်းဖြူ (အခွံချွတ်)၊ ကြက်သွန်နီ၊ ရော်ဘာစိမ်း၊ ငရုတ်သီး (အစို)၊ ငရုတ်သီး (အခြောက်)၊ ပီလောပီနံ၊ ချုပ်ပြီး အထည်နှင့် အခြားပစ္စည်းများ ပိုမိုတင်ပို့နိုင်ခဲ့သည်။ သွင်းကုန်ပိုင်းတွင် ကာလတူထက် ပိုမိုတင်သွင်းခဲ့သည့် ကုန်ပစ္စည်းအမယ်များမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုတွင် မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ သံနှင့် သံမဏိပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေး ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းအုပ်စုတွင် ရေနံ ထွက်ပစ္စည်း များ၊ ဓာတုဗေဒပစ္စည်းများ၊ ဓာတ်ဆေးဆိုးဆေးများ၊ ဓာတ်မြေဩဇာများ၊ ပလတ်စတစ်ကုန်ကြမ်း ပစ္စည်းများ၊ ပုံနှိပ်စက္ကူများ၊ အခြားပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်း အုပ်စုတွင် ချည်ထည်များ၊ အပ်ချည်ကြိုးများ၊ ဆေးဝါးပစ္စည်းများ၊ အလှကုန် ပစ္စည်းမျိုးစုံ၊ ဇာနှင့်ဇာထိုးထားသော အထည်အလိပ်များ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အခြားပစ္စည်းများ ပိုမိုတင်သွင်းနိုင်ခဲ့သည်။

မြဝတီကုန်သွယ်ရေးဇုန်သည် ကုန်သွယ်မှုပမာဏ လျာထားချက်အပေါ် ပြည့်မီ ကျော်လွန်ရေး၊ ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် ပို့ကုန်၊ သွင်းကုန်လိုင်စင်များ အချိန်နှင့်တစ်ပြေးညီ ခွင့်ပြုပေးခြင်း၊ တစ်ဖက်နိုင်ငံ အကောက်ခွန်သက်သာခွင့် အတွက် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (CO Form) များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးခြင်း၊ ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်း စသည့် ကုန်သွယ်မှုနှင့်ဆက်စပ်သည့် လုပ်ဆောင်ချက်များ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အိမ့် (DOT)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်၊သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ
သတင်းလွှာ(၂ /၂၀၂၂)

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်

အကြောင်းအရာ။ **ပြည်ပမှ တင်သွင်းသည့် ကုန်စည်များနှင့်စပ်လျဉ်း၍ သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသောကုန်စည်လိုင်းများအဖြစ် ထပ်တိုးသတ်မှတ်ထုတ်ပြန်ခြင်း**

၁။ ပြည်ပမှ တင်သွင်းသည့်ကုန်စည်အချို့ကို သွင်းကုန်လိုင်စင်စနစ်ဖြင့် ထိန်းညှိဆောင်ရွက်နိုင်ရေးအတွက် ကုန်စည်လိုင်းအချို့အား သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းအဖြစ် သတ်မှတ်ထုတ်ပြန်ရာတွင် ပထမအဆင့်အဖြစ် သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများကို ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ (၁၈/၂၀၂၁) ဖြင့် HS Code 10 digit အရ ကုန်စည်လိုင်း (၃၀၇၀) လိုင်း ကိုလည်းကောင်း၊ ဒုတိယအဆင့်အနေဖြင့် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ (၁/၂၀၂၂) ဖြင့် HS Code 10 digit အရ ကုန်စည်လိုင်း (၈၂၆) လိုင်းကိုလည်းကောင်း အသီးသီးထုတ်ပြန်ထားပါသည်။

၂။ ယခုအခါ ထပ်မံ၍ ဂျုံစေ့ နှင့် ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများပါဝင်သည့် ပူးတွဲပါ 2017 Customs Tariff of Myanmar အရ HS. Code 6 digit ဖြင့် ကုန်စည်(၅၇)လိုင်း သို့မဟုတ် HS. Code 10 digit ဖြင့် ကုန်စည် (၁၄၁) လိုင်းကို သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများ အဖြစ် ၂၀၂၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှ စတင်၍ ထပ်တိုးသတ်မှတ်လိုက်သည်။

၃။ သို့ဖြစ်၍ ၂၂.၁၀.၂၀၂၀ ရက်နေ့တွင်ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၂၀ အရ သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုအပ်သော HS. Code 10 digit ဖြင့် ကုန်စည်လိုင်း (၃၉၃၁) လိုင်း၊ သတင်းလွှာ(၁၈/၂၀၂၁)ဖြင့် ထုတ်ပြန်ထားသော HS. Code 10 digit ဖြင့် ကုန်စည်လိုင်း (၃၀၇၀) လိုင်း ၊ သတင်းလွှာ(၁/၂၀၂၂)ဖြင့် ထုတ်ပြန်ထားသော HS. Code 10 digit ဖြင့် ကုန်စည်လိုင်း (၈၂၆) လိုင်း အပါအဝင် ပူးတွဲပါ HS Code များဖြင့် သတ်မှတ်ထားသော ကုန်စည်များသည် သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုအပ်သော ကုန်စည်လိုင်းများဖြစ်ကြောင်းနှင့် အထက်အပိုဒ် ၂ ပါ လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအနက် မည်သည့်ကုန်စည်ကိုမဆို ပြည်ပမှ ပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်သွင်းရာတွင် ၂၀၂၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှ စတင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

၄။ သွင်းကုန်လိုင်စင်လျှောက်ထားရန်လိုသော အထက်အပိုဒ်(၃)ပါ ကုန်စည်စာရင်းအား ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အမိန့်ကြော်ငြာစာဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

ကုန်သွယ်ရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ
သတင်းလွှာ(၃ /၂၀၂၂)

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ မတ်လ ၉ ရက်

အကြောင်းအရာ။ **ပြည်ပသို့တင်ပို့သည့် ကုန်စည်လိုင်းများနှင့်စပ်လျဉ်း၍ ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသောကုန်စည်လိုင်းများအဖြစ် ထပ်တိုးသတ်မှတ်ထုတ်ပြန်ခြင်း**

၁။ ပြည်ပသို့တင်ပို့သည့် ကုန်စည်အချို့ကို နိုင်ငံတော်လုံခြုံရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ပတ်ဝန်းကျင်ထိခိုက်မှုကိုကာကွယ်ရန် ရည်ရွယ်လျက် H.S Code 6 digit ဖြင့် ကုန်စည် (၇၇၈) လိုင်း သို့မဟုတ် H.S Code 10 digit ဖြင့်ကုန်စည် (၁၂၂၄) လိုင်းကို ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၀) ဖြင့် သတ်မှတ်ထုတ်ပြန်ထားပါသည်။

၂။ ယခုအခါ ပြောင်း၊ နှံစားပြောင်း၊ ပြောင်းစေ့၊ ပြောင်းမှုန့်အပါအဝင် ပြောင်းအားတစ်ဆင့်မြှင့်ကြိတ်ခွဲထုတ်လုပ်ထားသည့်ပစ္စည်းများ ပါဝင်သည့် ပူးတွဲပါ 2017 Customs Tariff of Myanmar အရ H.S Code 6 digit ဖြင့် ကုန်စည် (၁၁) လိုင်း သို့မဟုတ် H.S Code 10 digit ဖြင့်ကုန်စည် (၁၂) လိုင်းကို ပို့ကုန်လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအဖြစ် ထပ်တိုးသတ်မှတ်ထုတ်ပြန်လိုက်သည်။

၃။ သို့ဖြစ်၍ အထက်အပိုဒ် ၂ ပါ လိုင်စင်လျှောက်ထားရန်လိုသော ကုန်စည်လိုင်းများအနက် မည်သည့်ကုန်စည်ကိုမဆို ပြည်ပမှပင်လယ်ရေကြောင်း၊ လေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရာတွင် ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပို့ကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

ကုန်သွယ်ရေးဦးစီးဌာန

ကမ္ဘာ့ရွှေဈေးနှင့် ငွေလဲဈေး သက်ရောက်မှုကြောင့် မြန်မာ့ရွှေဈေး ဆက်လက်မြင့်တက်နိုင်

လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာ့ရွှေဈေးမြင့်မားမှုနှင့် နိုင်ငံခြားငွေလဲလှယ်မှု ဈေးနှုန်းသက်ရောက်မှုများကြောင့် မြန်မာ့ရွှေဈေး ဆက်တိုက်မြင့်တက်နေပြီး ကာလတို ခန့်မှန်းချက်များအရ ဆက်လက်မြင့်တက်နိုင်သည့် အခြေအနေမျိုးရှိကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

"အခုဖြစ်နေတဲ့ ကမ္ဘာ့ရွှေဈေးနှုန်းကို ပြန်ကြည့်ရင် အမြင့်ဆုံးစံချိန်တင်ဖြစ်ခဲ့ဖူးတဲ့ ၂၀၂၀ ဩဂုတ် ၇ ရက်မှာဖြစ်ခဲ့တဲ့ ၂၀၇၅ ဒသမ ၄၂ ဒေါ်လာဈေးကိုတော့ မရောက်သေးဘူး။ သို့သော်လည်း အခုအနေအထားဟာ ၁၉၈၀ ဝန်းကျင် လောက်ကနေ ဈေးကွက်ပြောင်းလဲမှုကို ပြန်ကြည့်ရင် အမြင့်မားဆုံးဖြစ်နေတဲ့ အနေအထားတစ်ခုလို့ ပြောလို့ရပါတယ်။ လက်ရှိအနေအထားက ကမ္ဘာ့ရွှေဈေးနဲ့ တွက်ကြည့်ရင် မြန်မာ့ဈေးဟာ အနည်းငယ် ကွာဟနေတဲ့ အနေအထားဖြစ်နေတာကြောင့် ကာလတို ခန့်မှန်းတဲ့အခါ မြင့်တက်မယ့် အလားအလာရှိနိုင်တယ်လို့ ယူဆရပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး၊ ရွှေလုပ်ငန်းရှင်များအသင်းတွင် ရွှေရောင်းဝယ်မှုများ ပြုလုပ်နေသည့် လုပ်ငန်းရှင်တစ်ဦးက မတ် ၁၀ ရက်တွင် သုံးသပ်ပြောဆိုသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ယခုနှစ် မတ် ၇ ရက်မှစတင်၍ တစ်အောင်စလျှင် ၁၉၈၈ ဒသမ ၆၅ ဒေါ်လာသို့ မြင့်တက်လာခဲ့ပြီး ယခင် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်းက မြန်မာ့ရွှေဈေး ကျပ် ၁၃ သိန်းခွဲဝန်းကျင်ရှိချိန်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၂၀၇၄ ဒသမ ၃၉ ဒေါ်လာသို့ မြင့်တက်ခဲ့ဖူးသော်လည်း ယခုတစ်ကျော့ပြန် မြင့်တက်ချိန်၌ မြန်မာ့ရွှေဈေးမှာ ကျပ်သိန်း ၂၀ ကျော်သို့ ရောက်ရှိနေပြီဖြစ်သည်။

မတ် ၉ ရက်က ကမ္ဘာ့ရွှေဈေးမှာ အမြင့်ဈေးတန်း တစ်အောင်စ ၂၀၄၆ ဒေါ်လာသို့ ရောက်ရှိခဲ့ရာမှ မတ် ၁၀ ရက်တွင် အဖွင့်ဈေး ၁၉၉၁ ဒေါ်လာသို့ ပြန်လည်ကျဆင်းနေပြီး အမြင့်ဆုံးဈေး ၁၉၇၈၊ အနိမ့်ဆုံးဈေး ၁၉၇၂ ရှိနိုင်သည်ဟု ဈေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းထားကာ ပြည်တွင်း ရွှေဈေးနှုန်းမှာ လက်ရှိတွင် ၁၆ ပဲရည် အခေါက်ရွှေ အဖွင့်ရောင်းဈေး ကျပ် ၂၀၀၅၀၀၀၊ ဝယ်ဈေး ၁၉၉၀၀၀၀၊ ၁၅ ပဲရည် ကျပ် ၁၈၈၇၁၀၀ ရှိကြောင်းသိရသည်။

ပန်းဆု

မတ်လအတွင်း ပထမဆုံးအကြိမ်အဖြစ် ဗဟိုဘဏ်က ကန်ဒေါ်လာ ၁၅ သန်းထုတ်ရောင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ယခု မတ်လအတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၁၅ သန်းကို ဈေးပြိုင်စနစ်ဖြင့် ထုတ်ရောင်းခဲ့ကြောင်း သိရသည်။

အမေရိကန် တစ်ဒေါ်လာလျှင် ၁၇၇၈ ကျပ် သတ်မှတ်၍ မတ် ၈ ရက်က ထုတ်ရောင်းခြင်းဖြစ်ပြီး ပြင်ပငွေလဲဈေးကွက်၏ ဈေးနှုန်းများကွာဟမှုကို ထိန်းညှိရန်ဖြစ်သည်ဟု ဆိုသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမေရိကန်ဒေါ်လာ ရောင်းချရာ၌ ဖေဖော်ဝါရီလတွင် ၆ ဒသမ ၈ သန်း၊ ဧပြီလတွင် ၁၂ သန်း၊ မေလတွင် ၂၄ သန်း၊ ဇွန်လတွင် ၁၂ သန်း၊ ဇူလိုင်လတွင် ၃၉ သန်း၊ ဩဂုတ်လတွင် ၂၈ သန်း၊ စက်တင်ဘာလတွင် ၆၃ သန်း၊ အောက်တိုဘာလတွင် သန်း ၁၁၀၊ နိုဝင်ဘာလတွင် ၃၁ သန်း၊ ဒီဇင်ဘာလတွင် ၁၁၈ သန်း အသီးသီးဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၄၃ ဒသမ ၈ သန်း ရောင်းချခဲ့ကြောင်း သိရသည်။

လက်ရှိပြည်တွင်းငွေလဲနှုန်းများမှာ မတ် ၈ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၇၈၅ ကျပ်၊ ဝယ်ဈေး ၁၇၈၀ ကျပ်၊ မတ် ၉ ရက်တွင် ရောင်းဈေး ၁၇၈၆ ကျပ်၊ ဝယ်ဈေး၁၇၈၁ ကျပ်၊ မတ် ၁၀ ရက်တွင် ရောင်းဈေး ၁၇၈၃ ကျပ်၊ ဝယ်ဈေး ၁၇၇၈ ကျပ်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပန်းဆု

စံသတ်မှတ်ချက် မပြည့်မီသည့် အများပိုင်ကုမ္ပဏီများအတွက် PLB အမည်ဖြင့် ဒုတိယဈေးကွက် တည်ထောင်ခွင့်ပြု

စံသတ်မှတ်ချက် မပြည့်မီသည့် အများပိုင်ကုမ္ပဏီများအတွက် စာရင်းဝင် အကြိုဈေးကွက် (Pre Listing Board-PLB) အမည်ဖြင့် ဒုတိယဈေးကွက် (Second Board) ကို တည်ထောင်ခွင့်ပြုလိုက်ပြီဖြစ်ကာ နိုင်ငံခြားသားများကိုလည်း ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်မှုကော်မရှင် (SECM) ၏ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ ပါဝင်ရောင်းဝယ်ခွင့်ပြုထားကြောင်း ရန်ကုန်စတော့အိတ်ချိန်း (YSX) မှ သိရသည်။

အဆိုပါဈေးကွက် တည်ထောင်ခြင်းသည် YSX တွင် စာရင်းဝင်ရောက်လိုသော်လည်း စာရင်းဝင်ဆိုင်ရာ စံသတ်မှတ်ချက်များ ပြည့်မီရန် လိုအပ်ချက်ရှိနေသည့် အများပိုင်ကုမ္ပဏီများအတွက် ကြားခံပြင်ဆင်ဆောင်ရွက်ပေးသော ဈေးကွက်တစ်ခု ဖန်တီးပေးနိုင်ရန်ဖြစ်ပြီး စာရင်းဝင်ကုမ္ပဏီများ တိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်စေရန်နှင့် စတော့ရှယ်ယာဈေးကွက် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုဈေးကွက်တွင် SECM ၏ အတည်ပြုချက်ဖြင့် အများပြည်သူထံ အစုရှယ်ယာ ဖိတ်ခေါ်ထားသည့် ကုမ္ပဏီ၊ ရှယ်ယာရှင် ၁၀၀ ဦးနှင့် အထက်ရှိသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၊ YSX မှ ထုတ်ပြန်ထားသော စာရင်းဝင်အကြိုဈေးကွက် စံသတ်မှတ်ချက်ဖြင့် ကိုက်ညီသည့် ကုမ္ပဏီတို့က စာရင်းဝင် ကုမ္ပဏီအဖြစ် အစုရှယ်ယာ ရောင်းဝယ်ခွင့်ရှိမည်ဖြစ်သည်။

SECM အနေဖြင့် စာရင်းဝင်အကြိုဈေးကွက် (PLB) ထူထောင်နိုင်ရန်အတွက် လွန်ခဲ့သည့် ၂၀၁၉ ခုနှစ် နှစ်လယ်ပိုင်းမှစတင်ကာ ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဈေးကွက်ကို YSX တွင် အများပိုင်ကုမ္ပဏီ ငါးခုခန့်ဖြင့် စတင်နိုင်ရန် ရည်ရွယ်ထားပြီး လက်ရှိ၌ ကုမ္ပဏီနှစ်ခု ဝင်ရောက်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

ပန်းဆု

မော်လမြိုင်ကုန်စည်ဒိုင်၌ ရော်ဘာ၊ ဆန်နှင့် ပဲမျိုးစုံစျေး မြင့်တက်နေ

မတ် ၉ ရက် မော်လမြိုင်ကုန်စည်ဒိုင်၏ ကုန်စျေးနှုန်းပေါက်စျေးများမှာ ရော်ဘာ R.S.S-3 နေလှန်း (လွတ်) တစ်ပေါင် ကျပ် ၁၂၂၀၊ (မြိုင်းခံပြား) တစ်ပေါင် ၁၂၄၀ ကျပ်၊ ၁၀၈ ပေါင် (ဆန်သား ၉၀ ရာခိုင်နှုန်း) ဆန်(သစ်) တစ်အိတ်စျေးနှုန်းမှာ ဧည့်မထ ကျပ် ၂၉၅၀၀၊ ပေါ်ကွဲ ကျပ် ၃၉၅၀၀၊ ပေါ်ဆန်း ကျပ် ၄၇၅၀၀၊ ၂၀ ပိသာဝင် ပဲတစ်တင်း စျေးနှုန်းများမှာ ပဲတီစိမ်း ကျပ် ၃၇၀၀၀၊ မတ်ပဲ ကျပ် ၄၅၂၀၀၊ ပဲလွမ်းဖြူ ကျပ် ၃၄၀၀၀၊ ဗိုလ်ကိတ် ကျပ် ၃၄၀၀၀၊ ပဲပုပ် ကျပ် ၅၂၀၀၀၊ မြေပဲ ၆၀၀၀၀ကျပ်၊ စားဖိုဆောင်သီးနှံစျေးနှုန်းမှာ ကြက်သွန်နီ တစ်ပိသာ မြင်းခြံ ကျပ် ၉၀၀၊ မြစ်သား ကျပ် ၁၂၀၀၊ ကြက်သွန်ဖြူ တစ်ပိသာ ကြူကုတ် ကျပ် ၅၂၀၀၊ ထူးလေး ကျပ် ၃၅၀၀၊ ထူးငါး ကျပ် ၃၈၀၀၊ ငရုတ်သီး တစ်ပိသာ ရှမ်းကျွန်း ကျပ် ၅၈၀၀၊ မိုးထောင် ကျပ် ၅၆၀၀၊ ဒေသထွက် ကွမ်းသီးတစ်ပိသာ အညှာသီး ကျပ် ၄၂၀၀ နှင့် ပါးပုတ်သီး ကျပ် ၄၉၀၀ အသီးသီး ဖြစ်ပေါ်နေကြောင်း သိရှိရသည်။

ဖေဖော်ဝါရီ ၂၄ ရက်နှင့် စျေးနှုန်း နှိုင်းယှဉ်ပါက ရော်ဘာ R.S.S-3 နေလှန်း (လွတ်) တစ်ပေါင် ၃၀ကျပ်၊ မြိုင်းခံပြား တစ်ပေါင် ၇၀ ကျပ်၊ ဆန်(သစ်) တစ်အိတ် ဧည့်မထ ၂၀၀၀ ကျပ်၊ ပေါ်ကွဲ ၃၀၀၀ ကျပ်၊ ပေါ်ဆန်း ၄၅၀၀ ကျပ်၊ ပဲမျိုးစုံ (တစ်တင်း) စျေးနှုန်းတွင် ပဲတီစိမ်း ၁၀၀၀ ကျပ်၊ မတ်ပဲ ၃၅၀၀ ကျပ်၊ ပဲလွမ်းဖြူ ၂၀၀၀ ကျပ်၊ ပဲပုပ်၅၀၀၀ ကျပ်နှင့် မြေပဲ ၁၀၀၀ ကျပ် အသီးသီး စျေးနှုန်းမြင့်တက်နေကြောင်း မော်လမြိုင်ကုန်စည်ဒိုင်မှ သိရသည်။

ဝင်းမြတ် (ရာမညကုန်သွယ်မှုဗဟိုဌာန)

အာဆီယံသပြေနှင့် ပတ္တမြားသပြေ စိုက်ပျိုးခြင်းဖြင့် ပုံမှန်ဝင်ငွေရနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် အာဆီယံသပြေနှင့် ပတ္တမြားသပြေများကို အဓိကထား၍ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကာ ပုံမှန်ဝင်ငွေရနေကြောင်းသိရသည်။

အာဆီယံသပြေနှင့်ပတ္တမြားသပြေများကို ပြင်ဦးလွင်မြို့နယ်ကနေ မှာယူစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး နှစ်နှစ်သားအရွယ်ကစပြီး သပြေညွှန့်များကို ခူးဆွတ်ရောင်းချနိုင်ကြောင်း တောင်သူများထံက သိရသည်။

"နွေရာသီကလွဲပြီး မိုးနဲ့ဆောင်းမှာ ရေသွင်းစရာမလိုတဲ့အတွက် သပြေတစ်ကြိမ် စိုက်ထားလိုက်ရင် သုံးနှစ်လောက်စားရော့ပဲ။ နောက် တစ်ခုစိုက်ပြီးပြစ်မထားဘဲ ရေသွင်းမယ်။ ပိုးကျမယ်ဆိုရင် ပိုးသတ်ဆေးဖျန်းပေးတာတို့ လုပ်ရတယ်။ ပန်းလှပြီး အထွက်ကောင်းတယ်။ ဧကအကျယ်အဝန်းအလိုက် အနိမ့်ဆုံးဝင်ငွေ တစ်လလျှင် ကျပ် ၇၀၀၀၀ ကနေ ၁၀၀၀၀၀ ဝန်းကျင်ရရှိတယ်"ဟု ရေနံချောင်းမြို့နယ်စိုက် တောင်သူကိုထွန်းကပြောသည်။

ဧရာဝတီမြစ်ရိုးတိုင်းမြေများ၌ သပြေအပြင် ဂန္ဓမာ၊ သစ္စာပန်း၊ မေမြို့ပန်းများကို အဓိကစိုက်ကြခြင်းဖြင့် ဝင်ငွေရနေကြသည်ကို တွေ့ရသည်။ လက်ရှိ အာဆီယံသပြေတစ်စည်းလျှင် ကျပ် ၃၀၀၊ ပတ္တမြားသပြေတစ်စည်းလျှင် ကျပ် ၅၀၀ စျေးရောင်းချရကြောင်း မြို့ပေါ် စျေးကွက်အပြင် ကျေးရွာများအထိ ဆိုင်ကယ် ကယ်ရီ စျေးသည်၊ သုံးဘီးစျေးသည်များက လိုက်လံရောင်းချကြသောကြောင့် စိုက်ပျိုးများအပြင် လက်လီရောင်းသူများ ဝင်ငွေရနေကြသည်။

ဆန်းညွှန့် (ရေနံချောင်း)

ပြည်မန်ကျည်းမှည့် အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ် ပြည်မန်ကျည်းမှည့်ပွဲရုံများသို့ ဒေသတွင်းထွက်ရှိသော မန်ကျည်းမှည့်များနှင့် ခရိုင်တွင်းထွက်ရှိသော မန်ကျည်းမှည့်များ ဒေသစုံအဝယ်ရှိနေခြင်းကြောင့် နေ့စဉ် မန်ကျည်းမှည့် အစေ့ပါနှင့် အစေ့မပါနှစ်မျိုးစလုံး ဝင်ရောက်လျက်ရှိနေသည်။ လှောင်လက်သမားများ အဝယ်ရှိနေပြီး လက်လီသမားတို့လည်း အဝယ်လိုက်ခြင်းကြောင့် အရောင်းအဝယ်များ ကောင်းလျက်ရှိသည်။

ယခုတစ်ပတ် မန်ကျည်းမှည့်သစ် (ပွဲရုံ)စျေး အစေ့ပါ တစ်ပိသာလျှင် ကျပ် ၁၅၀၀ နှင့် အစေ့မပါ(အသားချည်း) စျေးမှာ ကျပ် ၃၀၀၀ စျေးတို့ဖြစ်ပြီး ဒေသတွင်းလက်လီစျေးမှာ အစေ့ပါ ကျပ် ၃၀၀၀ နှင့် အစေ့မပါ ကျပ် ၃၈၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိသည်။ အရောင်းအဝယ်မှာ နေ့စဉ် ပိသာ ၈၀၀ မှ ၁၀၀၀ နီးပါး အဝင်ရှိနေသည်။

ဝင်းဝင်းခိုင်(ပြည်)

ပြည်တွင်းဆီစျေးနှုန်းများ (၁၁-၃-၂၀၂၂) ကျပ်/ပိသာ

မြို့အမည်	ပဲဆီ			နှမ်းဆီ			စားအုန်းဆီ		
	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်	ယခင်	ယခု	နှိုင်းယှဉ်ချက်
နေပြည်တော် (ပျဉ်းမနား)	၈၅၀၀	၈၇၀၀	△	၈၅၀၀	၈၅၀၀	△	၇၄၀၀	၈၀၀၀	△
ရန်ကုန်	၈၅၀၀	၈၇၀၀	△	၈၅၀၀	၈၅၀၀	△	၇၄၀၀	၈၀၀၀	△
မန္တလေး	၈၀၀၀	၉၀၀၀	△	၇၅၀၀	၈၅၀၀	△	၇၂၀၀	၇၇၅၀	△
ပဲခူး	၈၃၀၀	၉၀၀၀	△	၇၅၀၀	၉၀၀၀	△	၆၈၀၀	၈၀၀၀	△
မကွေး	၇၀၀၀	၈၅၀၀	△	၇၅၀၀	၉၀၀၀	△	၆၈၀၀	၈၀၀၀	△
မုံရွာ	၈၅၀၀	၉၀၀၀	△	၈၅၀၀	၈၅၀၀	□	၇၄၀၀	၇၆၀၀	□
စစ်ကွေ	၉၀၀၀	၉၅၀၀	△	-	-	-	၇၅၀၀	၈၅၀၀	△

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၂-၂၀၂၂ ရက်ထုတ် Commerce Journal Vol 22, No.5 စာမျက်နှာ (၁၀) တွင် ရေးသားထားသော "အဝင် ဆက်လက်လျော့နည်းလျက် ရှိသော ဘိလပ်မြေ"သတင်းတွင် အရေအတွက်ကို **တန်ချိန်** အစား **ကီလိုဂရမ်**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အယ်ဒီတာအဖွဲ့

မော်လမြိုင် ဘိလပ်မြေနှင့် ဓာတ်မြေဩဇာစျေးကွက်

မော်လမြိုင်မြို့ ယခု မတ်လ တတိယပတ်တွင် ဘိလပ်မြေစျေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိပြီး စျေးနှုန်း တည်ငြိမ်နေကြောင်း သိရှိရသည်။ စျေးကွက်ထဲ အရောင်းအဝယ် ပုံမှန်ဖြစ်နေသည့် စျေးမှာ ယခုတစ်ပတ်တွင် ကြံ့နှစ်ကောင်(အနီ) ကျပ် ၁၀၃၀၀၊ ဆင်(ထိုင်း) ကျပ် ၁၀၅၀၀၊ ကြံ့တံဆိပ်(အဝါ) ကျပ် ၉၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာမှာ စျေးနှုန်းအနည်းငယ် တက်လာ ပြီး အရောင်းအားနေကြောင်း သိရှိရသည်။

အရောင်းအဝယ်ဖြစ်နေသောစျေးမှာ ယခင်တစ်ပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဇာရွှေကောမက်) ၁၅း၁၅း၁၅ ၅၀ kg ပါ တစ်အိတ်မှာ ကျပ် ၈၄၇၀၀၊ ကွန်ပေါင်း ၂၀း၁၀း၂ ၅၀ kg ပါ တစ်အိတ် မှာကျပ် ၈၀၀၀၀၊ ကွန်ပေါင်း (Thai Grow How) ၁၅း၁၅း၁၅ 50kg ပါ တစ်အိတ်မှာ ကျပ် ၈၅၀၀၀၊ ပုလဲ(အသေး) ၄၆ ရာခိုင်နှုန်း မြန်မာ (MPE) 50kg ပါ တစ်အိတ်မှာ ကျပ် ၄၈၅၀၀၊ ပုလဲ(အသေး) ၄၆ ရာခိုင်နှုန်း တရုတ် (တောင်) 50kg ပါ တစ်အိတ်မှာ ကျပ် ၅၉၀၀၀၊ ပုလဲ(အကြီး) ၄၆ ရာခိုင်နှုန်း ထိုင်း (မြင်းပျံ) 50kgပါ တစ်အိတ်မှာ ကျပ် ၈၅၀၀၀၊ တီစူပါတရုတ် (သံကွင်း) 50 kg ပါ တစ်အိတ်မှာ ကျပ် ၅၂၀၀၀ ရှိခဲ့ပြီး ယခုတစ်ပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဇာရွှေကောမက်) ၁၅း၁၅း၁၅ 50 kgပါ တစ်အိတ်မှာ ကျပ် ၈၆၅၀၀၊ ကွန်ပေါင်း ၂၀း၁၀း၂ 50 kg ပါ တစ်အိတ်မှာ ကျပ် ၈၅၀၀၀၊ ကွန်ပေါင်း (Thai Grow How) ၁၅း၁၅း၁၅ ၅၀၂၊ ပါ တစ်အိတ်မှာ ကျပ် ၈၈၅၀၀၊ ပုလဲ(အသေး) ၄၆ ရာခိုင်နှုန်း မြန်မာ(MPE) 50kg ပါ တစ်အိတ်မှာ ကျပ် ၅၂၀၀၀၊ ပုလဲ(အသေး) ၄၆ ရာခိုင်နှုန်း တရုတ် (တောင်) 50kg ပါ တစ်အိတ်မှာ ကျပ် ၆၁၅၀၀၊ ပုလဲ(အကြီး) ၄၆ ရာခိုင်နှုန်း ထိုင်း(မြင်းပျံ) 50kgပါ တစ်အိတ်မှာ ကျပ် ၉၃၀၀၀၊ တီစူပါ တရုတ်(သံကွင်း) 50kg ပါ တစ်အိတ်မှာ ကျပ် ၅၅၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိ ရသည်။

အောင်မြင့်မြတ် (မွန်)

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၇.၃.၂၀၂၂)ရက်နေ့မှ (၁၃.၃.၂၀၂၂)ရက်နေ့ထိ အပတ်စဉ်ရည်ညွှန်းစျေးနှုန်းထုတ်ပြန်ရန် CBM Earning
ပျမ်းမျှ ငွေလဲနှုန်းအပေါ် မူတည်၍ ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းစျေးတွက်ချက်ပုံ

Quantity (MT) 1000
CIF Price (USD/MT) 1881
Earning (USD) 1787 CBM rate + 0.5%
Customs Exchange Rate 1778

စဉ်	အကြောင်းအရာ	တွက်ချက်နှုန်း	၁၀၀၀ တန် ကုန်ကျစရိတ်	(၁) ပိသာကုန်ကျစရိတ်
၁	သွင်းကုန်လိုင်စင်ကြေး		50,000	0.08
၂	TT ဘဏ်စရိတ်ငွေလွှဲခ	1000 MT x CIF x Earning x 0.125%	4,201,684	6.86
၃	စားအုန်းဆီအလျော့	1000 MT x 0.5% x CIF x Earning	16,806,735	27.44
၄	ဆီကန်သိုလှောင်ထိန်းသိမ်းခ	1000 MT x 612.39 Viss x MMK 8	4,899,120	8.00
၅	ကုန်သွယ်လုပ်ငန်းခွန်	1000 MT x CIF x Customs ROE x 5%	167,220,900	273.06
၆	MITS စစ်ဆေးခ	1000 MT x MMK 300	300,000	0.49
၇	FDA + Lab Test		440,000	0.72
၈	ဆိပ်ကမ်းကပ်ခ	1000 MT x USD 3.15 x Earning	5,629,050	9.19
၉	ဆီအသင်းရန်ပုံငွေ	1000 MT x MMK 200	200,000	0.33
	Local cost		**199,747,489**	**326.18**
၁၀	CIF Cost (1000 MT x CIF Price x Earning)		3,361,347,000	5,488.90
	စရိတ်စုစုပေါင်း		**3,561,094,489**	**5,815.08**

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၇.၃.၂၀၂၂)ရက်နေ့မှ (၁၃.၃.၂၀၂၂)ရက်နေ့ထိ အပတ်စဉ်ရည်ညွှန်းစျေးနှုန်းထုတ်ပြန်ရန် MICB Earning
ပျမ်းမျှ ငွေလဲနှုန်းအပေါ် မူတည်၍ ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းစျေးတွက်ချက်ပုံ

Quantity (MT) 1000
CIF Price (USD/MT) 1881
Earning (USD) MICB rate 1978
Customs Exchange Rate 1778

စဉ်	အကြောင်းအရာ	တွက်ချက်နှုန်း	၁၀၀၀ တန် ကုန်ကျစရိတ်	(၁) ပိသာကုန်ကျစရိတ်
၁	သွင်းကုန်လိုင်စင်ကြေး		50,000	0.08
၂	TT ဘဏ်စရိတ်ငွေလွှဲခ	1000 MT x CIF x Earning x 0.125%	4,650,773	7.59
၃	စားအုန်းဆီအလျော့	1000 MT x 0.5% x CIF x Earning	18,603,090	30.38
၄	ဆီကန်သိုလှောင်ထိန်းသိမ်းခ	1000 MT x 612.39 Viss x MMK 8	4,899,120	8.00
၅	ကုန်သွယ်လုပ်ငန်းခွန်	1000 MT x CIF x Customs ROE x 5%	167,220,900	273.06
၆	MITS စစ်ဆေးခ	1000 MT x MMK 300	300,000	0.49
၇	FDA + Lab Test		440,000	0.72
၈	ဆိပ်ကမ်းကပ်ခ	1000 MT x USD 3.15 x Earning	6,230,700	10.17
၉	ဆီအသင်းရန်ပုံငွေ	1000 MT x MMK 200	200,000	0.33
	Local cost		**202,594,583**	**330.83**
၁၀	CIF Cost (1000 MT x CIF Price x Earning)		3,720,618,000	6,075.57
	စရိတ်စုစုပေါင်း		**3,923,212,583**	**6,406.40**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပါဝါ ကြိုးမဲ့ နှင့် ဝါ ပြား (၂)

မျိုးသူ-ကုန်သွယ်မြင့်

မှာကြားမှု

ကျေနပ်အောင် လေ့လာစုံစမ်းပြီးသည်ဟု သတ်မှတ်သည်နှင့် လိုချင်သည့် ကုန်စည်ကို မှာကြားရပါမည်။ ဈေးတွင်ဖြစ်စေ၊ ဆိုင်တွင်ဖြစ်စေ တိုက်ရိုက်ဝယ်ယူခြင်းမျိုးမဟုတ်ဘဲ ကုန်စည် အများအပြားကို ဝယ်ယူသည့်အခါတွင် မှာကြားခြင်း၊ သဘောတူညီမှုပြုခြင်းတို့ကို ပြုလုပ်ရမည် ဖြစ်ပါသည်။ မှာကြားသည့်အခါတွင် ရောင်းချသူနှင့် အမှန် ထိတွေ့ဆက်သွယ်နိုင်ရန်လည်း အရေးကြီးပါသည်။ တစ်ခါတစ်ရံတွင် လိမ်လည်မှုများ ရှိတတ်သဖြင့် အမှန်ရောင်းချသူနှင့် တိုက်ရိုက် ဆက်သွယ်မှုရယူရန် အရေးကြီးပါသည်။ မှာကြားရာတွင် လိုချင်သော၊ ညှိနှိုင်းထားသော အရေအတွက် တန်ခိုန်၊ တန်ဖိုး သတ်မှတ်ချက်၊ အရည်အသွေး၊ စံခိုန်စံညွှန်း၊ လွဲအပ်ရမည့်နေရာ၊ ဈေးနှုန်း၊ သယ်ယူပို့ဆောင်ခနှင့်ပတ်သက်၍ မည်သူက ပေးချေမည်ဟူသော သတ်မှတ်ချက်၊ မည်သည့်ရက် အရောက်ပေးပို့ရန်၊ ရောက်ရှိရန် သတ်မှတ်ချက်၊ လိပ်စာအပြည့်အစုံ၊ အကယ်၍ မမျှော်လင့်သော အကြောင်းအရာများအတွက် အာမခံချက်၊ ပျက်စီးပါက မည်သို့ပေးလျော်ရမည် သို့မဟုတ် ကုန်ပစ္စည်း အာမခံစသည်တို့ကို မှာကြားသည်နှင့် တစ်ပြိုင်နက်သော်လည်းကောင်း ညှိနှိုင်းသည်နှင့် တစ်ပြိုင်နက်သော်လည်းကောင်း ထည့်သွင်းထားရမည်ဖြစ်ပါသည်။ ငွေချေသည့် အခါတွင်လည်း မည်သည့်နည်းလမ်းဖြင့် ငွေချေမည်ကို ဖော်ပြရန်လိုအပ်ပါသည်။

တန်ဖိုးဖြတ်ခြင်း၊ ဆုံးဖြတ်ခြင်း

ဝယ်ယူရန်စဉ်းစားထားသည်များကို လေ့လာစုံစမ်းသည်အထိ ဆောင်ရွက်ပြီးသောအခါ ဝယ်ယူမည့်ပစ္စည်းကို အပြီးသတ် ဆုံးဖြတ်သတ်မှတ်ရပါမည်။ တန်ဖိုးတစ်ခုဖြတ်ရပါမည်။ မူလ စတင်စုံစမ်းစဉ်ကပင် ဈေးနှုန်းသတ်မှတ်ထားပြီး ဖြစ်နိုင်သကဲ့သို့ ယခုမှ တန်ဖိုးဖြတ်၊ ဆုံးဖြတ် သည်လည်း ဖြစ်နိုင်ပါသည်။ တန်ဖိုးဖြတ်၊ ဆုံးဖြတ်သည်နှင့် အရည်အသွေးစံခိုန်စံညွှန်းကို အပြီးသတ်စစ်ဆေးရပါသည်။ ဥပမာ- သင်္ဘောဖြင့် ရောက်ရှိလာပြီဆိုသည့်အခါ သင်္ဘောမှချသည်နှင့် ဝယ်ယူထားသောပစ္စည်း မှန်ကန်မှုရှိ၊ မရှိ၊ အရည်အသွေး စံခိုန်စံညွှန်း မှန်၊ မမှန်တို့ကို အပြီးသတ် စစ်ဆေးရပါသည်။ ထို့ကြောင့် လက်ဝယ်ပိုင်ပိုင်ရယူပြီဆိုသည်နှင့် မှာကြားသည့်အတိုင်း မှန်ကန်မှု ရှိ၊ မရှိ၊ မှာကြားသည့် အရည်အသွေး၊ အလေးချိန်၊ အရေအတွက်၊ စံခိုန်စံညွှန်း စသည်တို့ကို အပြီးသတ်စစ်ဆေးရပါသည်။ တစ်ခုချင်း ဝယ်ယူသည်ဆိုလျှင်လည်း အပြီးသတ်ငွေမချေမီ အတည်ပြု စစ်ဆေးရမည်ဖြစ်ပါသည်။

တိုးတက်ပြောင်းလဲမှုအခြေအနေ

ဝယ်ယူမည့်ကုန်ပစ္စည်းကို မှာကြားပြီးသည်နှင့် တစ်ပြိုင်နက်တင်ပို့သည့်အချိန်၊ သယ်ယာဉ်၊ ရောက်ရှိနိုင်သည့်အချိန် စသည်တို့ကို ဆက်လက်စောင့်ကြည့်နေရန် လိုအပ်ပါသည်။ လက်လီဝယ်ယူသူအတွက် ပစ္စည်းကို ချက်ချင်း လက်ဝယ်ရယူနိုင်သော်လည်း အဝေးမှ မှာကြားရသည့်အခါမျိုးတွင် အထက်ပါအတိုင်း ရောက်သင့်သည့်အချိန်တွင် ရောက်၊ မရောက်ကို စောင့်ကြည့်နေရန် လိုအပ်ပါသည်။ အများအပြားမှာကြားသည့်အခါတွင်လည်း တင်ပို့သူနှင့် ချိတ်ဆက် ဆက်သွယ်နေရန် လိုအပ်ပါသည်။ နိုင်ငံရပ်ခြားမှ မှာကြားရမှုများဆိုပါက ရောက်ရှိမည့် လေယာဉ်၊ သင်္ဘော စသည်တို့၏ အချိန်များကိုပါ သိရှိထားသင့်ပါသည်။ လမ်းခရီးတွင် ပျက်စီးနိုင်ခြေရှိ၊ မရှိ၊ ထုပ်ပိုးမှုများ သေချာမှုရှိ၊ မရှိတို့ကိုလည်း လေ့လာနေရန် လိုအပ်ပါသည်။

ပေးပို့သယ်ယူမှု

ယခုခေတ်တွင် Delivery စကားလုံးကို ရင်းနှီးကျွမ်းဝင်လာကြပြီဖြစ်ပါသည်။ နိုင်ငံရပ်ခြားမှဖြစ်စေ၊ ပြည်တွင်းခွဲပင်ဖြစ်စေ သယ်ယူပို့ဆောင်ပေးသည့်အဖွဲ့များကို ဝယ်ယူရောင်းချသည့် ပစ္စည်းများအား အပ်နှံပြီး ဝယ်ယူသူလက်ဝယ်အရောက် ပို့ဆောင်ပေးနိုင်ပါသည်။ ထိုသို့ ကုန်ပစ္စည်း သယ်ယူပို့ဆောင်သည့် လုပ်ငန်းသည် များစွာကြီးထွားတိုးတက်လာပြီး ကုန်ပစ္စည်း ဝယ်ယူရောင်းချခြင်းတွင် အရေးပါသော လုပ်ငန်းတစ်ခု ဖြစ်လာပါသည်။ ကုန်ပစ္စည်း သယ်ယူပို့ဆောင်သူသည် ဝယ်ယူသူနှင့်ရောင်းချသူတို့ကို တိုက်ရိုက်ထိတွေ့မှုမလိုအပ်စေရန်၊ ဖုန်း၊ မေးလ်၊ Online Serviceများမှ ချိတ်ဆက်ပြီး ဆောင်ရွက်နိုင်သည့် လုပ်ငန်းများဖြစ်လာပါသည်။ ထိုသို့ သယ်ယူပို့ဆောင်ပေးသည့် လုပ်ငန်းကို သီးခြားထားရှိဆောင်ရွက်သည့်အခါတွင် မှာကြားချက်များကို ဝယ်ယူသူက အမှာစာတင်သည့်အခါ၌ ပိုမိုတိကျသေချာရန်လိုအပ်လာပါသည်။ ရောင်းချသူမှလည်း စနစ်တကျ ထုပ်ပိုးပေးရန်နှင့် သယ်ယူစဉ်တွင် သေချာစွာအပ်နှံရန် စသည့်ကိစ္စများလိုအပ်ပါသည်။ သယ်ယူပို့ဆောင်သူဘက်ကလည်း ကုန်ပစ္စည်း ၏အခြေအနေကို သေချာစွာ သိရှိထားပြီး သယ်ယူစဉ်တွင် မပျက်စီးစေရေးကို တာဝန်ခံရမည်ဖြစ်ပါသည်။

ငွေပေးချေခြင်း

ကုန်ပစ္စည်း ဝယ်ယူရာတွင် ငွေပေးချေခြင်းလုပ်ငန်းသည် အရေးအပါဆုံး လုပ်ငန်းဖြစ်သည်ဟု ဆိုချင်ပါသည်။ လက်လီဝယ်ယူရာတွင် ငွေပေးချေပြီးလျှင် ကုန်ပစ္စည်းနှင့်ပတ်သက်၍ လဲလှယ်ရန်ကအစ ခက်ခဲမည်ဖြစ်ပါသည်။ လက်ကားဝယ်ယူခြင်း၊ ကုန်ပစ္စည်းအများအပြား ဝယ်ယူခြင်း၊ မှာကြားဝယ်ယူခြင်း၊ ပစ္စည်းရောက်ငွေချေခြင်း၊ ကြိုတင်ငွေချေခြင်း၊ အကြွေးဝယ်ယူခြင်း စသဖြင့် နည်းလမ်းပေါင်းများစွာဖြင့် ငွေပေးငွေယူကို ပြုလုပ်တတ်ကြပါသည်။ ထို့ကြောင့် ဝယ်ယူခြင်းလုပ်ငန်းစဉ်များတွင် ငွေပေးခြင်း လုပ်ငန်းသည် အခရာကျသည်ဟု ဆိုချင်ပါသည်။ ငွေပေးချေရာတွင် ဝယ်ယူသူဘက်က သေချာမှုရှိစေရန် အထူးလိုအပ်ပါသည်။ ပစ္စည်းမရောက်မီ ကြိုတင် ငွေပေးချေရသည့် ကိစ္စများတွင်အထူးသတိရှိရန်၊ စွန့်စားမှု နည်းနိုင်သမျှနည်းရန် ဆောင်ရွက်ရေးသည် အထူးလိုအပ်ပါသည်။ ပြည်တွင်းရောင်းဝယ်မှုအများစုသည် ယုံကြည်မှုကိုအခြေခံ၍ ဆောင်ရွက်တတ်ကြသဖြင့် ငွေပေးချေခြင်းကိုလည်း စာချုပ်စာတမ်းများဖြင့် ဆောင်ရွက်မှုအားနည်းတတ်ကြပါသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် စီးပွားရေးဆိုင်ရာ အမှုအခင်းများတွင် စီရင်ဆုံးဖြတ်သည့် တရားရုံးဟု သီးသန့်မရှိသေးသဖြင့် ငွေပေးချေခြင်းကို တိကျသေချာစွာ ဆောင်ရွက်သင့်ပါသည်။

သုံးသပ်ခြင်း

ဝယ်ယူခြင်း လုပ်ငန်းအဆင့်ဆင့်ပြီးဆုံး၍ ကုန်ပစ္စည်းကို လက်ဝယ်ရောက်ရှိသည်နှင့် တစ်ပြိုင်နက် အဆိုပါကုန်ပစ္စည်းနှင့် ပတ်သက်၍ လိုအပ်ချက်၊ အရေအတွက်၊ အရည်အသွေး၊ သတ်မှတ်ထားသော အချိန်၊ လိုအပ်သော အချိန်မီခြင်းရှိ၊ မရှိ၊ စံခိုန်စံညွှန်းမီ၊ မမီ စသည်တို့ကို သုံးစွဲသည့် အချိန်တွင်ပင် မှတ်တမ်းတင် သုံးသပ်ရပါမည်။ ရောင်းချသူနှင့်ပတ်သက်သည့် အချက်များကိုလည်း သုံးသပ်ရမည်ဖြစ်ပါသည်။ ရောင်းချသူဘက်က အထက်ဖော်ပြပါ ပွင့်လင်းမြင်သာရှိမှု၊ ယုံကြည်စိတ်ချရမှု၊ တာဝန်ခံမှု တာဝန်ယူမှုများရှိမှု၊ ရောင်းချပြီးနောက် ဝန်ဆောင်မှုနှင့်ပတ်သက်၍ လုပ်ဆောင်ပေးနိုင်မှု စသည်တို့ကိုလည်း သုံးသပ်ရပါမည်။ ဝယ်ယူသူဘက်ကလည်း လိုအပ်သော ကုန်ပစ္စည်းများနှင့် ပတ်သက်၍ ထပ်မံလိုအပ်ချက်ကို မည်သို့ ဖြည့်ဆည်းမည်ဆိုသော အချက်ကိုလည်း ယခင်ဝယ်ယူခဲ့သည့် အချက်အလက်များပေါ် တွင် သုံးသပ်ပြီး ထပ်မံဝယ်ယူနိုင်ရေးကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

အဆုံးသတ်တင်ပြရမည်ဆိုပါက ဝယ်ယူခြင်း လုပ်ငန်းစဉ်သည် ပန်းချီကားတစ်ချပ် ရေးဆွဲသကဲ့သို့လည်းကောင်း၊ ပန်းပုတစ်ခု ထုလုပ်သကဲ့သို့လည်းကောင်း၊ စိတ်ကူးကြွစည်ခြင်းကို လက်တွေ့ ရုပ်ပုံ၊ ပစ္စည်းတစ်ခု ဖြစ်လာစေရန် ဖန်တီးသကဲ့သို့ပင် အဆင့်ဆင့်သော လုပ်ငန်းများ ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်သည်။ ချိန်ကိုက်ဖန်တီးချက်များ၊ ချိန်ဆ ဆောင်ရွက်ရမှုများအားလုံးပြီးပြည့်စုံမှသာလျှင် လိုအပ်သည်ဟု စိတ်ကူးထားသော ကုန်ပစ္စည်းကို လက်ဝယ်ပိုင်ပိုင် ရယူနိုင်သည်ဖြစ်ပါသည်။ အဆင့်ဆင့်သော လုပ်ငန်းစဉ်များတွင် တစ်ခုတလေ ချွတ်ချော်သည်နှင့် တစ်ပြိုင်နက် လိုအပ်သော သို့မဟုတ် လိုချင်သော ကုန်ပစ္စည်းသည် လက်ဝယ်သို့ ရောက်ရှိမည်မဟုတ်သကဲ့သို့ ရောက်ရှိလျှင်လည်း လိုအပ်သော အရည်အသွေးအတိုင်း မရရှိသည်မျိုးလည်း ဖြစ်တတ်ပါသည်။ ထို့ကြောင့် ဝယ်ယူခြင်းလုပ်ငန်းကို အနုပညာတစ်ရပ် ဖန်တီး သကဲ့သို့ လှုပသေသပ်စွာ အချိန်ကိုက်ဖန်တီးနိုင်ရန် လိုအပ်ပါသည်ဟု တင်ပြလိုက်ရပါသည်။

ပြည်ကုန်စည်ဒိုင်တွင် ပဲစျေးပြန်မြင့်လာ

ပြည်ခရိုင် ပြည်မြို့ရှိ ပြည်ကုန်စည်ဒိုင်တွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲသီးနှံများ အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ဖေဖော်ဝါရီ ပထမပတ်တွင် မတ်ပဲစျေးကျလာပြီး တစ်တင်းကို ကျပ် ၄၀၀၀၀၊ ၄၁၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး တစ်ရက်လျှင် အိတ် ၁၅၀၊ ၂၀၀ ခန့် ရန်ကုန်အဝယ်ရှိခဲ့သည်။ ဒုတိယပတ်တွင် ပဲတစ်တင်းကို ကျပ် ၃၈၀၀၀၊ ၃၉၅၀၀ အထိ စျေးဆက်ကျခဲ့ပြီး အရောင်းအဝယ်မှာ ပုံမှန်ရောင်းဝယ်မှုရှိပြီး တစ်ရက်ကို အိတ် ၁၅၀၊ ၂၀၀ ခန့်သာ အဝယ်ရှိခဲ့သည်။ တတိယပတ်တွင် ၄၀၃၀၀၊ ၄၁၈၀၀ ကျပ်ထိ စျေးပြန်တက်ခဲ့ပြီး နောက်ဆုံးပတ်တွင် ၄၁၅၀၀၊ ၄၁၇၀၀ ကျပ်စျေးဖြင့် အရောင်းအဝယ် ရှိခဲ့ပြီး တစ်ရက်လျှင်အိတ် ၂၀၀၊ ၂၅၀ ခန့် ရန်ကုန်တင်ပို့မှုရှိခဲ့သည်။ ယခုလ ပထမပတ်တွင် မတ်ပဲစျေး ပြန်တက်လာပြီး တစ်ရက်ကို ကျပ် ၄၄၀၀၀၊ ၄၄၅၀၀ ခန့် အရောင်းအဝယ်ကတော့ တစ်ရက်လျှင် ၂၅၀၊ ၃၀၀ ခန့် ရန်ကုန်ဝယ်လက်နှင့် လျောင်သမားများ အဝယ်ရှိခဲ့သည်။

ပဲတီစိမ်းသီးနှံမှာ ဖေဖော်ဝါရီလ ပထမပတ်တွင် ပုံမှန်တစ်တင်းကို ကျပ် ၃၈၀၀၀၊ ၃၉၀၀၀၊ ထိပ်စတစ်တင်းကို ကျပ် ၄၂၀၀၀ စျေးဖြင့် စျေးငြိမ်နေပြီး လက်ကျန်မှာနည်းနေပြီဖြစ်သည်။ ရန်ကုန်၊ မန္တလေးဝယ်လက်ရှိပြီး တစ်ရက်ကို အိတ် ၁၅၀၊ ၂၀၀ ခန့်တင်ပို့မှုရှိသည်။ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ပဲတစ်တင်းကို ပုံမှန် ကျပ် ၃၇၅၀၀၊ ၃၈၀၀၀၊ ထိပ်စ ကျပ် ၄၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ယခုလမထမပတ်တွင် ပုံမှန် ကျပ် ၃၇၀၀၀၊ ၃၈၀၀၀၊ ထိပ်စ တစ်တင်းကို ကျပ် ၄၂၀၀၀ ဖြင့် အရောင်းအဝယ်အနည်းငယ်သာ ဖြစ်ခဲ့သည်။

ပဲစင်းငုံသီးနှံမှာ ဖေဖော်ဝါရီလ ပထမပတ်တွင် ပဲတစ်တင်းကို ကျပ် ၄၃၀၀၀၊ ဒုတိယပတ်တွင် ပဲတစ်တင်းကို ကျပ် ၄၁၀၀၀ အထိ စျေးကျခဲ့ပြီး ရန်ကုန်ဝယ်လက် လျောင်သမားများ အဝယ်ရှိခဲ့သည်။ တတိယပတ်တွင် စျေးပြန်တက်ခဲ့ပြီး ကျပ် ၄၂၀၀၀ စျေးဖြင့် တစ်ရက်လျှင် အိတ် ၃၀၀၊ ၄၀၀ ခန့် ရန်ကုန်တင်ပို့မှုရှိခဲ့သည်။ စတုတ္ထပတ်တွင် ပဲတစ်တင်းလျှင် ကျပ် ၄၃၀၀၀ ထိ စျေးပြန်တက်ခဲ့ပြီး တစ်ရက်လျှင် ၂၀၀၊ ၃၀၀ ခန့် ရန်ကုန်အဝယ်ရှိသည်။ ယခုလ ပထမပတ်တွင် ပဲတစ်တင်းကို ကျပ် ၄၃၀၀၀၊ ၄၄၀၀၀ ဖြင့် စျေးတက်လာပြီး တစ်ရက်လျှင်အိတ် ၁၅၀၊ ၂၀၀ခန့် အဝယ်ရှိခဲ့သည်။

ကုလားပဲသီးနှံမှာ ဖေဖော်ဝါရီလ ပထမပတ်တွင် ပဲတစ်တင်းကို ကျပ် ၄၃၀၀၀၊ ၄၅၀၀၀ စျေးဖြင့် အရောင်းအဝယ်ရှိခဲ့ပြီး ခွဲစက်သမားများနှင့် ရန်ကုန်ဝယ်လက်များ အဝယ်ရှိခဲ့ပြီး တစ်ရက်ကို အိတ် ၃၀၀၊ ၄၀၀ ခန့် အဝယ်ရှိခဲ့သည်။ ဒုတိယပတ်တွင် ပဲတစ်တင်းကို ကျပ် ၄၀၀၀၀ ထိ စျေးကျခဲ့ပြီး တတိယပတ်တွင် ကျပ် ၄၁၀၀၀ထိ စျေးပြန်တက်ခဲ့ပြီး နောက်ဆုံးပတ်တွင် ၄၁၀၀၀ ကျပ်ဖြင့် စျေးငြိမ်နေခဲ့ ကာ ရန်ကုန်ဝယ်လက်၊ ခွဲစက်သမားများ တစ်ရက်လျှင် အိတ် ၃၀၀/ ၄၀၀ခန့် အဝယ်ရှိပြီး ပဲခွဲကြမ်းများကို ရန်ကုန်နှင့် နယ်စုံမှ အဝယ်ရှိခဲ့ကြောင်း သိရသည်။ ကုလားပဲသီးနှံစျေးမှာ ယခုလ ပထမပတ်တွင် စျေးပြန်မြင့်လာပြီး ကျပ် ၄၆၀၀၀၊ ၄၆၅၀၀ ထိမြင့်ခဲ့ပြီး အရောင်းအဝယ်ဖြစ်မှုမှာ တစ်ရက်လျှင် အိတ် ၇၀၀/၈၀၀ခန့် အရောင်းအဝယ်ရှိခဲ့ပြီး ရန်ကုန်ဝယ်လက်လျောင်သမားများ အဝယ်ရှိခဲ့သည်။

ပြည်ကုန်စည်ဒိုင်တွင် ပဲကြီး (ရွှေကျွန်း) သီးနှံမှာ ဖေဖော်ဝါရီလ၌ တစ်တင်းကို ကျပ် ၅၃၀၀၀ စျေးဖြင့် ပဲသစ်များစျေးဖွင့်ခဲ့သည်။ ယခုတစ်ပတ် ပဲကြီး(ရွှေကျွန်း)တစ်တင်းကို ၆၃၀၀၀၊ ၆၄၀၀၀ထိ စျေးမြင့်ခဲ့ပြီး ရန်ကုန်ဝယ်လက်နှင့် လျောင်သမားများ ပဲလျော်သမားများ အဝယ်ရှိပြီး တစ်ရက်ကို အိတ် ၇၀၀၊ ၈၀၀ခန့် အဝယ်ရှိခဲ့သည်။ ပဲကြီး (ကမ်းနား) တစ်တင်းကို ကျပ် ၆၂၀၀၀ ဖြင့် အရောင်းအဝယ်ရှိပြီး ပဲကျော်သမားများ၊ မြို့တွင်းရောင်းချမှုနှင့် ရန်ကုန်ဝယ်လက် အဝယ်ရှိခဲ့ကြောင်း သိရသည်။

မိမိအေး (ပြည်)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပြည်တွင်းစားသုံးမှု မြင့်တက်လာသည့် မျောက်ဝံသိုး

ဝေဖြိုးထက်

မျောက်ဝိုပင်ကို မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့၌ အများဆုံး တွေ့ရသည်။ မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့၌ အများဆုံး ရှင်သန်ပေါက်ရောက်သော်လည်း မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်း သိရှိရသည်။ နှစ်ရှည်ပင်ဖြစ်သည့် မျောက်ဝိုပင်သည် အပူအအေးမမျှတသော ရာသီဥတုကို ကြိုက်နှစ်သက်ပြီး ရေစီးရေလာကောင်းသော နုန်းမြေ၊ ရွှံ့နုန်းမြေတွေမှာ ကောင်းစွာဖြစ်ထွန်းနိုင်ပါသည်။ ရေလွှမ်းသောမြေများ တွင်လည်း စိုက်ပျိုးနိုင်ကြောင်းသိရသည်။ ယခင်က မျောက်ဝိုပင်ကို အိမ်ခြံဝင်းထဲတွင် ငါးပင်မှခြောက်ပင်ခန့် စိုက်ပျိုးကြပြီး စီးပွားဖြစ် စိုက်ပျိုးမှု မရှိသလောက် နည်းပါးခဲ့သည်။ ယခုအခါတွင် ဌက်ပျော်စိုက်ခင်း၊ ကော်ဖီစိုက်ခင်းများတွင် သီးနှံပ်အရိပ်ရပင်အဖြစ်လည်းကောင်း၊ မျောက်ဝိုပင်သီးသန့် စိုက်ခင်းအဖြစ်လည်းကောင်း၊ စီးပွားဖြစ် စတင် စိုက်ပျိုးလာကြပြီဖြစ်ကြောင်း သိရှိရသည်။

မျောက်ဝိုပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး အပင်အမြင့် ပေ ၅၀မှ ပေ ၁၀၀ အထိရှိနိုင်ပါသည်။ သက်တမ်းရင့်ပါက ပင်စည်လုံးပတ်သည် မန်ကျည်းပင်၊ ကုက္ကိုပင်ကဲ့သို့ ကြီးမားသည်။ အပင်သက်တမ်း ငါးနှစ်မှ ခုနစ်နှစ်အတွင်း စတင်သီးပွင့်သည်။ အခိုင်လိုက် အသီးသီးပြီး တစ်ပင်လျှင် အသီးအခိုင်ပေါင်း ၅၀ မှ ၂၅၀ ခန့်ထိ သီးကြောင်း၊ တစ်ခိုင်လျှင် သီးတောင့်ခုနစ်တောင့်မှ အတောင့် ၃၀ ခန့် ထိရှိပါက သီးတောင့်တစ်တောင့်လျှင် အစေ့ ၁၀ စေ့မှ ၁၅ စေ့ခန့် အထိပါရှိကြောင်းသိရသည်။ တောင်ပေါ်ဒေသများတွင် ဩဂုတ်လမှ စတင်၍ သီးပွင့်လေ့ရှိပြီး ဒီဇင်ဘာမှ ဖေဖော်ဝါရီအတွင်း အသီးများလှိုင်လှိုင် ထွက်ရှိသည်။ မြေပြန့်ဒေသတွင် အသီးအပွင့် နောက်ကျလေ့ရှိကြောင်း သိရှိရသည်။

မျောက်ဝိုသီးကို အသီးနုချိန်တွင် ၎င်းအသီးအသားကို ဇွန်းဖြင့် ခြစ်၍ ဟင်းလျာများတွင် ချက်ပြုတ်စားသောက်ကြပြီး အသီး အနည်း ငယ်ရင့်လာပါက အသီးကို မီးဖုတ်၊ အသားကိုခြစ်ယူကာ ချက်ပြုတ်စားသောက်ကြကြောင်းနှင့် အသီးရင့်လာပါက အသီးမှ အစေ့ကို ထုတ်ယူကာ ဟင်းလျာအမျိုးမျိုး ပြုလုပ်စားသောက်ကြသည်။ အရသာအားဖြင့် မြန်မာလူမျိုးများ ကြိုက်နှစ်သက်ကြသည်။ တညင်းသီးနှင့် အရသာဆင်တူသည်ဟု ဆိုကြသည်။ မျောက်ဝိုသီးကို အရွေ့တောင်အာရှနိုင်ငံများဖြစ်သည့် မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံတို့တွင် ဒေသဟင်းလျာအမျိုးမျိုးပြုလုပ်၍ ချက်ပြုတ်စားသောက်ကြပြီး အိန္ဒိယနိုင်ငံသားများကလည်း အထူးကြိုက်နှစ်သက်ကြကြောင်း သိရှိရသည်။ မျောက်ဝိုသီး၏ အနှံ့၊ အရသာသည် တညင်းသီး၏ အနှံ့အရသာနှင့် ဆင်တူသော်လည်း တညင်းသီးကဲ့သို့ ကျန်းမာရေးအတွက် ဆိုးကျိုးမရှိဘဲ ကျန်းမာရေးအတွက် အထူးကောင်းမွန်သင့်လျော်ကြောင်း သိရှိရသည်။

မျောက်ဝိုသီး၏ ကျန်းမာရေး အကျိုးကျေးဇူးက များပြားလှသောကြောင့် အထူးကုဆရာဝန်ကြီးဟု တင်စားကြပြီး ပုံမှန်စားသုံးပေးခြင်းဖြင့် နှလုံး၊ အသည်း၊ ကျောက်ကပ်၊ ဆီးချို/ သွေးချို ရောဂါများကို ကာကွယ်ထိန်းညှိပေးနိုင်ကြောင်း သိရသည်။ ကယ်လ်စီယမ်နှင့် ဖော့စ်ဖရပ်ပါဝင်သောကြောင့် အရိုးပွခြင်းကို ကာကွယ်ပေးနိုင်ခြင်း၊ ကြွက်သားအားကောင်းစေခြင်း၊ အာရုံကြောနိုးဆွမှု ပေးပို့ခြင်း၊ သွေးတိတ်နိုင်စွမ်း စသည့် ခန္ဓာကိုယ်လုပ်ဆောင်ချက်များကို အထောက်အကူဖြစ်စေနိုင်ပြီး ခန္ဓာကိုယ်ထဲက ပုံမှန်ဆဲလ်များ၏ လုပ်ဆောင်ချက်များကိုလည်း ထောက်ပံ့ပေးနိုင်ကြောင်း သိရသည်။ မျောက်ဝိုသီးနှင့်ပျားရည်ကို စားသုံးပေးခြင်းဖြင့် အစာအိမ်မကောင်းသူများအတွက်လည်း အထူးသင့်လျော်ကြောင်း သိရသည်။ ထို့ပြင် ပရိုတင်းဓာတ်ကြွယ်ဝစွာ ပါဝင်သောကြောင့် ခန္ဓာကိုယ်အတွင်း တစ်ရှူးများ အစားထိုးဖြစ်ပေါ်စေခြင်း၊ ထိန်းသိမ်းခြင်းနှင့် တည်ဆောက်ခြင်းတို့အတွက် အထောက်အကူပေးနိုင်ကြောင်းနှင့် မကောင်းသော ကိုယ်လက်ရောဂါများကိုလည်း လျှော့ချပေးနိုင်ကြောင်း သိရှိရသည်။ Phenolic ဒြပ်ပေါင်းကြွယ်ဝသည့်အတွက် ဘက်တီးရီးယားများကို သေစေနိုင်ပြီး ရောဂါပိုးဝင်ရောက်ခြင်းမှ အကာအကွယ်ပေးနိုင်သည်။ မျောက်ဝိုသီးကို စားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် အထူးအထောက်အကူပြုစေနိုင်သော်လည်း ၎င်းတွင် အမိုင်နိုအက်စစ်ပါဝင်သောကြောင့် တစ်ခါတည်းနှင့် များစွာ စားသုံးရန်မသင့်ပါ၊ ၎င်းကို ရေစိမ်ထားပါက အက်စစ်ကို လျှော့ချပေးနိုင်သဖြင့် အချိန်အတန်ကြာရေစိမ်ထားပြီးမှ ချက်ပြုတ်ပြင်ဆင် စားသုံးသင့်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် ယခင်က မျောက်ဝိုပင်များကို စီးပွားဖြစ်စိုက်ပျိုးလေ့မရှိဘဲ အိမ်ခြံဝင်းထဲတွင် ငါးပင် မှ ၁၀ ပင်ထိသာ စိုက်ပျိုးလေ့ရှိသည်။ ယခုအခါ မျောက်ဝိုသီးစားသုံးမှု မြင့်တက်လာခြင်းနှင့်အတူ ဝယ်လိုအားကောင်းလာသဖြင့် စီးပွားဖြစ်စိုက်ပျိုးလာကြသည်ကို တွေ့ရှိရသည်။ စိုက်ပျိုးရာတွင် အများအားဖြင့် အစေ့မှပျိုးထောင်ပြီး စိုက်ပျိုးကြကာ ကိုင်းဖြတ်ဆက်နည်း၊ အဖူးဖြုတ်နည်းတို့ဖြင့်လည်း စိုက်ပျိုးနိုင်ကြောင်း သိရသည်။ နွားချေးဆွေး၊ ဖွဲပြာ၊ မြေကြီးတို့ကို ဆတူရောထားသောမြေကို ပျိုးထုပ်အတွင်းထည့်ပြီး မျိုးစေ့ချ စိုက်ပျိုးပါက အပင်ပေါက်နှုန်း၊ ရှင်သန်ကြီးထွားနှုန်း ကောင်းမွန်သည်ဟု သိရှိရသည်။ ပျိုးသက် ၁၀ လမှ တစ်နှစ်အတွင်း အပင်အမြင့် သုံးပေခန့်ရှိလာမည်ဖြစ်ပြီး မြေဆွေးထည့်ထားသော နှစ်ပေ သို့မဟုတ် သုံးပေပတ်လည်ကျင်းတွင် ပျိုးပင်ငယ်ကို ထည့်သွင်းစိုက်ပျိုးနိုင်သည်။ သင့်လျော်သည့် ပင်ကြားတန်းကြားအကွာအဝေးမှာ ပေ ၂၀ မှ ပေ ၃၀ အတွင်းဖြစ်ကြောင်း သိရသည်။ အပင်ရှင်သန် ကြီးထွားလာပြီး ဥးဆွတ်ရန်သင့်လျော်သော အမြင့်ရှိနေစေရန်အတွက် ကိုင်းချိုင်ခြင်း၊ ခေါင်းနှင်းပြုပြင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးပါက သီးကိုင်းများလာစေနိုင်ကြောင်း သိရသည်။ မျောက်ဝိုပျိုးပင်စျေးနှုန်းမှာ ခြောက်လမှ တစ်နှစ်အတွင်း ပျိုးပင်တစ်ပင်လျှင် ကျပ် ၈၀၀ မှ ကျပ် ၂၀၀၀ အထိ စျေးရှိကြောင်းနှင့် ပျိုးပင်သက်တမ်း၊ ရောင်းချသည့်နေရာဒေသတို့ပေါ် မူတည်ပြီး စျေးနှုန်းကွာဟချက် ရှိနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် မျောက်ဝိုသီးအစေ့ကို ဝက်သား၊ ပုစွန်တို့ဖြင့်ချက်သော ဟင်းလျာသည် နာမည်ကြီးလူကြိုက်များသော ဟင်းလျာတစ်မျိုးဖြစ်သည်။ အိန္ဒိယနိုင်ငံတွင်လည်း အသီးနှင့်အစေ့ကို အမျိုးမျိုး ချက်ပြုတ်စားသောက်ကြပြီး လူကြိုက်များလှသည်။ ကသည်းလူမျိုးများသည် မျောက်ဝိုသီးစားပွဲတော်ကျင်းပပြီး ရိုးရာအစားအစာအဖြစ် နှစ်ခြိုက်စွာ စားသုံးကြကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တမူး၊ ကလေး ဒေသခံများသည် မျောက်ဝိုသီးကို ချက်စား၊ သုပ်စား၊ ကြော်စားရုံသာမက အရည်သောက်၊ ပန်ထွေဖျော်စသည်ဖြင့် စားသောက်လေ့ရှိသည်။

မြန်မာနိုင်ငံမှထွက်ရှိသော မျောက်ဝိုသီးများကို တမူးမြို့မှ တစ်ဆင့် အိန္ဒိယနိုင်ငံသို့ အဓိက ရောင်းချကြကြောင်း သိရသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ဒုတိယပတ်တွင် တမူးမြို့ရှိ မျောက်ဝိုသီးတောင့်စျေးနှုန်းမှာ အတောင့် ၅၀ ပါ မျောက်ဝိုသီးတစ်စီးလျှင် အနိမ့်ဆုံး ၂၅၀၀ ကျပ် မှ ၄၀၀၀ ကျပ်အထိ စျေးပေါက်လျက်ရှိပြီး နေ့စဉ် အသီးတောင့် ငါးသောင်းမှ တစ်သိန်းကျော်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ယခင်နှစ်များတွင် ယခုနှစ်ထက် စျေးကောင်းပို့ရပြီး အရောင်းအဝယ်သွက်လက်သည်ဟု မျောက်ဝိုသီး အရောင်းအဝယ်ပြုလုပ်သည့်ဒေသခံများကပြောသည်။ မျောက်ဝိုသီးစိုက်ပျိုးသူများ အနေဖြင့် အသီးခူးရောင်းကြသည်များရှိသကဲ့သို့ ပွဲစားထံ အပင်ဖြတ် ရောင်းချသည်များလည်း ရှိသည်။ စျေးနှုန်းစျေးကွက်နှင့် အသီးထွက်နှုန်းပေါ်မူတည်ပြီး မျောက်ဝိုသီးတစ်ပင်ကို တစ်နှစ်လျှင် အနိမ့်ဆုံး ငါးသောင်းကျပ်မှ တစ်သိန်းခွဲခန့်ထိ ဝင်ငွေရှိကြောင်း တမူးဒေသခံများ၏ ပြောကြားချက်အရ သိရှိရသည်။

ယခင်က မျောက်ဝိုသီးကို ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဒေသခံများကသာ စားသုံးကြလေ့ရှိပြီး အခြားဒေသများတွင် စားသုံးသူနည်းပါးသည်။ ယခုအခါ မြန်မာနိုင်ငံ အနှံ့တွင် မျောက်ဝိုသီးကို စားသုံးလာကြပြီး မျောက်ဝိုသီးဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း သိရသည်။ ပြည်တွင်းတွင် မျောက်ဝိုသီး အသီးတောင့်ထက် မျောက်ဝိုသီးအစေ့ကို ပိုမိုစားသုံးကြကြောင်း၊ မျောက်ဝိုသီးခြောက်ကို ပလတ်စတစ်ဘူးဖြင့် လေလုံအောင်ထည့်သွင်းပြီး စနစ်တကျ ထုပ်ပိုးကာ မြန်မာနိုင်ငံ ဒေသတော်တော်များများကို ပို့ဆောင်ရောင်းချလျက်ရှိကြောင်း မန္တလေးမြို့ရှိ မန်းထိပ်တန်း မျောက်ဝိုသီးရောင်းဝယ်ရေးလုပ်ငန်းရှင်ကပြောသည်။

ပြင်ဦးလွင်ဒေသတွင်လည်း မျောက်ဝိုသီးပင်ကို တစ်နိုင်တစ်ပိုင်သာမက စီးပွားဖြစ်စိုက်ပျိုးနေသော ခြံများရှိကြောင်း၊ မျောက်ဝိုအသီးတောင့်ကို နီးစပ်ရာမြို့များသို့ ပို့ဆောင်ရောင်းချပြီး အသီး ခြောက်ကိုမူ မြန်မာနိုင်ငံအနှံ့ ပို့ဆောင်ရောင်းချလျက်ရှိကြောင်း ပြင်ဦးလွင်မြို့က မျောက်ဝိုသီး ရောင်းချသူတစ်ဦးက ပြောသည်။ မျောက်ဝိုသီးခြောက်ကို အခွံခွာပါက မျောက်ဝိုသီးစေ့ရရှိပြီး အစေ့သည် လေသလပ်ပြီး အချိန်ကြာကြာထားပါက အရောင်ပြောင်းသွားတတ်ကြောင်း၊ သို့သော် မျောက်ဝိုသီးစေ့ကို ဆားရည်စိမ်ထားပါက ကြာကြာအထားခံကြောင်း၊ မျောက်ဝိုစေ့ဆားရည်စိမ်များကို ပလတ်စတစ်ဘူးဖြင့် သေချာထုပ်ပိုးပြီး ရောင်းချလျက်ရှိကြောင်း၊ Social Media တွင်လည်း ရောင်းချလျက်ရှိရာ ဒေသတော်တော်များများက မှာယူကြကြောင်း မျောက်ဝိုသီးရောင်းချသူက ပြောသည်။ သို့ပါ၍ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေပြီး အာဟာရဓာတ်ကြွယ်ဝသည့် မျောက်ဝိုသီးကို ယခင်က အိန္ဒိယပို့ကုန်အဖြစ်သာ အဓိကရောင်းချကြပြီး ယခုအခါ ပြည်တွင်းစားသုံးမှုမြင့်တက်လာကာ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှုများလည်း ရှိနေပြီဖြစ်ကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

သာပေါင်းမြို့၏ ကြိမ်ခြင်းလုံးစျေးကွက်

ရှေးမြန်မာမင်းများလက်ထက်ကပင် မြန်မာတို့၏ ရိုးရာပြိုင်ပွဲများတွင် ခြင်းလုံးခတ်ခြင်းကလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုးကွင်းမင်ကြောင်ထိုးထားသော လုလင်ပျိုများသည် ခါးတောင်းကျိုက်ကာ ခြင်းလုံးခတ်နေကြပုံများကို မြန်မာမှာသာမက ကမ္ဘာကပါ သိရှိကြသောပုံရိပ်များပင်ဖြစ်သည်။ စက်ဝိုင်းပုံသဏ္ဌာန်ဝိုင်း၍ စုစုစည်းစည်းဖြင့် ကစားရသော အားကစားတစ်ခုလည်းဖြစ်၍ အချင်းချင်း စည်းလုံးညီညွတ်မှုကို ပြသသော ကစားနည်းတစ်ရပ်ဖြစ်သည်။ ထိုကစားနည်းကို ရှေးယခင်မှစ၍ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းခဲ့သည်မှာ ယခုထက်တိုင် ဖြစ်သည်။ ခြင်းလုံးခတ်ခြင်းကို စိတ်ဝင်စားကြသလို ခြင်းလုံးထိုးခြင်း အနုပညာကိုလည်း သိရှိလို၍ သွားရောက်လေ့လာစုံစမ်းခဲ့သည်။

သာပေါင်းမြို့၏ ဒေသထွက်ကုန်များထဲမှ တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိသော ကြိမ်ခြင်းလုံးလုပ်ငန်းကလည်း အသေးစား အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုဖြစ်သည်။ ကုန်ကြမ်းအနေဖြင့် ရမထာကြိမ်ကို အဓိကအသုံးပြုပြီး ငွေဆောင်မြို့နှင့် သဲဖြူရွာတို့မှ အဓိကကုန်ကြမ်းကိုရရှိသည်။ ရမထာကြိမ်တစ်လုံးကို ယခင်နှစ်က ကျပ် ၅၀၀ မှ ၆၀၀ ဝယ်ယူ အသုံးပြုခဲ့ရပြီး ယခုနှစ်တွင် ကျပ် ၈၀၀ မှ ၉၀၀ အထိ ဝယ်ယူအသုံးပြုရသည်။

ကြိမ်ခြင်းလုံးတစ်လုံး၏ကုန်ကျစရိတ် မှာ ပျမ်းမျှ ကျပ် ၂၃၀၀ အထိ ကုန်ကျပြီး တစ်လုံးရောင်းရငွေ ကျပ် ၂၅၀၀ အထိ ရောင်းရ၍ တစ်လုံးပျမ်းမျှ ၂၀၀ ကျပ် အကျိုးအမြတ် ရရှိသည်။ တစ်ရက်ကို ကြိမ်ခြင်းလုံး ၄၀ ခန့် ရက်လုပ်နိုင်ပြီး တစ်လကို အလုံးရေ ၁၂၀၀ ခန့် ရက်လုပ်နိုင်ပြီး တစ်နှစ်ပျမ်းမျှ အလုံး ၁၄၄၀၀ ခန့် ထွက်ရှိသည်။ ကြိမ်ခြင်းလုံးကို ရန်ကုန်မြို့ အဝယ်ဒိုင်သို့ အဓိကတင်ပို့ပြီး ရန်ကုန်မှ မြန်မာနိုင်ငံ အနှံ့အပြားကို ဖြန့်ဖြူးရောင်းချကြောင်း သိရှိရသည်။

တစ်နှစ်ပတ်လုံး လုပ်ကိုင်ရသော လုပ်ငန်းဖြစ်၍ အရင်က မိသားစု တစ်နိုင်တစ်ပိုင်လုပ်ကိုင်သော လုပ်ငန်းဖြစ်သော်လည်း ယခုအခါ လုပ်သားဦးရေ ၂၀ ခန့်ဖြင့် တိုးချဲ့လုပ်ကိုင်ခြင်းဖြင့် ရှေးအစဉ်အလာမပျက် ဝင်ငွေတိုးတက်စေမည့် ကြိမ်ခြင်းလုံးစျေးကွက် ဝင်လာကြောင်းနှင့် အနီးပတ်ဝန်းကျင်ရှိသူများကိုလည်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိသော အသေးစား အိမ်တွင်းလက်မှုလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

စိုးဝင်းနိုင် (Doca Pt)

ခရမ်းချဉ်သီးမှ တန်ဖိုးမြှင့်ထုတ်ကုန်ဆီသို့

ရီလင်းထွဋ်(မုံရွာ)

အပူပိုင်းဒေသဖြစ်သော မုံရွာနယ်တွင် ခရမ်းချဉ်သီးကို မိုးအကုန် ဆောင်းအကူးတွင် အဓိကထား စိုက်ပျိုးကြခြင်းဖြစ်၍ စက်တင်ဘာလမှစပြီး ဖေဖော်ဝါရီလအလွန်ဆုံးထား စိုက်ပျိုးကြသည်။ ထို့ကြောင့် နှစ်စဉ် ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလများတွင် ဒေသစိုက် ထွက်ရှိမှုမရှိဘဲ ရှမ်းပြည်နယ်မှ အင်းသီးများ ဝယ်ယူသုံးစွဲရပြီး ဈေးနှုန်းအမြင့်ဆုံး အချိန်ဖြစ်သည်။ ပြီးခဲ့သည့် နိုဝင်ဘာ၊ ဒီဇင်ဘာလတုန်းက တစ်ပိဿာလျှင် ၄၀၀၀ ကျပ်ထိ ဝယ်ယူစားသုံးခဲ့ရာက ဇန်နဝါရီလတွင် ၁၅၀၀ ကျပ်၊ ယခင်တစ်ပတ်က ၁၀၀၀ ကျပ်ခန့်မှ လက်ရှိ ခရမ်းချဉ်သီးရွာဈေးက ၃၀၀ ကျပ်သာရှိတော့သည်။ မြို့ဈေးတွင်း လက်လီဝယ်စားရင်တော့ ၇၀၀ ကျပ်ပေးရသည်။

ရွာဈေး ၃၀၀ ကျပ်ရသည့်တောင်သူတွင် ဦးဆွတ်ခ ၄၀ ကျပ်နှင့် အခင်းမှ ရွာအရောက် သယ်ယူစရိတ် ၁၅ ကျပ်ဖြစ်၍ တစ်ပိဿာလျှင် ၅၅ ကျပ် လတ်တလော ကုန်ကျပြီးမှရသည့် ဈေးဖြစ်ရာ ၂၄၅ ကျပ်သာရသည့်သဘောဖြစ်သည်။ တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်က ကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် အပင်ရေ ၅၀၀၀ ခန့်ဖြင့် ဦးဆွတ်သက်တမ်း နှစ်လခွဲတွင် တစ်ပင်လျှင် နှစ် ပိဿာခွဲခန့် ထွက်ရှိသဖြင့် တစ်ဧကအထွက်နှုန်း ပိဿာချိန် ၁၂၅၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။ တစ်ပိဿာလျှင် ၈၀ ကျပ် ရင်းနှီးထားပြီး ၁၃၅ ကျပ်တွင် အရင်းကျေရုံဈေးသာ ဖြစ်သည်။ လက်ရှိ ကျပ် ၃၀၀ ရပါက စိုက်ပျိုးချိန်နှင့် ဦးဆွတ်ချိန် ခြောက်လအတွက် ကျပ်သိန်း ၂၀ ကျော် အကျိုးအမြတ်ရရှိသည်ဟု တွက်ချက်နိုင်သည်။ အထွက်နှုန်း ပိုမို ထွက်ရှိသူများ၊ အမြင့်ဈေးမီသူများကတော့ ပိုမိုမြတ်စွန်း နိုင်သည်။ ယခင်နှစ်က တစ်ပိဿာ ၅၀ ကျပ်ထိ ဈေးနှုန်းကျဆင်းခဲ့၍ ဦးဆွတ်ခြင်း မပြုတော့ဘဲ အရှုံးခံခဲ့ကြရသည်။

လွန်ခဲ့သောနှစ်များကလည်း စိုက်ပျိုးစရိတ် ရှုံးသည့် အခြေအနေများ ဖြစ်လေ့ဖြစ်ထရှိခဲ့သည်။ အမြတ်များသည့် နှစ်များလည်းရှိပြီး ကျွမ်းကျင်နေသည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သဖြင့် တောင်သူများကတော့ စိုက်ပျိုးနေမြဲဖြစ်ကြသည်။ မုံရွာမြို့နယ်တွင်း ချင်းတွင်းမြစ်ကျွန်းထဲရွာများတွင် ဧက ပေါင်း ၂၅၀၀ ခန့် စိုက်ပျိုးမှုရှိပြီး အခြားဒေသ အဝေးတင် ဈေးကွက်များရှိကြသည်။ ကျားခြေရာခေါ် ဗမာသီးကို ဒေသတွင်းသုံးစွဲရန်သာ စိုက်ပျိုးပြီး ရန်ကုန်နှင့် အခြားဒေသတင်ပို့ရန် အင်းသီးကဲ့သို့ ထိုင်ဝမ်သီးကို အဓိကထား ပိုမိုစိုက်ပျိုးသည်။ မုံရွာနယ်နှင့် ထွက်ရှိသည့် အချိန်တူညီကြသည့် ရှမ်း၊ မိတ္ထီလာ၊ ပြည်ဘက်က အထွက်များလို့ အဝေးဈေးကွက်တင်ပို့ရမှုနည်းပါးလျှင် ဈေးနှုန်းပိုမိုကျဆင်းကြောင်း တွေ့ရသည်။ ကုန်ဈေးနှုန်းများ မြင့်တက်ခြင်းသည် ကမ္ဘာတစ်ဝန်း ဖြစ်ပေါ်လျက်ရှိပြီး မြန်မာနိုင်ငံသည် အခြေခံစားရေရိက္ခာအတွက် မပူရသောနိုင်ငံဖြစ်ကြောင်း သတင်းများမှာလည်း ဖော်ပြလျက်ရှိသည်။

စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် မြင့်တက်လာသော်လည်း ထွက်ရှိသည့်သီးနှံက ဈေးကောင်းမရရင် စိုက်ပျိုးတောင်သူများ နစ်နာဆုံးရှုံးရသည်။ ဝယ်လိုအားဈေးကွက်ထက် ရောင်းလိုအား စိုက်ပျိုးထုတ်လုပ်မှုက ပိုမိုများပြားနေပါက ဈေးနှုန်းကျဆင်းခြင်းသည် ဖြစ်ပေါ်နေမည်သာဖြစ်သည်။ စားဖိုဆောင်သီးနှံများဖြစ်သော ကြက်သွန်နီနှင့် ခရမ်းချဉ်သီးဈေးကွက်သည် ထွက်ကုန် ပေါများလွန်းသည့် နှစ်နှင့် ဈေးကွက်တင်ပို့ရမှုနည်းသည့်နှစ်တွင် ဈေးကျဆင်းနေတတ်ရာ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ကြဖို့ အကြံပြုတိုက်တွန်းကြတာ တွေ့ရသည်။ မလုပ်ဖူးတာကိုလုပ်ဖို့ လက်တွေ့ကျ အခက်အခဲတွေ့ရမှာ စိုးရိမ်တဲ့ စိုက်ပျိုးတောင်သူများကတော့ သူတို့တတ်ကျွမ်းတဲ့ စိုက်ပျိုးထုတ်လုပ်တာကလွဲလို့ တန်ဖိုးမြှင့်ထုတ်လုပ်ဖို့ စိတ်ဝင်စားမှု၊ လုပ်လိုမှုမရှိတာ တွေ့ရတဲ့အတွက် စားသောက်ကုန် ထုတ်လုပ်မှုကို စိတ်ဝင်စားတဲ့လုပ်ငန်းရှင်များ လိုအပ်ကြောင်း တွေ့ရသည်။

သီးနှံအခြေခံ စားသောက်ကုန် တန်ဖိုးမြှင့်ထုတ်ကုန် အမျိုးမျိုး ပြုလုပ်နည်းသင်တန်းများရှိပြီး လေ့လာနိုင်ကြသည်။

ခရမ်းချဉ်သီးကို ယိုထိုး၊ ဆော့ချဉ်၊ ခရမ်းချဉ်သီးအနှစ်၊ ဖျော်ရည် စသည့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သော်လည်း အခက်အခဲတွေရှိနေသည်။ နည်းပညာပိုင်းမှာ အခြေခံလုပ်နည်းကိုသိရှိပြီး တစ်နိုင်တစ်ပိုင်လုပ်တာ အဆင်ပြေပေမယ့် စီးပွားဖြစ်လုပ်တော့မယ်ဆိုရင် စက်ပစ္စည်းစုံစမ်းတပ်ဆင်ဖို့၊ ကောင်းမွန်သည့်အရသာ ထပ်တူညီဖို့၊ တာရှည်ခံဖို့၊ ဘေးအန္တရာယ်ကင်းဖို့၊ သေချာထုပ်ပိုးဖို့၊ အဆင့်ဆင့် စနစ်တကျ ဆောင်ရွက်တတ်ဖို့ နည်းပညာလိုအပ်လာသည်။ ခရမ်းချဉ်သီးအစေ့ကို ဖယ်ထုတ်သန့်စင်ရခြင်းသည် ခက်ခဲကြောင်း၊ အရသာကို ကောင်းအောင် ထုတ်နိုင်ရင်တောင် အနံ့ကို စားချင့်စဖွယ် မွှေးကြိုင်သော အနံ့ဖြစ်အောင် ထုတ်လုပ်ရန် ခက်ခဲကြောင်း သိရှိရသည်။

အရင်းအနှီးပိုင်းတွင် တောင်သူအများစုမှာ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်တောင် အနိုင်နိုင်မို့ တန်ဖိုးမြှင့်ထုတ်လုပ်ဖို့ ငွေထပ်မရင်းနိုင်တော့ပါ။ စီးပွားရေးလုပ်ငန်းရှင်ကတော့ သေချာတွက်ချက်ပြီး အမြတ်အစွန်းရနိုင်မှ ဒီကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှာမို့ မမြတ်နိုင်လို့ဟု ယူဆရသည်။ တန်ဖိုးမြှင့်ထုတ်ကုန်စက်ရုံများကို နိုင်ငံတော်က ရင်းနှီးမြှုပ်နှံတည်ဆောက်ပေးခြင်းဖြင့် ပံ့ပိုးပေးခြင်း နည်းရှိပေမယ့် ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေးကူညီလျက်ရှိရာ စီးပွားရေးပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်းနည်းဖြင့်သာ ဝင်ရောက်စွက်ဖက်ပေးခြင်းရှိသည်။

စက်ရုံလုပ်သားရရှိရေးကဏ္ဍမှာ နယ်များတွင် မြို့လိုလခစား အလုပ်ထက် နေ့စားအလုပ်ကို ပိုမိုလုပ်ကိုင်လိုသည့် လုပ်သားများဖြစ်နေခြင်းနှင့် ကျွမ်းကျင်မှု၊ ယုံကြည်စိတ်ချရမှု၊ လုပ်ခလစာသင့်တော်မှုရှိဖို့ လိုအပ်ခြင်းအခက်အခဲများ ရှိနေသည်။

အလေ့အထပိုင်းအနေနဲ့ မြန်မာတို့က အခြောက်များ၊ အဆင်သင့်အနှစ်များ၊ စည်သွတ်ဘူးများ စားသောက်သည့် ဓလေ့၊ ခရမ်းချဉ်ဆော့ သုံးစွဲသည့်ဓလေ့ သိပ်မရှိသေးဘဲ လတ်လတ်ဆတ်ဆတ်ကိုပဲ အချိန်ပေး ချက်ပြုတ်စားသောက်သည့် အလေ့အထ ရှိနေသည့်အတွက် စားသုံးသူတို့၏ ယုံကြည်မှု၊ နှစ်သက်သဘောကျမှုကို ဆွဲဆောင် လေ့ကျင့်အချိန်ပေးရပါဦးမည်။

ဈေးကွက်ကြီးကြီးမားမားရှိရေး အပိုင်းသည် အဓိကဖြစ်ပါသည်။ ပြည်တွင်းဖြစ်ကို အားပေးချင်သည့် စိတ်ရှိသူများသည်ပင် ဈေးနှုန်းနှင့် အရည်အသွေးကို နှိုင်းယှဉ်ကြည့်တွက်ချက်ကြမည်ဖြစ်သည်။ ဈေးကွက်မှာ လူသုံးများနေသော ပြည်ပထုတ်ကုန်စည်များ (ဥပမာ-ခရမ်းချဉ်ဆော့ဘူးများ)၏ ဈေးကွက်ကို ယှဉ်ပြိုင်ထိုးဖောက်နိုင်အောင် ကြိုးစားရပါမည်။

အချိန်လေးလခန့် စိုက်ပျိုးရုံဖြင့်ရရှိမည့် တစ်လုံးတည်း အကျိုးအမြတ်ထက် ပိုမိုတွက်ခြေကိုက်ခြင်း၊ အချိန်၊ ငွေကြေး၊ လူအင်အား ရင်းနှီးထားရတာနဲ့ ရရှိတဲ့အကျိုးအမြတ်က ပိုမိုတွက်ခြေကိုက်ခြင်း ရှိလားဆိုသည်ကိုလည်း တွက်ချက်ကြပါမည်။ သီးနှံကို ကုန်ကြမ်းအတိုင်းရောင်းချတာထက် အလုပ်အကိုင် အခွင့်အလမ်းများပေးနိုင်မည့်၊ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရောင်းချဖို့ တိုက်တွန်းလျက်ရှိသည်။ ခရမ်းချဉ်သီးပေါများစွာထွက်ရှိပြီး ဈေးနှုန်းကျဆင်းချိန် ဝယ်ယူနိုင်ခြင်းဖြင့် ထုတ်လုပ်သူများအတွက်လည်း ကုန်ကြမ်းဈေးနှုန်းသက်သာ၊ စိုက်ပျိုးတောင်သူများအတွက်လည်း အဆင်ပြေသည့် အခြေအနေဖြစ်သဖြင့် အဆိုပါအခက်အခဲများကို ကျော်လွှားနိုင်ကြပြီး တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ ပိုမိုတိုးပွားလာပါစေကြောင်း ဆန္ဒပြုလိုက်ပါသည်။

ပြည်ပဆန်ဈေးနှုန်းများ

၉-၃-၂၀၂၂ မှ ၁၅-၃-၂၀၂၂ ထိ ပြည်ပဆန်ဈေးနှုန်း FOB-YGN

စဉ်	အမျိုးအမည်	ဈေးနှုန်း	မှတ်ချက်
1	Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed)	345 - 355	
2	Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed)	340 - 345	
3	Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed)	335 - 340	
4	Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed)	330 - 335	
5	Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed)	325 - 330	
6	Myanmar Long Grain White Rice 5% Broken (Reasonable Well Milled)	330 - 335	
7	Myanmar Long Grain White Rice 15% Broken (Reasonable Well Milled)	320 - 325	
8	Myanmar Long Grain White Rice 25% Broken (Reasonable Well Milled)	310 - 315	
9	Myanmar Long Grain White Rice (Emata) 25% Broken (Reasonable Well Milled)(For Africa)	300 - 305	
10	Myanmar Long Grain Brown Rice 5% Broken	320 - 325	
11	Myanmar Long Grain Brown Rice 10% Broken	315 - 320	
12	Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed)	345 - 355	
13	Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed)	340 - 345	
14	Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed)	335 - 340	
15	Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed)	330 - 335	
16	Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed)	345 - 350	
17	Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed)	340 - 345	
18	Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed)	335 - 340	
19	Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed)	325 - 330	
20	Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed)	345 - 350	
21	Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed)	340 - 345	
22	Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed)	335 - 340	
23	Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed)	330 - 335	
24	Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed)	350 - 355	
25	Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed)	345 - 350	
26	Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed)	340 - 345	
27	Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed)	335 - 340	
28	Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed)	415 - 420	
29	Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed)	410 - 415	
30	Myanmar Long Grain Parboiled Brown Rice 5% Broken	385 - 395	
31	Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed)	420 - 425	
32	Myanmar Glutinous Rice 5% Broken	450 - 460	
33	Myanmar Glutinous Rice 10% Broken	440 - 450	
34	A-1 , 2 (Sortexed)	310 - 315	
35	B-1 , 2 (Sortexed)	305 - 310	
36	B-1,2 (Non-Sortexed)	300 - 305	
37	B-2,3,4 (Non-Sortexed)	295 - 300	
38	100% Broken Rice Softexed Reject (Animal Feed)	275 - 280	
39	100% Parboiled Broken Rice Sortexed Reject	275 - 280	
40	100% Parboiled Broken (B-1,2)	275 - 280	
41	100% Brown Rice Broken (B-1,2)	265 - 270	
42	Parboiled Rice Reject (Grade 2)	270 - 275	
43	Glutinous Broken Rice (Sortexed)	340 - 350	
44	Paw San 5% Broken	575	
45	Paw San 10% Broken	560	
46	Paw San 15% Broken	550	
47	Paw San 100% Broken	310 - 315	

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပဝါဒီဇယ်ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် မတ် ၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၈ နိုင်ငံအနက် လစ်သူယေးနီးယားနိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၂၃ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှုအမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး နော်ဝေနိုင်ငံတွင် ၁၇ ဒသမ ၉၀ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံတွင် ၁၆ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ဇင်ဘာဘွေနိုင်ငံတွင် ၁၆ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၇၀ ရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ အာဖဂန်နစ္စတန်၊ ဘီနင်၊ အီဂျစ်၊ ဟန်ဂေရီ၊ အစ္စရေး၊ ဂျော်ဒန်၊ ရုရှား၊ တောင်အာဖရိကနှင့် ယူကရိန်း စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၇ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်းတည်ငြိမ်နေလျက်ရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံတစ်နိုင်ငံသာရှိပြီး ဥဇဘတ်ကစ္စတန်နိုင်ငံတွင် သုည ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ မတ် ၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီ ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၁၆ ဒသမ ၈၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၁၀ ဒသမ ၂၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၈ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရ သည်။

ဒီဇယ်ဆီဈေးနှုန်းသည် မတ် ၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၈ နိုင်ငံအနက် လက်ဘနွန်နိုင်ငံသည် ယခင်တစ်ပတ် ဈေးနှုန်းထက် ၂၇ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတွင် ၂၇ ဒသမ ၇၀ ရာခိုင်နှုန်း၊ လစ်သူယေးနီးယားနိုင်ငံတွင် ၂၇ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် နော်ဝေနိုင်ငံတွင် ၂၃ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၇၀ ရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ အန်ဒိုရာ၊ ဘီလာရုစ်၊ အီသီယိုးပီးယား၊ ဂိုင်ယာနာ၊ နိုင်ဂျီးရီးယား၊ ပီရူး၊ ယူဂန်ဒါ၊ ဥရုဂွေးနှင့် ယီမင် စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၆ နိုင်ငံတို့တွင် ယခင်အပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရ သည်။

ယခုတစ်ပတ်တွင် ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံ နှစ်နိုင်ငံသာရှိပြီး ရုရှားနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းနှင့် ဒိုမီနီကန်နိုင်ငံတွင် ၆ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ မတ် ၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၂၇ ဒသမ ၇၀ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံတွင် ၁၃ ဒသမ ၂၀ ရာခိုင်နှုန်း၊ လာအိုနိုင်ငံတွင် ၈ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၇၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ မတ် ၇ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	နိုင်ငံအမည်	ရေတွက်ပုံ	ဓာတ်ဆီ	ဒီဇယ်
၁	မြန်မာ	လီတာ	၁.၃၀	၁.၃၂
၂	အင်ဒိုနီးရှား	လီတာ	၀.၉၀	၀.၉၅
၃	ထိုင်း	လီတာ	၁.၃၅	၀.၉၁

သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

Date	ISA Daily Price	15 Day Average	White Sugar Price Index	
8-Mar-22	19.36 cts/lb	18.27 cts/lb	530.40 $/T	24.06 cts/lb
7-Mar-22	19.20 cts/lb	18.16 cts/lb	527.05 $/T	23.91 cts/lb
4-Mar-22	19.17 cts/lb	18.06 cts/lb	525.70 $/T	23.85 cts/lb
3-Mar-22	18.79 cts/lb	17.98 cts/lb	515.30 $/T	23.37 cts/lb
2-Mar-22	18.54 cts/lb	17.93 cts/lb	508.85 $/T	23.08 cts/lb
1-Mar-22	18.21 cts/lb	17.90 cts/lb	502.85 $/T	22.81 cts/lb
28-Feb-22	17.74 cts/lb	17.87 cts/lb	489.65 $/T	22.21 cts/lb
25-Feb-22	17.69 cts/lb	17.87 cts/lb	487.45 $/T	22.11 cts/lb
24-Feb-22	17.99 cts/lb	17.88 cts/lb	493.65 $/T	22.39 cts/lb
23-Feb-22	18.03 cts/lb	17.87 cts/lb	490.00 $/T	22.23 cts/lb
22-Feb-22	18.03 cts/lb	17.84 cts/lb	489.35 $/T	22.20 cts/lb
21-Feb-22	17.91 cts/lb	17.85 cts/lb	482.70 $/T	21.89 cts/lb
18-Feb-22	17.78 cts/lb	17.85 cts/lb	481.60 $/T	21.85 cts/lb
17-Feb-22	17.89 cts/lb	17.86 cts/lb	483.25 $/T	21.92 cts/lb
16-Feb-22	17.70 cts/lb	17.87 cts/lb	478.75 $/T	21.72 cts/lb
15-Feb-22	17.71 cts/lb	17.91 cts/lb	476.60 $/T	21.62 cts/lb
14-Feb-22	17.79 cts/lb	17.96 cts/lb	479.30 $/T	21.74 cts/lb
11-Feb-22	17.93 cts/lb	18.01 cts/lb	485.75 $/T	22.03 cts/lb
10-Feb-22	17.99 cts/lb	18.06 cts/lb	500.55 $/T	22.70 cts/lb
9-Feb-22	18.09 cts/lb	18.10 cts/lb	497.45 $/T	22.56 cts/lb
8-Feb-22	17.79 cts/lb	18.15 cts/lb	491.30 $/T	22.29 cts/lb
7-Feb-22	17.77 cts/lb	18.19 cts/lb	487.25 $/T	22.10 cts/lb
4-Feb-22	17.87 cts/lb	18.22 cts/lb	493.25 $/T	22.37 cts/lb
3-Feb-22	17.75 cts/lb	18.24 cts/lb	487.75 $/T	22.12 cts/lb
2-Feb-22	17.67 cts/lb	18.25 cts/lb	484.55 $/T	21.98 cts/lb
1-Feb-22	18.09 cts/lb	18.28 cts/lb	493.70 $/T	22.39 cts/lb
31-Jan-22	17.87 cts/lb	18.26 cts/lb	487.60 $/T	22.12 cts/lb
28-Jan-22	17.94 cts/lb	18.25 cts/lb	490.85 $/T	22.26 cts/lb
27-Jan-22	18.15 cts/lb	18.24 cts/lb	495.10 $/T	22.46 cts/lb
26-Jan-22	18.24 cts/lb	18.23 cts/lb	495.45 $/T	22.47 cts/lb
25-Jan-22	18.47 cts/lb	18.22 cts/lb	500.25 $/T	22.69 cts/lb
24-Jan-22	18.53 cts/lb	18.23 cts/lb	500.75 $/T	22.71 cts/lb
21-Jan-22	18.62 cts/lb	18.23 cts/lb	501.45 $/T	22.75 cts/lb

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International SugarOrganization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ဇန်နဝါရီ ၂၁ ရက်တွင် အမေရိကန်ဒေါ်လာ ၅၀၁ ဒသမ ၄၅ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး မတ် ၈ ရက်တွင် သကြားဖြူ (WhiteSugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၃၀ ဒသမ ၄၀ ဒေါ်လာ ဖြစ်ပေါ်ခဲ့သည်ကို တစ်ဖက်ပါအတိုင်း တွေ့ရှိရသည်။

လက်ရှိ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မတ် ၄ ရက်အထိ (ယာယီ) စာရင်းများအရ သကြား တန်ချိန် ၁၇၀၀၀ ကျော်ကို ပင်လယ်ရေကြောင်းမှ ဗီယက်နမ်နိုင်ငံသို့ အများဆုံး တင်ပို့လျက်ရှိကြောင်း တွေ့ရှိရသည်။ ဗီယက်နမ် သကြားဈေးကွက်သို့ ထိုင်းနှင့် အခြားနိုင်ငံများမှ သကြားများဝင်ရောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ၏ စက်မှုဝန်ကြီးဌာနမှ ပြည်တွင်းလုပ်ငန်းများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ရန်အတွက် သကြားတင်သွင်းမှုများကို anti-dumping duty လုပ်ဆောင်လျက်ရှိပြီး မိမိနိုင်ငံမှ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ပထမပတ်မှစ၍ သကြားတင်ပို့မှု ရပ်နားခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဇန်နဝါရီလ လကုန်ပတ်မှစ၍ ပင်လယ်ရေကြောင်းမှ သကြားပြန်လည် တင်ပို့မှုရှိနေကြောင်း တွေ့ရှိရသည်။

၂၀၂၂ ခုနှစ် မတ်လ ပထမအပတ်တွင် တရုတ်နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၉၁၄ ဒေါ်လာဖြစ်ပေါ်ခဲ့သည်။ အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၈၃ ဒေါ်လာ၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၆၅ - ၄၇၃ ဒေါ်လာ၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၄၁ - ၅၀၀ ဒေါ်လာဖြစ်ပေါ်ခဲ့ကာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါကတရုတ်နှင့် အမေရိကန်နိုင်ငံတို့တွင် သကြားဈေးနှုန်းမှာ မြင့်တက်နေခဲ့ပြီး ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့တွင် သကြားဈေးနှုန်းမှာ ကျဆင်းလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

၂၀၂၂ ခုနှစ် မတ်လ ပထမအပတ်တွင် မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၄၃၀ ဒေါ်လာရှိပြီး တရုတ်နိုင်ငံတွင် သကြား တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၉၁၄ ဒေါ်လာ ပေါက်ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၄၈၄ ဒေါ်လာ ဈေးနှုန်း ကွာဟချက် ရှိပါသည်။မြန်မာ-ထိုင်း နယ်စပ်၊ မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၇ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၅ ဝန်းကျင် ရှိကြောင်း လေ့လာ သိရှိရသည်။

ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ် ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကို လေ့လာရာတွင် ကျိုင်းတုံနှင့် လွိုင်ကော်မြို့တို့တွင် သကြားတစ်ပိဿာလျှင် ၂၅၀၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ဘားအံမြို့နှင့် ဟားခါးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ၂၀၀၀ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ Trading Economics Website တွင် ဖော်ပြချက်အရ မတ်လ ပထမပတ်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်ပတ်နှင့် နှိုင်းယှဉ်လျှင် ၁ ဒသမ ၆၁ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

[illegible]

၄	ဗီယက်နမ်	လီတာ	၁.၂၀	၀.၉၄
၅	စင်ကာပူ	လီတာ	၂.၁၉	၁.၉၄
၆	မလေးရှား	လီတာ	၀.၄၉	၀.၅၂
၇	ဖိလစ်ပိုင်	လီတာ	၁.၂၆	၁.၁၂
၈	ကမ္ဘောဒီးယား	လီတာ	၁.၁၆	၀.၉၄
၉	လာအို	လီတာ	၁.၄၈	၁.၁၃
၁၀	ဘရူနိုင်း	Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။		

၂၀၂၂ ခုနှစ် မတ် ၇ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၁ ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံအလိုက် နည်းများတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၃၀ ဒေါ်လာနှုန်းဖြင့် ၉၃ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၃၂ ဒေါ်လာနှုန်းဖြင့် ၁၁၄ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး၊ အများဆုံး နိုင်ငံများ စာရင်းကို တစ်လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ			ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ		
	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး
၁	လစ်ဗျား	လီတာ	၀.၀၃	ဟောင်ကောင်	လီတာ	၂.၈၃
၂	အီရန်	လီတာ	၀.၀၅	နော်ဝေ	လီတာ	၂.၆၉
၃	ဆီးရီးယား	လီတာ	၀.၃၂	ဒိန်းမတ်	လီတာ	၂.၄၀
၄	အယ်လ်ဂျီးရီးယား	လီတာ	၀.၃၂	ဆွီဒင်	လီတာ	၂.၂၉
၅	အင်ဂိုလာ	လီတာ	၀.၃၄	နယ်သာလန်	လီတာ	၂.၂၉

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ			ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ		
	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး	နိုင်ငံအမည်	ရေတွက်ပုံ	တန်ဖိုး
၁	အီရန်	လီတာ	၀.၀၁	ဆွီဒင်	လီတာ	၂.၇၀
၂	လစ်ဗျား	လီတာ	၀.၀၃	နော်ဝေ	လီတာ	၂.၆၉
၃	ဆီးရီးယား	လီတာ	၀.၁၄	ဟောင်ကောင်	လီတာ	၂.၄၉
၄	ဆော်ဒီအာရေဗျ	လီတာ	၀.၁၇	ဒိန်းမတ်	လီတာ	၂.၃၄
၅	အယ်လ်ဂျီးရီးယား	လီတာ	၀.၂၀	ဘယ်လ်ဂျီယံ	လီတာ	၂.၂၆

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	နိုင်ငံအမည်	ရေတွက်ပုံ	ဓာတ်ဆီ	ဒီဇယ်
၁	တရုတ်	လီတာ	၁.၃၇	၁.၂၂
၂	ဂျပန်	လီတာ	၁.၄၈	၁.၂၉
၃	အိန္ဒိယ	လီတာ	၁.၃၄	၁.၁၇

ရုရှားနိုင်ငံ၏ ရေနံတင်သွင်းမှုကို တားမြစ်ပိတ်ပင်ရန် အမေရိကန်နှင့် ဥရောပမဟာမိတ်အဖွဲ့များက စဉ်းစားနေခြင်းကြောင့် ရေနံဈေးနှုန်းသည် ၂၀၀၈ နောက်ပိုင်း အမြင့်ဆုံးဈေးအဖြစ် ရေနံစိမ်းဈေးနှုန်းသည် ၂၀၂၂ ခုနှစ် မတ် ၈ ရက်တွင် တစ်စည်လျှင် အမေ

DOT (P&S)

ရိကန်ဒေါ်လာ ၁၂၀ ကျော်သို့ မြင့်တက်လာပြီး မတ် ၉ ရက်တွင် တစ်စည်လျှင် ၁၀၈ ဒသမ ၇၀ သို့ အနည်းငယ် ကျဆင်းနေသည်ကို တွေ့ရှိရသည်။ Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

စဉ်	ရက်စွဲ	ရေတွက်ပုံ	ဈေးနှုန်း
၁	၃.၃.၂၀၂၂	စည်	၁၁၀.၆၀
၂	၄.၃.၂၀၂၂	စည်	၁၀၇.၆၇
၃	၇.၃.၂၀၂၂	စည်	၁၁၉.၄၀
၄	၈.၃.၂၀၂၂	စည်	၁၂၃.၇၀
၅	၉.၃.၂၀၂၂	စည်	၁၀၈.၇၀

source : http://www.oil-price.net/

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ မတ် ၇ ရက်ထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-



စာမျက်နှာ ၁၈ သို့

ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသည့် COVID-19 ကပ်ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် မတ် ၃ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၉၂၈ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ မတ် ၁၀ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၇၉ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း မတ် ၃ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၁၉၄၆၀၀၀ ကျပ်ပေါက်ဈေးရှိခဲ့ရာမှ မတ် ၁၀ ရက်တွင် ၂၀၀၅၀၀၀ ကျပ်သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှ မတ်လ၁၀ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေး အခြေအနေတို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်-

စဉ်	နေ့စွဲ	ရွှေဈေးနှုန်း	
		ကျပ်	ဒေါ်လာ
၁	၂၁.၁.၂၀၂၂	၁၈၇၈၀၀၀	၁၈၃၃
၂	၂၄.၁.၂၀၂၂	၁၈၈၁၀၀၀	၁၈၄၂
၃	၂၅.၁.၂၀၂၂	၁၈၉၀၀၀၀	၁၈၄၁
၄	၂၆.၁.၂၀၂၂	၁၈၈၂၀၀၀	၁၈၄၇
၅	၂၇.၁.၂၀၂၂	၁၈၇၀၀၀၀	၁၈၁၂
၆	၂၈.၁.၂၀၂၂	၁၈၇၀၀၀၀	၁၇၉၉
၇	၃၁.၁.၂၀၂၂	၁၈၇၇၀၀၀	၁၇၉၀
၈	၂.၂.၂၀၂၂	၁၈၇၉၀၀၀	၁၈၀၀
၉	၃.၂.၂၀၂၂	၁၈၇၈၀၀၀	၁၈၀၅
၁၀	၄.၂.၂၀၂၂	၁၈၇၈၀၀၀	၁၈၁၀
၁၁	၇.၂.၂၀၂၂	၁၈၈၀၀၀၀	၁၈၁၂
၁၂	၈.၂.၂၀၂၂	၁၈၈၃၀၀၀	၁၈၂၀
၁၃	၉.၂.၂၀၂၂	၁၈၈၈၀၀၀	၁၈၂၈
၁၄	၁၀.၂.၂၀၂၂	၁၈၈၆၀၀၀	၁၈၃၂
၁၅	၁၁.၂.၂၀၂၂	၁၈၈၅၀၀၀	၁၈၂၇
၁၆	၁၄.၂.၂၀၂၂	၁၉၀၀၀၀၀	၁၈၅၇

စာမျက်နှာ ၁၈ သို့

ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက မတ် ၇ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၃၈ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၁ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန် ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၄ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၉ ဖြင့် လည်း ကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ် လာ ၄၁၄ ဖြင့် လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၂၂ ဖြင့် လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၀၃ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့် လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၂၃ ဖြင့် လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်း ဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများနှင့် ပါကစ္စတန်နိုင်ငံတို့၏ ဆန်ဈေးနှုန်းမှာ ကျဆင်းခဲ့ပြီး ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးနှုန်းမှာ မြင့်တက်ခဲ့ကာ အိန္ဒိယနိုင်ငံ၏ ဆန်ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိသည်ကို သိရှိရသည်။

ဆန်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် ယူကရိန်းအရေးကြောင့် ဆန်ဝယ်လက်နိုင်ငံများဆီက ဝယ်လိုအား ပိုများလာနိုင်မည်ဟု ကုန်သည်အချို့က ခန့်မှန်းနေကြပြီး တရုတ်နိုင်ငံကလည်း နယ်စပ်လမ်းကြောင်းများ ပြန်ဖွင့်လာသည့်အတွက် ယခုတစ်ပတ် အာရှဆန်ဈေးကွက်တွင် ဆန်ဈေးအများစု တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။ ဗီယက်နမ် ၅ ရာခိုင်နှုန်း ပို့ကုန်ဆန်ဈေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဖြင့် ဈေးဖွင့်ထားပြီး ယခင်တစ်ပတ် ပေါက်ဈေး ၃၉၅-၄၀၀ ဒေါ်လာထက် ဈေးအနည်းငယ် မြင့်လာကြောင်း သိရှိရသည်။ ကိုဗစ်ရောဂါကြောင့် ပိတ်ထားသည့် ဗီယက်နမ်-တရုတ် နယ်စပ်ဂိတ်များကို တရုတ်နိုင်ငံဖက်မှ ပြန်လည်ဖွင့်ပေးလာ၍ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု တိုးလာနိုင်ကြောင်း ဗီယက်နမ် ဆန်ကုန်သည်များက ခန့်မှန်းထားကြောင်းသိရှိရသည်။ လက်ရှိဖြစ်ပွားနေသည့် ယူကရိန်းအရေးကြောင့် ဝယ်လက်များက ဗီယက်နမ်နိုင်ငံအပါအဝင် အာရှဒေသနိုင်ငံများဆီက ဆန်အဝယ် ရှိလာနိုင်ကြောင်း ခန့်မှန်းနေကြသည်။

ဘန်ကောက် ဆန်ကုန်သည်များက ယူကရိန်း အရေးကြောင့် သယ်ယူပို့ဆောင်ခများ အနည်းငယ် မြင့်တက်လာနိုင်ကြောင်း သုံးသပ်ကြသည်။ ထိုင်း ၅ ရာခိုင်နှုန်း ဆန်ဈေးသည် တစ်တန်လျှင် ၄၀၀-၄၀၃ ဒေါ်လာတွင် တည်ငြိမ်နေပြီး ဘတ်ငွေနှင့် ဒေါ်လာလဲလှယ်နှုန်းကြောင့် ဈေးအနည်းငယ် မြင့်တက်လာသည်။ အခြားဆန်ကုန်သည်များက ရုရှားနှင့် ယူကရိန်းသည် အဓိကကျသည့် ကုန်သွယ်ဖက်နိုင်ငံများ မဟုတ်သဖြင့် ယူကရိန်းအရေးကြောင့် ထိုင်းဆန်ဈေးကွက်မှာ သက်ရောက်မှုမရှိနိုင်ကြောင်း ပြောကြားခဲ့သည်ကို သိရှိရသည်။ အိန္ဒိယနိုင်ငံတွင် ပြည်ပက ဆန်အဝယ်များ တိုးလာသော်လည်း ၅ ရာခိုင်နှုန်း ပေါင်းဆန်ဈေးသည် ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း အပြောင်းအလဲမရှိဘဲ တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

လက်ရှိ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မတ် ၄ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၈၀၂၄၆၃ ဒသမ ၄၀၆တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၅ ဒသမ ၅၆၆ သန်း၊ ဆန်ကွဲတန်ချိန် ၄၁၉၆၉၁ ဒသမ ၅၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၆ ဒသမ ၈၄၃သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၂၂၂၁၅၄ ဒသမ ၉၀၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၉၂ ဒသမ ၄၀၉ သန်း ရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၆၀၄၀၂၉ ဒသမ ၀၆၈ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၄၂ ဒသမ ၉၈၄ သန်း၊ ဆန်ကွဲတန်ချိန် ၄၃၂၁၇၂ ဒသမ ၉၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၉ ဒသမ ၀၀၈ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၀၃၆၂၀၁ ဒသမ ၉၆၈ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၃၉၁ ဒသမ ၉၉၂ သန်းဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရှိရသည်။

စာမျက်နှာ ၁၈ သို့

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

Karry

Myanmar Great Motor Company Limited

No.31 B , Bo Gyoke Museum Street , Bo Cho (1) Quarter , Bahan Twonship, In Front of Daw Khin Kyi Hospital , Yangon, Myanmar .

Ph / +959 - 887788104 , +959 - 887788105 , +959 – 887788106 , +959-266222283

E-mail / account @myanmargmc.com , admin@myanmargmc.com

SAN DARA AUNG CO.,LTD
(For Better Trade)

We Carefully Handle Your Cargo
Our Services

- Fumigation , Inspection & Documentation Services
- Customs Clearance Services
- Container Transporation Services

Export
Import

No.(71), Ground Floor, 31st Street , 9 Quarter,
Pabedan Township, Yangon.

HP : +95 9 5005553, +95 9 795005553 E-mail : sandaraaung71@gmail.com

Enfirst Myanmar Company Limited

အရသာကောင်းလို့
လူတိုင်းကြိုက်တာ
Aung Cooking Oil

U10/48 အောင်တံခွန် ၃ လမ်း မြောက်ဒဂုံ

09953228878,09974470618

MYANMAR SAMMIN LOGISTICS

Address

RM301, La Pyae Wun Plaza, A Lan Pya Pagoda Road, Dagon T/S, Yangon, Myanmar.

Tel

951-378046,

Export Sea Department

09-263360016

Import Department

09-263360017

Operation Department

09-263360018

Email

samminexportygn@gamil.com,
samminygn@gmail.com
samminoperationseaair@gmail.com
operation.samminygn@gmail.com
samminairexportygn@gmail.com

CONTROL STAR
Export & Import Co., Ltd.

ORCHID ဟင်းစတ်မွန့်.
အရသာရှိဆုံး ဟင်းလျာတိုင်းဖန်တီးနိုင်တဲ့
ORCHID

JASMINE Refined Sugar

JASMINE PRAWN Cooking Oil

Nya-55, Yuzana Street, Bayintnaung, Mayangone Township, Yangon,
Myanmar. Tel : 01-680659, 01-528733, 09-791252060

THUWUNNA NADI TRADING LIMITED
AYEYARWADY NADI IMPORT & EXPORT COMPANY LIMITED

OUR INDUSTRY

Union Financial Center (UFC), Unit 07-03, Corner of Mahabandoola Road & Thein Phyu Road, Botahtaung Township, Yangon, Myanmar
Tel: +95-1-8203885, 8203886, 8203887
Mobile:+95-9-5013210, 5013209, 450015680, 450015690, 5500588
Email : thuwunnanadi@gmail.com, Website: www.thuwunnanadi.com

စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း . . . မှအဆက်

၁၇	၁၅.၂.၂၀၂၂	၁၈၉၄၀၀၀	၁၈၅၇
၁၈	၁၆.၂.၂၀၂၂	၁၈၉၄၀၀၀	၁၈၅၉
၁၉	၁၇.၂.၂၀၂၂	၁၉၀၆၀၀၀	၁၈၉၁
၂၀	၁၈.၂.၂၀၂၂	၁၈၉၈၀၀၀	၁၈၉၅
၂၁	၂၁.၂.၂၀၂၂	၁၈၉၂၀၀၀	၁၈၉၆
၂၂	၂၂.၂.၂၀၂၂	၁၉၀၁၀၀၀	၁၉၀၁
၂၃	၂၃.၂.၂၀၂၂	၁၉၀၄၀၀၀	၁၈၉၃
၂၄	၂၄.၂.၂၀၂၂	၁၉၀၅၅၀၀၀	၁၉၁၀
၂၅	၂၅.၂.၂၀၂၂	၁၉၀၅၅၀၀၀	၁၉၀၉
၂၆	၂၈.၂.၂၀၂၂	၁၉၀၃၀၀၀၀	၁၉၀၁
၂၇	၁.၃.၂၀၂၂	၁၉၀၃၃၀၀၀	၁၉၁၉
၂၈	၃.၃.၂၀၂၂	၁၉၀၆၀၀၀၀	၁၉၀၄
၂၉	၄.၃.၂၀၂၂	၁၉၀၆၀၀၀၀	၁၉၀၄
၃၀	၇.၃.၂၀၂၂	၁၉၀၅၅၀၀၀	၁၉၀၈
၃၁	၈.၃.၂၀၂၂	၂၀၁၅၀၀၀	၂၀၁၃
၃၂	၉.၃.၂၀၂၂	၂၀၆၈၀၀၀	၂၀၂၂
၃၃	၁၀.၃.၂၀၂၂	၂၀၀၅၀၀၀	၁၉၇၉

Source: estimate of world's exchange rate and gold price page

ငွေကြေးဈေးကွက် သတင်းအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၂ ခုနှစ် မတ် ၈ ရက်တွင် အမေရိကန်ဒေါ်လာ ၁၅ သန်းကို ငွေလဲနှုန်း တစ်ဒေါ်လာလျှင် ကျပ် ၁၇၇၈ နှုန်း ဖြင့် ရောင်းချခဲ့ကြောင်း ထုတ်ပြန်ချက်များအရ သိရှိရပါသည်။

၂၀၂၁ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ စက်တင်ဘာလ အစီရင်ခံစာ နောက်ဆုံးထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး GDP သည် -၁၈ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရ သည်။

၂၀၂၂ ခုနှစ် မတ် ၃ ရက်မှ ၉ ရက်အထိ ရက်အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

စဉ်	နိုင်ငံတကာ ငွေကြေးများ		၃-၃-၂၀၂၂	၄-၃-၂၀၂၂	၇-၃-၂၀၂၂	၈-၃-၂၀၂၂	၉-၃-၂၀၂၂	တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%)	
၁	Myanmar	kyat	၁၇၇၈.၀	၁၇၇၈.၀	၁၇၇၈.၀	၁၇၇၈.၀	၁၇၇၈.၀	၀.၀၀	
၂	Thai Baht	THB	၃၂.၆၁၀	၃၂.၆၂၅	၃၂.၆၈၀	၃၃.၁၅၀	၃၃.၀၉၅	၁.၄၉	⬆
၃	Singapore Dollar	SGD	၁.၃၅၈	၁.၃၆၀	၁.၃၆၄	၁.၃၆၅	၁.၃၆၃	၀.၃၇	⬆
၄	Malaysian Ringgit	MYR	၄.၁၈၆	၄.၁၇၉	၄.၁၇၈	၄.၁၈၂	၄.၁၈၈	၀.၀၅	⬆
၅	Indonesian Rupiah	IDR	၁၄၃၈၆	၁၄၃၈၇	၁၄၃၀၇	၁၄၃၃၈	၁၄၃၄၈	-၀.၂၇	⬇
၆	Chinese Yuan	CNY	၆.၃၁၉	၆.၃၂၁	၆.၃၁၉	၆.၃၀၆	၆.၃၀၆	-၀.၀၅	⬇
၇	Indian Rupee	INR	၇၅.၈၈၆	၇၆.၁၇၅	၇၆.၉၃၆	၇၆.၈၈၃	၇၆.၇၉၄	၁.၂၀	⬆
၈	Japanese Yen	JPY	၁၁၅.၇၂၅	၁၁၅.၄.၂၅	၁၁၄.၉၈၄	၁၁၅.၆၀၅	၁၁၅.၇၇၈	၀.၀၅	⬆
၉	Australian Dollar	AUD	၁.၃၆၉	၁.၃၅၉	၁.၃၅၀	၁.၃၇၄	၁.၃၆၇	-၀.၁၅	⬇
၁၀	Euro	EUR	၀.၉၀၂	၀.၉၀၈	၀.၉၂၁	၀.၉၁၉	၀.၉၁၃	၁.၂၂	⬆
၁၁	Pound Sterling	GBP	၀.၇၄၈	၀.၇၅၁	၀.၇၆၀	၀.၇၆၃	၀.၇၆၁	၁.၇၄	⬆

Source– Central Bank of Myanmar

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ မတ် ၃ ရက်မှ ၉ ရက်အထိတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၇၇၈ ကျပ် ဖြစ်ပေါ်နေခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာငွေလဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း တည်ငြိမ်နေခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် မှ ၂၀၂၂ ခုနှစ် မတ် ၉ ရက် အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်-



ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်ကို လေ့လာရာတွင် ၂၀၂၂ ခုနှစ် မတ် ၃ ရက်နှင့် ၄ ရက်တို့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၂၀၀၅ကျပ်၊ မတ် ၇ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၂၀၂၅ ကျပ်၊ မတ် ၈ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၂၀၅၀ ကျပ်၊ မတ် ၉ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၂၀၆၀ ကျပ်နှင့် မတ် ၁၀ ရက်တွင် အမေရိကန် တစ်ဒေါ်လာလျှင် ၂၀၅၅ ကျပ်ရှိနေကြောင်း လေ့လာသိရှိရသည်။

စာမျက်နှာ (၁၅) ဆန် ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ခိုရိန် ၁၉၈၄၃၄ ဒသမ ၃၃၈ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅၈၂ သန်း ပိုမိုတင်ပို့ခဲ့ကြောင်း၊ ယခင်နှစ် ၂၀၂၁ ခုနှစ် အစပိုင်းတွင် ဆန် တစ်တန်လျှင် ပျမ်းမျှဈေးနှုန်းမှာ ၄၀၀ ဒေါ်လာနှင့် ဆန်ကွဲ တစ်တန်လျှင် ပျမ်းမျှဈေးနှုန်း ၃၃၉ ဒေါ်လာရှိပြီး ယခုနှစ်တွင် တစ်တန်လျှင် ပျမ်းမျှဈေးနှုန်း ၆၀ ဒေါ်လာခန့် ဈေးနှုန်းလျော့နည်းခဲ့ကြောင်း တွေ့ရှိရသည်။ ဆန်ကွဲ တင်ပို့မှုတွင် တန်ချိန် ၁၂၄၈၁ ဒသမ ၄၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၁၆၅ သန်း လျော့နည်းတင်ပို့ခဲ့သည်ကို သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့၌ ၂၀၂၂ ခုနှစ် မတ် ၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၃၁၂ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်အိတ်လျှင် ၃၅၈၀၀ ကျပ်မှ ၃၇၄၄၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့၌ မတ် ၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း အနေဖြင့် တစ်ဘတ်လျှင် ၆ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရ သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန်တစ်ပြည်လျှင် ဟားခါးမြို့တွင် ၂၄၀၀ ကျပ်နှင့် ကျိုင်းတုံမြို့တွင် ၁၇၀၀ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ဘားအံနှင့် ပြည်မြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၁၁၀၀ ကျပ်ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website ၌ ဖော်ပြချက်အရ ယခုတစ်ပတ် တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၄၃ ရာခိုင်နှုန်း ဈေးနှုန်း ကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၂၂ ခုနှစ် မတ်လ ပထမပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်/အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) . . . မှအဆက်

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီ ဈေးနှုန်းများမှာ ၂၀၂၂ ခုနှစ် မတ် ၉ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၁၀၀ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၁၆၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၂၇၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ၂၂၈၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်း ဖြန့်ဖြူးရောင်းချရေးအသင်းတို့ ပူးပေါင်းစီစဉ်ကာ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိ နိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးရန် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို ၂၅-၉-၂၀၂၁ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီးတွင် အရောင်းဆိုင် ၇၂ ဆိုင်၊ မန္တလေးတိုင်းဒေသကြီးတွင် အရောင်းဆိုင် ၃၈ ဆိုင်နှင့် နေပြည်တော်တွင် အရောင်းဆိုင် ရှစ်ဆိုင်တို့တွင် သတ်မှတ်ဈေးနှုန်းများဖြင့် ရောင်းချ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၄၆၀ ကျပ်၊ ဒီဇယ် တစ် လီတာလျှင် ၂၄၆၀ ကျပ်၊ မြစ်ကြီးနားမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၂၃၈၀ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၃၇၀ ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး ပုသိမ်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၂၀၉၀ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၀၀၀ ကျပ်၊ ပခုက္ကူမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၂၁၃၅ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၂၁၀၀ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင် အပတ်နှင့် နှိုင်းယှဉ် လျှင် ယခင်အပတ်ထက် ဓာတ်ဆီတစ်လီတာလျှင် ၂၀၀ ကျပ်နှင့် ဒီဇယ် တစ်လီတာလျှင် ၃၅၀ ကျပ်ထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ပါးပင်စားပြုဖြစ်ပြီး ရလဒ်ကောင်းများ ရရှိခဲ့

မြန်မာနိုင်ငံသည် သစ်တောသစ်ပင်များ ပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့နေရသည်မှာ အားလုံးသိပြီးဖြစ်သည်။ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အားနည်းရခြင်းကြောင့်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရာတွင် သစ်ပင်သစ်တောများသည် အရေးကြီးလှသည်။ ထို့ကြောင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်အတွက် သစ်တောကြိုးဝိုင်းများ ထိန်းသိမ်းခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား နှစ်ရှည်ပင်များစိုက်ပျိုးခွင့်ပြုလာခဲ့သည်။ ထိုနှစ်ရှည်ပင်များထဲမှ ဝါးပင်များအား စနစ်တကျ စိုက်ပျိုး၍ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းအပြင် ကုန်ချောများထုတ်လုပ်၍ ဝင်ငွေတိုးပွားလာအောင်လည်း လုပ်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဝါးတောဧရိယာ တတိယအများဆုံး ပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပါသည်။ ဝါးပင်သည် မြန်မာနိုင်ငံအနှံ့အပြားတွင်ပေါက်လေ့ရှိပြီး ပေါများစွာရရှိသည့် သဘာဝထွက်ကုန်တစ်မျိုးဖြစ်သည်။ ထိုသို့သဘာဝအလျောက်ပေါများစွာ ပေါက်သည့် ဝါးပင်များသည် လူတို့ခုတ်ယူအသုံးပြုမှုကြောင့် တဖြည်းဖြည်းရှားပါးလာခဲ့သည်။ ယခင်က လိုအပ်သော ဝါးပင်များကို ရရှိရန် တောနက်ထဲအထိ သွားရောက်ခုတ်ယူစရာ မလိုသော်လည်း ယခုအခါတွင် ဝါးရှားပါးလာသောကြောင့် တောနက်ထဲထိ ခက်ခဲပင်ပန်းစွာ ဝင်ရောက်ခုတ်ယူရ၍ ဝါးများကို စနစ်တကျ ပျိုးထောင်စိုက်ပျိုးလာကြသည်။ ဝါးပင်သည် ကာလတိုအတွင်း အသုံးပြု၍ ရခြင်း၊ တစ်ကြိမ်သာ စိုက်ပျိုးရန်လိုပြီး နောင်နှစ်များတွင် ပွားများလာခြင်းကြောင့် အမြန်ဆုံးသစ်တောဖြစ်ရန် လွယ်ကူသောအပင်ဖြစ်သည်။

ဝါးပင်သည် ရေညှိရေမှော်ပင်များ တဖြည်းဖြည်း ကြီးထွားလာပြီး မြက်ပင်ငယ်အဆင့်မှတစ်ဆင့် ဝါးပင်အဆင့်သို့ ပြောင်းလဲလာသော နှစ်ရှည်ခံမြက်ကြီးပင်မျိုးရင်းဖြစ်သည်။ စိုစွတ်သော မုတ်သုံတောများတွင် သန်စွမ်းစွာ ပေါက်ရောက်၍ သမပိုင်းရာသီဥတုတွင် အသင့်အတင့်သာဖြစ်ထွန်းပြီး ခြောက်သွေ့သော အပူပိုင်းဒေသများတွင် အပင်ပုများအဖြစ်ပေါက်လေ့ရှိသည်။ ကမ္ဘာပေါ်တွင် ပေါက်သော ဝါးမျိုးများမှာ တစ်ပင်ချင်းပေါက်သော ဝါးမျိုး၊ အစုလိုက်ပေါက်သောဝါးမျိုးများဟု တွေ့ရတတ်ပါသည်။ မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၂ မျိုးစုနှင့် မျိုးစိတ်ပေါင်း ၁၂၀ ခန့် ရှိသည်ဟု လေ့လာ မှတ်သားရပါသည်။ ဝါးသည် အပူအအေး နှစ်မျိုးရှိခြင်းကြောင့် ဝါးစိုက်မည်ဆိုပါက စိုက်ပျိုးမည့်ဒေသ၏ အပူခိုန်၊ မိုးရေခိုန်များနှင့်ခိုန်၍ စိုက်ပျိုးသင့်ပါသည်။

ဝါးပင်ကို အစေ့မှစိုက်ပျိုးခြင်း၊ ဝါးဆစ်မှစိုက်ပျိုးခြင်း၊ ဝါးမြစ်ဆုံမှ စိုက်ပျိုးခြင်း၊ ဝါးကိုင်းများကို မြေထုပ်စည်း၍ စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးနိုင်သော်လည်း ဝါးစေ့မှ စိုက်ပျိုးခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။ ဝါးစေ့ဖြင့်စိုက်ပျိုးရာတွင် ဝါးစေ့များကို ပျိုးခင်းလုပ်ကာ ပျိုးပင်များ ပေါက်လာသောအခါမှနုတ်ပြီး ပျိုးအိတ်များထဲထည့်၍ စိုက်ပျိုးရသည်။ အပင်တစ်နှစ်သားလောက်တွင် သုံးပေ/လေးပေ အမြင့်ရရှိပြီး မြေပြင်ချ၍ စိုက်ပျိုးနိုင်ပြီဖြစ်ပါသည်။ နွေရာသီတွင် တစ်နေ့တစ်ကြိမ်လောက်သာ ရေသွင်းပေးရန် လိုပါသည်။ ဝါးပင်သည် သုံးနှစ်သားလောက်တွင် ခုတ်ယူအသုံးပြုနိုင်ပြီဖြစ်သည်။

ယခုအခါ ဥယျာဉ်ခြံမြေသမားများသည် အလုပ်သမားရှားပါးမှု၊ ဝယ်ယူအသုံးပြုရသော သွင်းအားစုများ အဆမတန် စျေးမြင့်မားမှုများကြောင့်သော်လည်းကောင်း၊ ဝါးပင်သည် စိုက်ပျိုးရန်လွယ်ကူခြင်း၊ အခြားသီးနှံများနှင့်ယှဉ်လျှင် ရေလောင်းပေါင်းရှင်း အစာကျွေးရသက်သာခြင်းနှင့် စိုက်ပျိုးစရိတ်ကုန်ကျမှုနည်းပါးခြင်းတို့ကြောင့် အခြားသီးနှံများအစား ဝါးပင်ကိုအစားထိုး စိုက်ပျိုးလာကြသည်။

ဝါးပင်သည် အခြားသီးနှံများနှင့်ယှဉ်လျှင် အောက်ဆီဂျင်ထုတ်လုပ်မှု ၃၅ ရာခိုင်နှုန်းခန့် ပိုပါသည်။ အပင်အလေးချိန်၏သုံးပုံတစ်ပုံခန့်မြေဆီလွှာကို ဇီဝမြေဩဇာဓြေချေပေးနိုင်ပြီး မြက်ပင်ကြီးမျိုးဖြစ်သည့်အတွက် မြေပေါ်တွင် အမြစ်များ ပျံ့နှံ့နေခြင်းကြောင့် မိုးရွာလျှင်မြေဆီလွှာများကို ရေတိုက်စားခြင်းမှ ကာကွယ်ပေးနိုင်သည်။ ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူမှုမှာလည်း တစ်ဟတ်တာလျှင် တန် ၂၀၀ ခန့်ရှိသည့်အတွက် ဝါးပင်အောက်နေသောလူသည် စိတ်ကိုလန်းဆန်းတက်ကြွစေသော ကျန်းမာရေးနှင့်ညီညွတ်သည့် ကောင်းကျိုးများလည်းရရှိနိုင်သည်။

ဝါးပင်သည် ယခင်က သုံးနှစ်လောက်သာခံသော်လည်း ယခုအခါ စနစ်တကျဆေးသွင်း၍ အသုံးပြုပါက နှစ် ၅၀ ထိခံသည်ကိုတွေ့ရသောကြောင့် သစ်အစားထိုးအသုံးပြု၍ ရနိုင်သည်ဟု ယူဆနိုင်ပါသည်။ ဆေးသွင်းရာတွင် Boric Acid 1 lb နှင့် Borax Powder 1 ½ lb ကို ရေသုံးဂါလန်နှုန်းအချိုးအစားဖြင့် အသုံးပြုရသည်ဟု သိရှိရသည်။

ဝါးပင်သည် ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူမှုကောင်းသလို အောက်ဆီဂျင်ထုတ်လုပ်မှုကောင်းပြီး ဖုန်မှုန့်များကို တားဆီးပေးနိုင်ခြင်း၊ လေကို သန့်စေသည့် အပင်ဖြစ်ခြင်း၊ သက်တမ်းသုံးနှစ်မှ စတင်အသုံးပြုနိုင်၍ ခြောက်နှစ်ဆိုလျှင် ဝင်ငွေများစွာရရှိပြီဖြစ်သည်။

ဝါးသည် အခြေခံလူတန်းစားများအတွက် သစ်ဟုတင်စား ခေါ်ဝေါ်ကြကာ မြန်မာနိုင်ငံကျေးလက်ဒေသများ၏ စားဝတ်နေရေးအတွက် အလွန်အရေးပါသောအပင်ဖြစ်သည်။ ဝါးသည် ဘုရားတည်ရာတွင် ငြမ်းစင်ခြင်းနှင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် ငြမ်းပြုလုပ်ရန်အတွက် မရှိမဖြစ်လိုအပ်လှသလို လူများစားသုံးရန် အာဟာရဓာတ်ကြွယ်ဝသော မျှစ်ကိုလည်းရရှိသည်။

ဝါးပင်သည် ပင်မဝါးပင်ကြီးများကို အသုံးပြုနိုင်ရုံသာမက ဘေးတက်များကိုလည်း မီးသွေးဖုတ်၍ ဝါးမီးသွေးပြုလုပ်နိုင်ပါသေးသည်။ ဝါးမီးသွေးဖုတ်ရာတွင်လည်း ဝါးရွက်၊ ဝါးကိုင်းခြောက်များကို အသုံးပြုသောကြောင့် ဝါးပြာလည်း ရရှိနိုင်ပါသည်။ ဝါးမီးသွေးဖုတ်ခြင်းတွင်ပင် အခင်းပြတ်စနစ်ဖြင့် ရောင်းချကြောင်း၊ ယခုစိုက်ခင်း တစ်ဧကအတွက် ပုတ်ပြတ် ၁၉ သိန်းဖြင့် ရောင်းချရကြောင်း လေ့လာတွေ့ရှိရသည်။

ဆင်သေချောင်းတစ်လျှောက်တွင် ယခုနှစ် ဖရဲစိုက်ခင်းများ မစိုက်ကြတော့သဖြင့် ဝင်ငွေသေချာသည့် ဖူးစားပြောင်းများကို နေပြည်တော်အထောင်ပစ္စည်းများ အသုံးပြုလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်သည်။

ဝါးပင်သည် ကာဗွန်ဒိုင်အောက်ဆိုဒ် စုပ်ယူမှုကောင်းသလို အောက်ဆီဂျင်ထုတ်လုပ်မှုကောင်းပြီး ဖုန်မှုန့်များကို တားဆီးပေးနိုင်ခြင်း၊ လေကိုသန့်စေသည့်အပင်ဖြစ်ခြင်း၊ သက်တမ်းသုံးနှစ်မှ စတင်အသုံးပြုနိုင်၍ ခြောက်နှစ်ဆိုလျှင် ဝင်ငွေများစွာရရှိပြီဖြစ်သည်။ ထို့အပြင် အပင်ဖြစ်လွယ်ပြီး သစ်တော၊သစ်ပင်အမြန်ဖြစ်နိုင်ခြင်းတို့ကြောင့် သဘာဝ ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်စေနိုင်ပြီး ဝါးတန်ဖိုးမြှင့်ထုတ်ကုန်များအား ပြည်တွင်း၌သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေ တိုးပွားလာမည်မှာ ဧကန်မုချအမှန်ပင်ဖြစ်ပါသောကြောင့် ဝါးပင်အား တိုးချဲ့စိုက်ပျိုးသင့်ကြောင်း တင်ပြလိုက်ရပါသည်။

အိအိဒေအောင်

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်တွင် ဖူးစားပြောင်း စိုက်ပျိုးတောင်သူများ စျေးကောင်းရ

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ဆင်သေချောင်း လွင်ပြင်တစ်လျှောက်တွင် ရာသီအလိုက် မီးဖိုချောင်သုံး သီးနှံများ စိုက်ပျိုးကြသည်။ ယခုအခါနိုင်တွင် ပန်းဂေါ်ဖီ၊ဂေါ်ဖီထုပ်၊ အာလူး၊ ခရမ်းသီး စသောသီးနှံများ စိုက်ပျိုးကြပြီး ဖူးစားပြောင်းစိုက် တောင်သူများ ပိုမိုအဆင်ပြေတွက်ခြေကိုက်ကြောင်း သိရသည်။

ပုံမှန်စိုက်နေကြဖြစ်သော ဖရဲစိုက်ခင်းနေရာများတွင် ဖူးစားပြောင်းများ ပိုမိုစိုက်ပျိုးလာသည်ကို တွေ့ရှိရသည်။ တပ်ကုန်းမြို့နယ် စံပြကျေးရွာဖြစ်သည့် ငွေးပင်ကျေးရွာမှ တောင်သူ ဦးစန်းလွင်၏ ဖူးစားပြောင်း စိုက်ခင်းသို့ စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ ကွင်းဆင်းလေ့လာခဲ့ရာ လက်ရှိအနေအထားအရ ဆူးဆွတ်ရန် အသင့်အနေအထားဖြစ်နေပြီး စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် မျိုးစေ့တစ်ထုပ်လျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် တစ်ဧက လေးထုပ် စိုက်ပျိုးရကြောင်း၊ ထိုင်းနိုင်ငံမှ တင်သွင်းသည့် မျိုးစေ့များဖြစ်ပြီး အပင်ပေါက် ၈၀ ရာခိုင်နှုန်းပေါက်ကြောင်း၊ မြေဩဇာအနေဖြင့် (၁၅း၁၅း၁၅) ပတ်လည် တစ်အိတ် ကျပ် ၉၀၀၀၀ နှင့် ပုလဲမြေဩဇာ တစ်အိတ် ကျပ် ၆၀၀၀၀၊ အပင်အားဆေး ကျပ် ၂၅၀၀၀ ကုန်ကျကြောင်း၊ မြေပြင်၊ ပေါင်းကောက်၊ ဘောင်ဆွဲ၊ မျိုးစေ့ချ၊ လုပ်သားခမျှားအပါအဝင် စုစုပေါင်း တစ်ဧက ကျပ် ခြောက်သိန်းခန့် ကုန်ကျကြောင်းနှင့်စိုက်ခင်းတွင်ပင် အခင်းပြတ်စနစ်ဖြင့် ရောင်းချရကြောင်း၊ ယခုစိုက်ခင်း တစ်ဧကအတွက် ပုတ်ပြတ် ၁၉ သိန်းဖြင့် ရောင်းချရကြောင်း လေ့လာတွေ့ရှိရသည်။

ဆင်သေချောင်းတစ်လျှောက်တွင် ယခုနှစ် ဖရဲစိုက်ခင်းများ မစိုက်ကြတော့သဖြင့် ဝင်ငွေသေချာသည့် ဖူးစားပြောင်းများကို နေပြည်တော်အောဟာရသုခစျေး လက်ကားပွဲရုံများမှ ပွဲစားများ လာရောက်ပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသဖြင့် နောက်ပိုင်းတွင် စိုက်ဧကများလာမည်ဖြစ်ပြီး ဖူးစားပြောင်း စျေးကျလာနိုင်ခြေရှိကြောင်း တောင်သူဦးစန်းလွင်၏ ပြောကြားချက်အရ သိရှိရသည်။

ခင်မောင်ဆွေ(နေပြည်တော်)

ဒူးယားမြို့တွင် ပေါ်ဆန်းမရွေး လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေး အသိပညာပေး

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဒူးယားမြို့ ဟသ်ာတ-ဇလွန်လမ်းရှိ ကျော်မရွေးလုပ်ငန်းရှင်၏နေအိမ်၌ မတ် ၈ ရက် နံနက် ၉ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန ဟသ်ာတမြို့နယ် တာဝန်ခံက ပေါ်ဆန်းမရွေးလုပ်ငန်းရှင် ခြောက်ဦးကို စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် ဟသ်ာတမြို့နယ်တာဝန်ခံက စားသုံးသူကာကွယ်ရေးဥပဒေ၊ အခန်း(၉)ပါ စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များအကြောင်း၊ အခန်း(၁၀)ပါ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ၊ အခန်း(၁၈)ပါ ကုန်အည်ွန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေး ကော်မရှင်၏ ညွှန်ကြားချက် အမှတ် ၂/ ၂၀၁၉ ပါ ကုန်စည်အုပ်စုအလိုက် ကုန်အည်ွန်းအမှတ်အသား ဖော်ပြရမည့်အချက်များအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များကလည်း ကုန်အည်ွန်းအမှတ်အသားနှင့်ဖော်ပြခြင်းနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။

မောင်မောင်မြတ်ခိုင်

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

စက်သုံးဆီဈေး မြင့်တက်သဖြင့် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အခက်ကြုံ

လက်ရှိဈေးကွက်အတွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေမှုကြောင့် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများအနေဖြင့် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်းမှ သိရသည်။

ယင်းသို့ စက်သုံးဆီဈေးနှုန်းများ မြင့်တက်သော်လည်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် တန်ဆာခ၊ ကုန်သယ်ယူခများမှာ ဈေးတက်မလာသည့် အတွက် ကုန်ကျစရိတ် ပိုမိုများပြားနေကြောင်း အဆိုပါအသင်းဥက္ကဋ္ဌ ဦးကျင်သိန်းက မတ် ၉ ရက်တွင် ပြောသည်။ "ဈေးကွက်မှာ စက်သုံးဆီဈေးက မြင့်တက်တယ်။ ဒါပေမဲ့ တန်ဆာခတွေက တက်မလာဘူးပေါ့။ စက်သုံးဆီနဲ့တန်ဆာခက တိုက်ရိုက်အချိုး မကျဘူးပေါ့။ အလုပ်အကိုင်အခွင့်လမ်းတွေကလည်း ခပ်ပါးပါး ခပ်ရှားရှားပဲ။ ကျွန်တော်တို့ရမယ့် ကျွန်တော်တို့ ခံစားရမယ့် ခံစားခွင့်တွေအားလုံးက စက်သုံးဆီစရိတ်ထဲရောက်သွားတာပေါ့" ဟု ၎င်းက ပြောသည်။

စက်သုံးဆီဈေးများမြင့်တက်နေသည့်အတွက် တွက်ခြေမကိုက်သော်လည်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှိ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ လုပ်သားများ၏ စားဝတ်နေရေးအတွက် ကုန်စည်ပို့ဆောင်ရေးကို ဆက်လက်လုပ်ဆောင်နေရသည်ဟုဆိုသည်။ "ကျွန်တော်တို့အတွက် တွက်ခြေကိုက်ခြင်း၊ မကိုက်ခြင်းထက် စာရင် အားလုံးအဆင်ပြေဖို့အတွက်ကိုပဲ ဦးတည်တာ။ ကျွန်တော်တို့ကတော့ ဒီကိစ္စတစ်နေ့ ကောင်းနိုးကောင်းနိုးနဲ့ အဲအပေါ်မှာ စောင့်ပြီးတော့ပဲ ဝိုင်းပြီးတော့ လုပ်အားပေးတယ်လို့ပဲ ကျွန်တော်တို့ ယာဉ်ပိုင်ရှင်တွေကတော့ သတ်မှတ်ထားပါတယ်။ ကျွန်တော်တို့ မကိုက်လို့ မသွားဘူးဆို အကုန်လုံးကလည်း ဒီလိုပဲဆို အားလုံးအလုပ်အကိုင်အခွင့်လမ်းတွေ ရှားပါးလာမယ်။ ကုန်စည်စီးဆင်းမှုမှာလည်းအနှောင့်အယှက်ဖြစ်သွားမယ်။ အဆင်မပြေဘူးလေ။ နောက်ကျွန်တော်တို့ကလည်း ဒီTransport နဲ့ Logistics ပဲ လုပ်တတ်တယ်ဆိုတော့ကျွန်တော်တို့ ကိုက်ကိုက်၊ မကိုက်ကိုက် ဒီလုပ်ငန်းကတော့ လုပ်နေရမှာပဲလေ" ဟု ဦးကျင်သိန်းက ပြောသည်။

ကုန်စည်ပို့ဆောင်ရေးတွင် လက်ရှိ၌ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား တင်ပို့မှုများရှိနေပြီး ကုန်ပစ္စည်းများမှာ ပုံမှန်တင်ပို့မှုအနေအထားသာဖြစ်ကြောင်း သိရသည်။

အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများအတွက် စက်သုံးဆီများအား မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းရောင်းချသူများအသင်းမှ အထူးဆိုင်များဖြင့် ရောင်းချပေးလျက်ရှိသော်လည်း ထိုဆိုင်များတွင် ယာဉ်တစ်စီးလျှင် ကျပ်ငါးသောင်းဖိုးခန့်သာ ရောင်းပေးနေသည့်အတွက် အဆင်မပြေကြောင်း သိရသည်။

ဦးကျင်သိန်းက "ကျွန်တော်တို့ သွားနေရတဲ့ခရီးက ကီလိုမီတာ ၁၃၀၀ ပတ်ချာလည်ပေါ့နော်။ ရန်ကုန်-မန္တလေး ကီလိုမီတာ၆၀၀ခန့်၊ ရန်ကုန်-တောင်ကြီး ကီလိုမီတာ ၆၅၀။ အဲလောက် ပတ်ဝန်းကျင်လောက် သွားနေတာဆိုတော့ အသွားအပြန် ကီလိုမီတာ ၁၃၀၀ ပတ်လည်လောက်မှာ ဆီဂါလန် ၉၅ ဂါလန်နဲ့ ဂါလန် ၁၀၀ ကုန်တာပေါ့။ ခါတိုင်းက ငါးသိန်းခွဲလောက် ငါးသိန်းသုံးသောင်းလောက် ရပေမယ့် အခု ခြောက်သိန်းခွဲ၊ ခုနစ်သိန်းကျော်လောက် ဖြစ်သွားတာပေါ့။ ဒါတွေက ကျွန်တော်တို့ရမယ့် ခံစားငွေထဲကနေ ပေးရတော့ ကျွန်တော်တို့တွေကလည်း မကိုက်ဘူးပေါ့ဗျာ"ဟုဆိုသည်။

အသင်းအနေဖြင့် လက်ရှိတွင် စက်သုံးဆီဈေးမြင့်တက်နေသည့်အတွက် ယခင်သွားနေကျ လမ်းကြောင်းများအစား အခြားအဆင်ပြေမည့်လမ်းကြောင်းများကိုသာ ပြောင်းလဲပြေးဆွဲနေရကြောင်း သိရသည်။

ငါးရှဉ့်ကို ဗီယက်နမ်နည်းပညာဖြင့် သုတေသနပြုလုပ်၍ မွေးမြူမည်

မြန်မာနိုင်ငံတွင် ငါးရှဉ့်ကို ဗီယက်နမ်နည်းပညာအတိုင်း သုတေသနပြုလုပ်၍ မွေးမြူရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

အဆိုပါနည်းပညာကို လက်ရှိတွင် စမ်းသပ်လုပ်ဆောင်ရန် စီစဉ်နေပြီး အောင်မြင်ဖြစ်ထွန်းသွားသည့်အခါ လယ်သမားများကို မျှဝေပေးမည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိုးနန္ဒာတင်က မတ် ၉ ရက်တွင် ပြောသည်။

"ကျွန်မတို့က ဗီယက်နမ်မှာလည်း ငါးရှဉ့်ဖောက်တာ သွားကြည့်ခဲ့တယ်။ ဒီက ငါးလုပ်ငန်းအဖွဲ့ချုပ်မှာလည်း ဖောက်ခဲ့ဖူးတယ်။ ဖောက်တုန်းကလည်း အောင်မြင်တယ်ပေါ့နော်။ သားပေါက်တဲ့အထိကို ထွက်တယ်ပေါ့။ ဒီပရောဂျက်ကို မလုပ်ချင်ဘူး လားလို့လယ်သမားတွေကို မေးလိုက်တဲ့အခါကျတော့ သူတို့ကလည်း လုပ်ချင်တယ်တဲ့။ ဒါကြောင့် ကျွန်မတို့က ဒီသုတေသန အောင်မြင်သွားအောင် လုပ်မယ်၊ ပြီးရင် လယ်သမားတွေကို နည်းပညာတွေ မျှဝေပေးဖို့ပေါ့၊ အဲအစီအစဉ်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ပြည်တွင်းစားသုံးမှု အနည်းငယ်သာရှိသည့် ငါးရှဉ့်မှာ တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည့် ရေထွက်ကုန် တစ်မျိုးဖြစ်ကာ တစ်ကီလိုလျှင် မြန်မာငွေကျပ် ၁၀၀၀၀ကျော် ဈေးနှုန်းရှိကြောင်း သိရသည်။

ဗီယက်နမ်နည်းပညာအတိုင်း ငါးရှဉ့် မွေးမြူခြင်း သုတေသနစမ်းသပ်မှုများကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ၂၀၁၈ ခုနှစ်က ပြုလုပ်ခဲ့သော်လည်း ကိုဗစ်အခြေအနေကြောင့် ယာယီရပ်နားခဲ့ရာမှ ယခု ၂၀၂၂ ခုနှစ် မတ်လအတွင်း ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးကြားရှိ နေရာများတွင် ပြန်လည်စမ်းသပ် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံကြား ရေထွက်ကုန်တင်ပို့ရေး နှစ်နိုင်ငံအပြန်အလှန် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးရန် လုပ်ဆောင်နေပြီး အောင်မြင်သွားသည့်အခါ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ခြင်နှင့် ငါးရှဉ့် မွေးမြူသူများအတွက်ကောင်းမွန်သည့် သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း ဒေါက်တာထိုးနန္ဒာတင်က ဆက်လက်ပြောဆိုသည်။

"အခုလည်း မွေးမြူရေး ငါးတွေရော၊ ပုစွန်တွေရော၊ ငါးရှဉ့်တွေရော၊ ကဏန်းတွေရော တရုတ်ကိုပို့ဖို့ အပြန်အလှန် လုပ်နေပြီပေါ့နော်၊ အစိုးရကနေ လုပ်နေပြီဆိုတော့ MoU ထိုးပြီးရင်တော့ ဒါတွေက အကုန်လုံးအကျုံးဝင်သွားမှာပေါ့။ နယ်စပ်တွေလည်း ပြန်ပွင့်လာမယ်ဆိုလို့ရှိရင် ဒါတွေအကုန်လုံးသူတို့အတွက် ကောင်းမွန်တဲ့ သက်ရောက်မှုတွေ ဖြစ်လာမှာပါ။ သူတို့လည်း အဲဒီအချိန်မှာ ပညာတတ်၊ ငါးရှဉ့်ကလည်း ထွက်ဆိုရင်တော့ အားလုံး အဆင်ပြေသွားမှာပါ"ဟု ၎င်းက ပြောသည်။

ထိုကဲ့သို့ ဗီယက်နမ် နည်းစနစ်ဖြင့် ငါးရှဉ့်မွေးမြူသည့်အခါ ငါးရှဉ့်ကုန်ကြမ်းကို လယ်ထဲမှရယူနိုင်ပြီး အစာအဖြစ် ခရုကိုသာကျွေးရမည် ဖြစ်သည့်အတွက် ကုန်ကျစရိတ် သက်သာသောကြောင့် မွေးမြူသူများအတွက် အဆင်ပြေမှုများရှိကြောင်းသိရသည်။

ငါးရှဉ့်ကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် စသည့် ဒေသများမှ တရုတ်နိုင်ငံသို့ အဓိကထား တင်ပို့လျက်ရှိကြောင်း သိရသည်။

စက်သုံးဆီဈေး ဆက်လက်မြင့်တက်နိုင်သဖြင့် နိုင်ငံတော်က အရန်လောင်စာဆီသိုလှောင်ထားရန် လိုအပ်

စက်သုံးဆီ ဈေးနှုန်းများ ဆက်လက် မြင့်တက်နိုင်သဖြင့် နိုင်ငံတော်က အရန်လောင်စာဆီများ သိုလှောင်ထားရန် လိုအပ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဒေါက်တာစိုးထွန်းက မတ် ၉ ရက်တွင် ပြောသည်။လက်ရှိဖြစ်ပွားနေသည့် ရုရှား-ယူကရိန်း အရေးအပြင် ရေရှည်တွင်လည်း စက်သုံးဆီများ ရှားပါးလာနိုင်သည့်အတွက် နိုင်ငံတော်အနေဖြင့် စက်သုံးဆီအစားထိုး လောင်စာသုံးစွဲရေးနှင့် ပတ်သက်ပြီး ကြိုတင်ဆောင်ရွက်ထားသင့်ကြောင်း ဒေါက်တာစိုးထွန်းက အကြံပြုပြောဆိုသည်။

"ရုရှားနဲ့ ယူကရိန်းစစ်ပွဲကြောင့် ပထမတစ်ချက်ကတော့ စက်သုံးဆီတွေ ဈေးတက်လာတယ်။ နောက် ဒုတိယတစ်ချက်ကတော့US ဒေါ်လာဈေး တက်တာပေါ့။ အဲဒီနှစ်ချက်ကြောင့် လက်ရှိပြည်တွင်းမှာလည်း စက်သုံးဆီတွေ ဈေးတက်တယ်။ သုံးစွဲသူတွေက သယ်ယူပို့ဆောင်တဲ့နေရာမှာ စက်သုံးဆီကို အဓိကထားပြီး သုံးတာလေ။ စက်သုံးဆီ ဈေးတက်တော့ ကျန်တဲ့ကုန်ဈေးနှုန်းတွေပါ တက်လာတာပေါ့။ အဲဒါကြောင့် စက်သုံးဆီကို လောင်စာဆီကို အခြေခံတဲ့ဟာကနေပြီး တခြားနည်းလမ်းတွေရှာဖို့ လိုမယ်လို့တော့ မြင်ပါတယ်" ဟုဒုဂင်းက ပြောသည်။ ထို့ပြင် နိုင်ငံတော်အနေဖြင့် လောင်စာဆီ ပြတ်တောက်မှုများ ဖြစ်ပေါ်လာပါက မိမိတို့ပြည်တွင်း၌ စက်သုံးဆီထုတ်လုပ်၍ ရနိုင်၊ မရနိုင်ကိုပါ ထည့်သွင်းစဉ်းစားထားရန် လိုအပ်ကြောင်း ၎င်းက ပြောသည်။

"နောက်တစ်ချက်က ကျွန်တော်တို့ဆီမှာ အခုလက်ရှိကမီးပျက်တဲ့ကိစ္စတွေဖြစ်နေတယ်ပေါ့။ လျှပ်စစ်မီးပျက်တော့ လုပ်ငန်းတွေရုံးတွေမှာ စက်သုံးဆီကို ပိုပြီးတော့မှ သုံးစွဲရတယ်လေ။ ဒါကြောင့် နိုင်ငံတော်အနေနဲ့ မီးမပျက်အောင်လည်း ဆောင်ရွက်ပေးဖို့လိုပါတယ်"ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

မတ် ၉ ရက်တွင် ဖြစ်ပေါ်နေသည့် စက်သုံးဆီဈေးနှုန်းများမှာ ဒီဇယ်တစ်လီတာ ၂၃၄၀ ကျပ်၊ ပရီမီယမ် ဒီဇယ်တစ်လီတာ ၂၃၇၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၂၁၇၀ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၂၃၀၀ ကျပ် ပေါက်ဈေးရှိနေကာ ပြည်နယ်နှင့် တိုင်းဒေသကြီးပေါ်မူတည်၍ ဈေးကွာဟချက်များလည်းရှိကြောင်းသိရသည်။

ဘတ်နှင့်ကျပ် တိုက်ရိုက်ပေးချေနိုင်မှု နယ်စပ်ကုန်သည်များအတွက် ထိရောက်မှု မရှိနိုင်သေး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ထိုင်း-မြန်မာနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး ပြုလုပ်ရာတွင် ဘတ်နှင့်ကျပ်အား တိုက်ရိုက်ပေးချေခွင့်ပြုခဲ့သော်လည်း လတ်တလောကာလအတွင်း နယ်စပ်ကုန်သည်များအတွက် ထိရောက်မှုမရှိနိုင်သေးကြောင်း သိရသည်။

နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၇ နှင့် ပုဒ်မ ၂၂ တို့အရ မြန်မာနှင့် ထိုင်းနှစ်နိုင်ငံ ကုန်သွယ်မှုကို တိုးမြှင့်ရန်၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်၊ နှစ်နိုင်ငံကြား ကုန်သွယ်မှုဆိုင်ရာ ငွေစာရင်းရှင်းလင်းမှုစနစ် လွယ်ကူစေရန်၊ ASEAN Financial Integration ၏ ရည်ရွယ်ချက်နှင့်အညီ ပြည်တွင်းငွေကြေးသုံးစွဲမှုကို တိုးမြှင့်နိုင်ရန်တို့အတွက် ရည်ရွယ်၍ ဘတ်နှင့်ကျပ်အား တိုက်ရိုက်အသုံးပြုပေးချေခွင့်ပြုကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၂ ခုနှစ် မတ် ၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကြေညာချက်နှင့်ပတ်သက်၍ မြဝတီမြို့မှ ကုန်သည်တစ်ဦးက "နယ်စပ်ဂိတ်က ပိတ်ထားတာ ဘာအသုံးဝင်မှာလဲ။ လက်ရှိက ပြောင်းသီးနှံကိုပဲ ပို့နေတာ။ ဂိတ်ပိတ်ထားတာကို ပေးချေခွင့်တွေဘာတွေ ပေးနေလည်း ဘာမှလုပ်လို့ မရဘူးလေဗျာ"ဟု မတ် ၉ ရက်တွင် ပြောသည်။

ပို့ကုန်၊သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ဘတ်နှင့်ကျပ် တိုက်ရိုက်အသုံးပြုပေးချေခွင့်အတွက် Designated Bank တွင် ဘဏ်စာရင်း ဖွင့်လှစ်နိုင်ကြောင်း ဗဟိုဘဏ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

"ဘဏ်စာရင်း ဖွင့်လို့ရတယ်ဆိုပေမယ့် ထိုင်းဘက်က အကောင့်ပိတ်ရင် မြန်မာဘက်က ဘာလုပ်ပေးမလဲဆိုတဲ့အပေါ်မှာ မူတည်တယ်။ နယ်စပ်မှာကတော့ ပုံမှန်အလဲအလှယ်က လွန်ခဲ့တဲ့ နှစ် ၂၀ ပြောင်းစသွားကတည်းက ဟွန်ဒီနဲ့ပဲသွားတယ်။ အခုနေ တရားဝင် လွှဲခွင့်ပြုပေမယ့် ဘဏ်ကနေလွှဲရင်လည်း မကိုက်လောက်ဘူး ထင်တာပဲ။ ဟွန်ဒီလွှဲတဲ့ဟာ ပိုများလိမ့်မယ် ထင်တယ်"ဟု ပြောင်းတင်ပို့နေသည့် ကုန်သည်တစ်ဦးက ပြောသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်၌ ကုန်သွယ်မှုဆိုင်ရာ ငွေစာရင်းရှင်းလင်းမှုစနစ်အား ဟွန်ဒီစနစ်ဖြင့် ပြုလုပ်နေခြင်းဖြစ်ပြီး ယင်းစနစ်မှာ ခေါက်ရိုးကျိုးအနေအထားတွင် ရှိနေခြင်းကြောင့် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်သည် နယ်စပ်ကုန်သွယ်ရေးအတွက် ထူးခြားသည့် ရိုက်ခတ်မှုမျိုးမရှိနိုင်ဟုဆိုသည်။

"ဘတ်နဲ့ကျပ် တိုက်ရိုက်ပေးချေနိုင်တဲ့အပေါ်မှာတော့ ကျွန်တော်တို့အတွက် ရိုက်ခတ်မှုမရှိနိုင်ဘူး။ လက်ရှိမှာ စာချုပ်ချုပ်ဆိုထားတာလည်း မရှိသေးတော့ ဘဏ်စနစ်ကို ဘယ်လိုသွားမလဲ မသိနိုင်သေးဘူး။ မြဝတီမှာက ရန်ကုန်ထက်တောင် ငွေထုတ်ရတာ ပိုခက်သေးတယ်။အရောင်းအဝယ်မှာ ဘဏ်ချင်းချိတ်လည်း လောလောဆယ်မှာ ဘဏ်စနစ်က ၁၀၀ ရာခိုင်နှုန်း လည်ပတ်နေတာမဟုတ်တဲ့အတွက် ဖြစ်နိုင်ချေ တော်တော်နည်းတယ်"ဟု အဆိုပါ ပြောင်းကုန်သည်က ဆက်လက်ပြောကြားသည်။

ပန်းဆု-စုစည်းသည်

ကရင်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန ကရင်ပြည်နယ် ပြည်နယ်ဦးစီးမှူး ဦးသန်းဦးနှင့်ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၆ရက် နံနက် ၁၀နာရီခွဲတွင် ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး စားသုံးသူများ အခွင့်အရေး အပြည့်အဝရရှိစေရန်အတွက် ကုန်စည်များပေါ်တွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှန်ကန်စွာ ဖော်ပြနိုင်ရေး တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဆန်စက် လုပ်ငန်းရှင် ၁၁ဦး တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲတွင် ပြည်နယ်ဦးစီးမှူး ဦးသန်းဦးက ကုန်စည်များပေါ်တွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ မိမိတို့ဌာနမှ ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေတွင် ပြဋ္ဌာန်းထားပြီး ယခုအခါ အာဏာအသက်ဝင်နေပြီဖြစ်ကြောင်း၊ ကုန်စည်များတွင် ဖော်ပြရမည့် အသေးစိတ်အချက်များကို မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က(၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ကြောင်းနှင့် ကုန်သည်များ၊ ဆန်စက်လုပ်ငန်းရှင်အနေဖြင့် မိမိတို့၏ ထုတ်ကုန် ဆန်အိတ်များပေါ်တွင် အမျိုးအမည်၊ အရေအတွက်၊ အသားတင်အလေးချိန်၊ ထားသိုသိမ်းဆည်းပုံအညွှန်းတို့ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ သိသာထင်ရှားစွာ ဖော်ပြရမည်ဖြစ်ကြောင်း၊ အမျိုးအမည်ဆိုသော နေရာတွင် ဆန်၊ ဆန်ကွဲ စသည်ဖြင့် ခွဲခြားဖော်ပြရမည်ဖြစ်ကြောင်း၊ ဆန်ဆိုသည်မှာလည်း ပေါ်ဆန်း၊ ဇီယာ၊ ဧည့်မထ စသည်ဖြင့် ဖော်ပြရမည်ဖြစ်ကြောင်း၊ အရေအတွက်၊ အသားတင်အလေးချိန်ဆိုရာ၌ မြန်မာလူမျိုးများ အသုံးများသည့်ပြည်၊ တင်း စသည်တို့ဖြစ်ကြောင်း၊သို့သော် အလေးချိန် သတ်မှတ်ချက် ယူနစ်ပေါင်းကိုလည်း ထည့်သွင်းဖော်ပြနိုင်ကြောင်း၊ ထားသိုသိမ်းဆည်းပုံအညွှန်းမှာ ခြောက်သွေ့သောနေရာတွင် ထားပါ။ ရေမစိုစေပါနှင့် စသည့် မိမိတို့ထုတ်ကုန်နှင့် ကိုက်ညီသည့် အချက်အလက်များဖြစ်စေရန် ထည့်သွင်းစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းပြီး ပြည်နယ်ဦးစီးမှူးက ပြန်လည်ရှင်းပြခဲ့ကြောင်း သိရသည်။

မိခင်သူဇာ(DOCA Kayin)

ကျောက်ဆည်ခရိုင်တွင် ငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် စိုက်ပျိုးရေးကို အခြေခံ၍ သီးနှံမျိုးစုံအား စိုက်ပျိုးသည့်ဒေသဖြစ်သည်။ ဒေသအတွင်း စပါးကို အဓိကထား စိုက်ပျိုးသော်လည်း နှမ်း၊ ပဲတီစိမ်း၊ ကုလားပဲ၊ ငရုတ်စသည့် သီးနှံများကိုလည်း ရာသီအလိုက် စိုက်ပျိုးကြသည်။ ၎င်းသီးနှံများအနက် ငရုတ်သီးနှံကို ကျောက်ဆည်မြို့နယ်တွင် ဧက ၂၀၂၀၊ စဉ့်ကိုင်မြို့နယ်တွင် ၁၈၉၇ ဧက၊ မြစ်သားမြို့နယ်တွင် ၉၆၈၆ ဧက၊ တံတားဦးမြို့နယ်တွင် ၁၀၃၇ ဧက၊ စုစုပေါင်း ဧက ၁၄၆၄၀ စိုက်ပျိုးပြီးကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရ သိရှိရပါသည်။

ငရုတ်သီးနှံကို နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် စတင် စိုက်ပျိုးပြီး မတ်နှင့် ဧပြီလများတွင် စတင်ခူးဆွတ်ကြောင်း သိရှိရသည်။ ငရုတ်မျိုးများအနေဖြင့် ယခုအချိန်ခါတွင် ပိုးမွှားဒဏ် ခံနိုင်ရည်ရှိပြီး အထွက်နှုန်း ကောင်းမွန်သော သာမို၊ ဒီမွန်၊ အာစတာ၊ ၆၉၂ မျိုးများကို စိုက်ပျိုးကြသော်လည်း တောင်သူများအနေဖြင့် ၆၉၂ မျိုးကို ပိုမိုစိုက်ပျိုးမှုများကြောင်း သိရှိရသည်။ တစ်ဧကစိုက်ပျိုးရာတွင် ကုန်ကျစရိတ်အနေဖြင့် မျိုးစေ့ဝယ်၊ ပျိုးထောင်၊ မြေပြင်ထွန်ယက် စိုက်ပျိုးသည်မှ နွားခွေး၊ ဓာတ်မြေဩဇာစသည့် သွင်းအားစုများနှင့် စိုက်ပျိုးသည်မှ ခူးဆွတ်သည့်အထိ လုပ်သားခစုစုပေါင်း ကျပ် ၁၂ သိန်းဝန်းကျင်ခန့် ကုန်ကျကြောင်း သိရှိရသည်။

အထွက်နှုန်း ကောင်းမွန်သောမျိုးများဖြစ်သည့်အတွက် စတင်ခူးဆွတ်သည်မှ ပြီးဆုံးသည်အထိ ပျမ်းမျှအားဖြင့် တစ်ဧကလျှင် ငရုတ်သီး အခြောက် ပိသာ ၅၀၀-၆၀၀ ဝန်းကျင်ထွက်ရှိကြောင်း၊ ငရုတ်သီးအခြောက် စျေးနှုန်းအနေဖြင့် ယခင်နှစ်တွင် တစ်ပိသာ ကျပ် ၂၅၀၀-၃၀၀၀ ဝန်းကျင်ရှိခဲ့ရာ ယခုကာလပေါက်စျေးမှာ ကျပ် ၃၈၀၀-၄၀၀၀ စျေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။ ယခုအချိန်ခါတွင် ငရုတ်စိုက်ခင်းများ၌ အဖူးအပွင့် ဝေဝေဆာဆာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ တောင်သူများအနေဖြင့် ယခုကာလ ပေါက်စျေးနှုန်းဆိုလျှင် အကျိုးအမြတ်ရရှိနိုင်ကြောင်း ငရုတ်စိုက် တောင်သူတစ်ဦး၏ပြောပြချက်အရ သိရှိရသည်။ **စိုးမင်းထွန်း(ကျောက်ဆည်မြို့)**

နေပြည်တော် တပ်ကုန်းမြို့နယ်ထွက် မန်ကျည်းသီးမှည့်

ပြည်ထောင်စုနယ်မြေအတွင်းမှ နှစ်စဉ် ပြည်ပဝင်ငွေရရှိစေသော မန်ကျည်းသီးမှည့် (အစေ့ပါ/အကြောဆွဲ)များအား နေပြည်တော်မှ ရန်ကုန်သို့ တင်ပို့နေမှုအခြေအနေများကို နေ့စဉ် တွေ့မြင်နေရသည်။ နေပြည်တော် တပ်ကုန်းမြို့နယ်မှ နေ့စဉ်နီးပါး ပိသာချိန် ၈၀၀၀ ကျော် တင်ပို့မှုရှိနေသည်ကို တွေ့ရှိနေရပြီး မန်ကျည်းသီးမှည့် ပိသာချိန် ၁၇၀၀၀၀ ကျော် တင်ပို့ပြီးဖြစ်သည်ကိုလည်းလေ့လာတွေ့ရှိရသည်။နေပြည်တော် အနေဖြင့် ယခင်နှစ် မန်ကျည်းသီးမှည့် တင်ပို့မှုမှာ ပိသာချိန် သုံးသိန်းကျော် တင်ပို့နိုင်ခဲ့သည်ဟု သိရသည်။

ပြည်ပတင်ပို့မှုအနေဖြင့် ယခင်နှစ်များက မြန်မာနိုင်ငံမှ မလေးရှားသို့ တင်ပို့မှုသာရှိနေသည့်အနေအထား ရှိခဲ့သော်လည်း ယခုနှစ် မန်ကျည်းမှည့် တင်ပို့မှုများတွင် ပါကစ္စတန်သို့ တင်ပို့ရန်အတွက် ဝယ်ယူနေသည်ဟုသိရှိရသည်။ တင်ပို့မှုများအသင့်အနေအထား ဖြစ်စေရန်အတွက် ထုပ်ပိုးမှုတွင် အိတ်အတွင်း ရေစိုခံ ပလတ်စတစ်ကို အတွင်းခံအဖြစ် အသုံးပြု၍ အိတ်တစ်အိတ် အလေးချိန် ၃၀ ဒသမ ၆၅ ပိသာ ထည့်သွင်းထုပ်ပိုးခြင်းဖြင့် တင်ပို့နေရသည်ဟု သိရသည်။

မန်ကျည်းမှည့် စတင်ထွက်ပေါ်ချိန် ဒီဇင်ဘာလ နောက်ဆုံးအပတ်မှ စတင်၍ စျေးနှုန်းဖြစ်ပေါ်လာမှုတွင် မန်ကျည်းသီးမှည့် (အစေ့ပါ/အကြောဆွဲ) မန်ကျည်းသီးမှည့် တစ်ပိသာ ၁၃၀၀ကျပ် စျေးဖြစ်ပေါ်ခဲ့ပြီး ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ၁၂၅၀ကျပ် စျေးရှိခဲ့ပြီး ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် ၁၃၀၀ကျပ် စျေးဖြစ်ပေါ်ခဲ့ သည်။ ယခင်နှစ် မန်ကျည်းသီးမှည့် တစ်ပိသာစျေးမှာ ၁၂၀၀ကျပ် စျေးနှုန်းသာ အမြင့်ဆုံးဖြစ်ခဲ့သည်ဟုလည်း သိရှိရသည်။

သို့ဖြစ်ပါ၍ မန်ကျည်းပင်သည် ရှေးလူကြီးများအဆိုအရ "နွေထနောင်း၊ ဆောင်းမန်ကျည်း"နွေရာသီတွင် ထနောင်းရိပ်က အေးချမ်းမှုကို ပေးစွမ်းသလို ဆောင်းရာသီတွင် မန်ကျည်းပင်ရိပ်က အေးချမ်းမှုကို ပေးစွမ်းနိုင်သည်ဟု ဆိုရိုးစကားရှိထားခဲ့သည့်အပြင် အရွက်နု၊ အသီးနု၊ အသီးမှည့်ကိုလည်း ဟင်းလျာအဖြစ်စား၊ အကိုင်းအခက် အတက်အလက်ကိုလည်း ထင်း၊ မီးသွေး၊ လောင်စာအဖြစ် သုံးလို့ရ၊ အသီးမှည့်ကိုလည်း မြန်မာ့တိုင်းရင်း ပရဆေးဖက်ဝင်သည့်အပြင် တန်ဖိုးမြှင့် ထုတ်ကုန်(Value Added)စားသောက်ကုန်အဖြစ် မန်ကျည်းသီးမှည့်အား မန်ကျည်းလိပ်၊ မန်ကျည်းပြား၊မန်ကျည်းတော်ဖိ၊မန်ကျည်းဖျော်ရည်၊ ဆေးမန်ကျည်း၊ အလှကုန်ပစ္စည်း စသည်ဖြင့် ပြည်ပဝင်ငွေရရှိစေသည့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် မန်ကျည်းသီးမှည့်မှ ထုတ်လုပ်နိုင်သည်။

စိန်ဝင်း(နေပြည်တော်)

နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၀ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) ဓမ္မဇေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး အစိုးရရုပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) အရှေ့မြို့ပတ်လမ်း၊ ရေဒေးကွင်းရုပ်ကွက်၊ အမှတ်(၅)စျေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရုပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတာပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် (၈/၉)လမ်းကြား၊ ကန္တာရတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး သာစည်လမ်း၊ ဒေါ်နုဦးရပ်၊ မီးရထားသံလမ်းနှင့် ဝိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

စျေးကွက်အတွင်း အောင်မြင်နေသည့် ပြင်ဦးလွင်ဆွယ်တာ

ပြင်ဦးလွင်မြို့သည် တောင်ပေါ်မြို့လေးတစ်ခုဖြစ်သောကြောင့် အေးမြသည့်ရာသီဥတုကို ပိုင်ဆိုင်ထားသော မြို့လေးဖြစ်ပြီး လည်ပတ်စရာနေရာများစုံနှင့်ဒေသထွက် အမှတ်တရပစ္စည်းများစွာရှိ၍ ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်သော မြို့လေးဖြစ်သည်။ အမှတ်တရပစ္စည်းများထဲတွင် ပြင်ဦးလွင်မြို့နယ်ထွက် ဆွယ်တာ အနွေးထည် ထုတ်လုပ်ရောင်းချမှုလုပ်ငန်းသည်လည်း တစ်ခုအပါ အဝင်ဖြစ်ပါသည်။ ယင်းလုပ်ငန်းမှာ SME လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၉ ခုနှစ်မှ စတင်ပြီး ဆွယ်တာ ထုတ်လုပ်သူများအသင်းအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး ယခုအချိန်တွင် ပန်းချယ်ရီ ဆွယ်တာ သမအသင်းဇုန်အနေဖြင့် လုပ်ငန်းများလုပ်ကိုင်လျက်ရှိပါသည်။

လုပ်ငန်းရှင်ဦးရေ ၆၅ ဦးနှင့် လုပ်သားဦးရေ ၂၃၀ ရှိပြီး ဆွယ်တာစက် အလုံးရေ ၂၀၀ နှင့် လက်ခစား နဝလီအနေဖြင့် ထုတ်လုပ်လည်ပတ်လျက်ရှိသည်။ မြို့ပေါ်ရှိ ဆွယ်တာဆိုင်ကြီးများနှင့် မန္တလေးမှ ဆွယ်တာကုန်သည်များ၏ အပ်ထည်ဆွယ်တာ အထည်များကို စိတ်တိုင်းကျ ရက်လုပ်ပေးရပြီး အပ်ထည် ဆွယ်တာဒီဇိုင်းအပေါ် မူတည်၍ တစ်ထည်လျှင် အနိမ့်ဆုံး ၅၅၀ ကျပ်မှ အမြင့်ဆုံး ၁၉၀၀ကျပ် စျေးရရှိသည်။ ဆွယ်တာယက်လုပ်ရန်အတွက်ကုန်ကြမ်းချည်များအား ကုန်သည်များမှ တရုတ်ပြည်မှ ဝယ်ယူပြီး ဆွယ်တာထုတ်လုပ်သည့် စက်ရုံလုပ်ငန်းရှင်များထံသို့ ကြိုတင်အပ်နှံကြရသည်။ဆွယ်တာစက်ပိုင်ရှင်များအနေဖြင့်တစ်ထည်လျှင် ဆွယ်တာရက်လုပ်ခ အနိမ့်ဆုံး ၇၀၀ ကျပ်ရပြီး လုပ်သားခ၃၅၀ ကျပ် ရှင်းပေးရ၍ တစ်ထည်လျှင် ၃၅၀ ကျပ်ကျန်ပြီး အမြင့်ဆုံး ရက်လုပ်ခ ၁၉၀၀ ကျပ် ဆွယ်တာထည်ဆိုလျှင် လုပ်သားခ ၁၅၀၀ ကျပ် ရှင်းပေးပြီး တစ်ထည်လျှင် ၄၀၀ ကျပ် အသားတင်အမြတ်ရရှိသည်။ ဆွယ်တာ မှာယူမှုပေါ် မူတည်ပြီး လုပ်သားတစ်ဦးအနေဖြင့် တစ်ရက်လျှင် ကလေးအထည် ၁၅ ထည် ရက်လုပ်နိုင်ပြီး တစ်ထည်လျှင် ၃၅၀ကျပ်နှုန်းဖြင့် ၅၂၅၀ ကျပ် ရရှိကြောင်း၊ လူကြီးအထည်ဆိုပါက ငါးထည် ရက်လုပ်နိုင်ပြီး တစ်ထည်လျှင် ၁၅၀၀ ကျပ်နှုန်းဖြင့် ၇၅၀၀ ကျပ် ရရှိပါသည်။ ပြင်ဦးလွင်မြို့နယ်တွင် တစ်ရက်လျှင် ဆွယ်တာ ထုတ်လုပ်နိုင်မှုအနေဖြင့် ကလေးထည် ၁၅၀၀ ထည်နှင့် လူကြီးထည် ၆၅၀ထည် ထုတ်လုပ်နိုင်သောကြောင့် တစ်လလျှင် ကလေးထည် ၄၅၀၀၀ ထည်နှင့် လူကြီးထည် ၁၉၅၀၀ထည် ထုပ်လုပ်နိုင်မှုအင်အားရှိကြောင်း သိရှိရသည်။

ဆွယ်တာကုန်သည်များ၏ အကျိုးအမြတ်အနေဖြင့် ယခုလက်ရှိ ဆွယ်တာချည် ကုန်ကြမ်းကုန်ချော တစ်ပေါင်လျှင် ငွေကျပ် ၆၃၀၀ ရှိပြီး ချည်တစ်ပေါင်လျှင် ကလေးအထည် လေးထည်ဆိုက် ရက်လုပ်နိုင်ပြီး ချည်တန်ဖိုးနှင့် လက်ခစုစုပေါင်း ၉၁၀၀ ကျပ် ကုန်ကျစရိတ်ရှိကြောင်း၊ ပြန်လည်ရောင်းချမှုအနေဖြင့် တစ်ထည်လျှင် ၃၅၀၀ ကျပ်နှုန်းဖြင့် ကလေးအထည် လေးထည်အတွက် ငွေကျပ် ၁၄၀၀၀ပြန်လည်ရရှိပြီး ချည်တစ်ပေါင်လျှင် အမြတ်ငွေကျပ်၄၉၀၀ ရရှိကြောင်း ဆွယ်တာဆိုင်များ၏ ရောင်းဝယ်မှုစျေးကွက်အရ သိရှိရပါသည်။

လက်ရှိ ဆွယ်တာစျေးကွက်အနေဖြင့် ပြင်ဦးလွင်မြို့ရှိ ဆိုင်ကြီး ၁၀ဆိုင်နှင့် ကန်တော်ကြီး၊ ဘီအီးရေတံခွန်၊ ပိတ်ချင်းမြောင်လှိုဏ်ဂူတော်နှင့် တရုတ်ဘုံကျောင်း စသည့် အထင်ကရနေရာများတွင် ရောင်းချနေပြီး မန္တလေးကုန်သည်အများစုအနေဖြင့် ၁၀ရက်တစ်ခါ လာရောက်၍ ၎င်းတို့ အပ်ထည်များကို လာယူပြီး မန္တလေးစျေးချိုတော်ဆိုင်ခန်းများမှတစ်ဆင့် နယ်မြို့များသို့ လက်လီ၊ လက်ကား ပြန်လည်ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရှိရသည်။

ပြင်ဦးလွင်နှင့် ဆွယ်တာ အဝတ်အထည်ဟာ ခွဲခြားလို့မရသလို ပြင်ဦးလွင်မြို့သို့ အပန်းဖြေဖို့ ပဲလာလာ၊ အလုပ်ကိစ္စဖြင့် လာလာ၊ အိမ်အပြန်လက်ဆောင်ဆိုလျှင် ပြင်ဦးလွင် ဆွယ်တာလေးက မဖြစ်မနေ ဝယ်ယူသွားကြတာမို့ မမှိုးနိုင်တဲ့ ဓလေ့အစဉ်အလာလေးတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

အောင်မင်းနိုင်
(ကျောက်ဆည်)

စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး ဟောပြော

ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ငပလီမြို့ပေါ် ရပ်ကွက်များ၌ ဆေးနှင့်ဆေးဝါးပစ္စည်းများ ရောင်းချသည့် လုပ်ငန်းရှင်များအား ဖိတ်ကြားကာ ဘေးအန္တရာယ်ကင်းရှင်းသော ဆေးနှင့်ဆေးဝါးပစ္စည်းများ ရောင်းချနိုင်ရေးအတွက် အသိပညာပေး ဟောပြောခြင်းကို မတ် ၃ ရက်တွင် ငပလီမြို့ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် သံတွဲခရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တာဝန်ခံ ဒေါက်တာရဲမင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး ဆေးဝါးရောင်းချသူများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းဥပဒေများအား ရှင်းလင်းပြောကြားခြင်း၊ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများက တရားဝင်ခွင့်ပြုချက်မရှိဘဲ တင်သွင်းလာသည့် စားသောက်ကုန်များအကြောင်းအား ရှင်းလင်းပြောကြားခြင်း၊ သံတွဲခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များနှင့် ကုန်စည်များ၌ ဖော်ပြရမည့် ကုန်အညွှန်းအမှတ်အသားများ အကြောင်းတို့အား ရှင်းလင်းဟောပြောခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသော ဆေးဝါးပစ္စည်းအရောင်းဆိုင်ပိုင်ရှင်များ၏ မေးမြန်းချက်များအား သံတွဲခရိုင် ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် သံတွဲခရိုင် စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာနက စားသုံးသူ ကာကွယ်ရေးဥပဒေပါ ကောက်နုတ်ချက် လက်ကမ်းစာစောင်များနှင့် ခရိုင် FDA မှ တရားမဝင် အသားတု၊ အသားလုံး၊ အသားပြားများအကြောင်း လက်ကမ်း စာစောင်များအား ဝေငှခဲ့ကြောင်းသိရသည်။ **ဝင်းနိုင်(ငပလီ)**

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ စားသုံးသူများသို့ စျေးနှုန်းသက်သာစွာဖြင့် စားသုံးဆီများရောင်းချ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးသည် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်း၍ မတ် ၃ ရက်မှ ၇ ရက်အထိ အရှေ့ပိုင်းခရိုင်အတွင်းရှိ စားသုံးသူပြည်သူများသို့ ရာသက်ပန် ကုန်အမှတ်တံဆိပ် ဆီဘူးများကို စျေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့သည်။

ထိုကဲ့သို့ စားသုံးသူပြည်သူများ လက်ဝယ်အရောက်ကားဖြင့် လှည့်လည်၍ မင်္ဂလာတောင်ညွန့်၊ ဒဂုံ(ဆိပ်ကမ်း)၊ ဒေါပုံမြို့နယ်များအတွင်း ရောင်းချပေးရာတွင် ဟင်းသီးဟင်းရွက်ဆီ ၅၀ သား တစ်ဘူးလျှင် ကျပ် ၃၀၀၀၊ တစ်ပိဿာ တစ်ဘူးလျှင် ကျပ် ၆၀၀၀၊ နေကြာဆီ ၅၀ သား တစ်ဘူးလျှင် ကျပ် ၃၈၀၀၊ တစ်ပိဿာ တစ်ဘူးလျှင် ကျပ် ၇၆၀၀၊ ပဲပိစပ် ၅၀ သား တစ်ဘူးလျှင် ကျပ် ၄၀၀၀၊ တစ်ပိဿာ တစ်ဘူးလျှင် ကျပ် ၈၀၀၀ ဖြင့် အသီးသီး ရောင်းချပေးခြင်းကြောင့် ဝယ်ယူသုံးစွဲသူများပြားကြောင်း သိရသည်။

ခင်မာဌေး

တည်ငြိမ်ကုန်းဈေးကြီး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်ငြိမ်ကုန်းလက်ကားဈေးကြီးအတွင်း မတ် ၄ ရက်မှ ၁၀ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်၊ တပ်ကုန်း၊ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရှိရသည်။

ထိုသို့ ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ်(ပိဿာ) ကျပ် ၄၀၀ မှ ၈၀၀ အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်)ကျပ် ၇၀၀ မှ ၁၃၀၀ အတွင်း၊ ပန်းဂေါ်ဖီ(ထုပ်) ကျပ် ၅၀၀ မှ ၈၀၀ အတွင်း၊ အာလူး(ပိဿာ)ကျပ် ၁၁၀၀ မှ ၂၅၀၀ အတွင်း၊ မုန်လာဥနီ(ပိဿာ) ကျပ် ၉၀၀ မှ ၁၅၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး)ကျပ် ၆၀၀ မှ ၁၈၀၀အတွင်း၊ ဘူးသီး (လုံး) ကျပ် ၅၀၀ မှ ၁၁၀၀ အတွင်း၊ မုန်ညင်း(ထုပ်)(ပိဿာ)ကျပ် ၅၀၀ မှ ၁၂၀၀ အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) ကျပ် ၆၀၀မှ ၁၄၀၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း)(ပိဿာ) ၂၂၀၀ မှ ၃၈၀၀အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်)(ပိဿာ) ကျပ် ၂၄၀၀ မှ ၃၀၀၀ အတွင်း၊ ချင်း(ပိဿာ) ကျပ် ၅၀၀ မှ ၂၁၀၀ အတွင်း၊ ဆလတ်ရွက်(စီး) ကျပ် ၉၀ မှ ၁၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး) ကျပ် ၆၀ မှ ၁၅၀ အတွင်း၊ ခရမ်းသီး(ရှည်)(လုံး)ကျပ် ၁၀၀ မှ ၂၀၀ အတွင်း၊ သံပရာသီး(လုံး) ကျပ် ၅၀ မှ ၂၀၀အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း)(ပိဿာ) ၅၀၀ မှ ၁၃၀၀ အတွင်း၊ ဖရဲသီး(အကြီး၊ အလတ်၊ အသေး) ကျပ် ၁၂၀၀ မှ ၂၀၀၀ အတွင်း ဖြစ်ကြောင်း သိရှိရသည်။

မြင့်မြင့်စန်း

ဗန်းမော်မြို့ရှိ ဆန်စက်များသို့ စားသုံးသူကာကွယ်ရေးအသိပညာပေး

ဗန်းမော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် ဝန်ထမ်းများသည် မတ် ၁ ရက်တွင် ဗန်းမော်မြို့ရှိ အောင်ပြည့်စုံဆန်စက်၊ သုခစံဆန်စက်၊ အောင်ကောင်းဆက် ဆန်စက်၊ ကျော်မေတ္တာဆန်စက်များသို့ သွားရောက်၍ စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြောခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးက ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် စားသုံးသူကာကွယ်ရေးဥပဒေကို အခန်း(၂၅) ခန်း၊ ပုဒ်မ(၈၄)ခုဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူကာကွယ်ရေး နည်းဥပဒေကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၉/၂၀၂၂ ဖြင့် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ၊ ကုန်စည်၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံပေးထားမှုအပေါ် စားသုံးသူတောင်းဆိုနိုင်သည့် အခွင့်အရေး၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်နှင့်အညီ သိသာထင်ရှားစွာဖော်ပြရမည့်အချက်များ၊ စားသုံးသူ နစ်နာဆုံးရှုံးမှုများအတွက် တိုင်ကြားနိုင်သည့် နည်းလမ်းနှင့် တိုင်ကြားမှုများ ဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ စားသုံးသူများအား မျှတမှုရှိသည့် ဒီဂျစ်တယ် ငွေကြေးဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်စေရန်နှင့် စားသုံးသူများ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ လုံခြုံစိတ်ချရစေရန်အတွက် ဒီဂျစ်တယ် ငွေကြေးဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများကသိလိုသည်များကိုမေးမြန်းခဲ့ရာ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ရဲရဲဖြိုး
(ဗန်းမော်)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ဧရာဝတီဒေသကို ဆောင်းသီးနှံ ဗဟိုဒေသအဖြစ် ဖွံ့ဖြိုးတိုးတက်ရေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ တိုင်း/ခရိုင်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် ပခုက္ကူခရိုင် ဦးစီးမှူးရုံးမှ ပေါက်မြို့နယ်တာဝန်ခံဒု-ဦးစီးမှူး ဦးကျော်စိုးသည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၉ နာရီတွင် ပြည်တွင်း ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပေါက်မြို့နယ် ရှားတောကျေးရွာ ဆောင်းသီးနှံကုလားပဲစိုက်ပျိုးသော တောင်သူဦးဌေးလွင်နှင့်သွားရောက်တွေ့ဆုံပြီး စိုက်ပျိုးမှုအခြေအနေကို လေ့လာမေးမြန်းခဲ့သည်။

ပေါက်မြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းတွင်တည်ရှိပြီး စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်သော ဒေသဖြစ်ကြောင်း၊ အဓိကသီးနှံအနေဖြင့် ကြက်သွန်၊ စပါး၊ မြေပဲ၊ ပဲတီစိမ်း၊ ဝါ၊ ကုလားပဲတို့ကို စိုက်ပျိုးပြီး ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်တွင် ဆောင်းသီးနှံ ကုလားပဲ စိုက်ဧက ၃၂၃၅ ခန့် စိုက်ပျိုးထားရှိကြောင်း၊ ရှားတောကျေးရွာတွင် ကုလားပဲစိုက် တောင်သူ ၅၀ ခန့် စိုက်ပျိုးပြီး စိုက်ဧက ၁၀၀ခန့် စိုက်ပျိုးထားရှိကြောင်း၊ ယခင်နှစ်က ကြက်သွန်နီ စျေးမကောင်းခဲ့သည့်အတွက်ကြက်သွန်နီအစား ကုလားပဲသီးနှံကို ပြောင်းလဲအစားထိုး စိုက်ပျိုးခဲ့၍ ကုလားပဲစိုက်ဧက ပိုများကြောင်း၊ တောင်သူဦးဌေးလွင်အနေဖြင့် ယခုနှစ်တွင် ၅ ဧကခန့် စိုက်ပျိုးထားရှိကြောင်း၊ မိုးစပါးများရိတ်သိမ်းပြီး စိုက်ခင်းများတွင် သီးထပ်အဖြစ် ဆောင်းသီးနှံ ကုလားပဲကို စိုက်ပျိုးကြောင်း၊ ကုလားပဲလုံးကြီးအဖြူ ထိုင်ဝမ်မျိုးကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း၊ ဗမာကုလားပဲလုံးသေး အနီစိုက်ပျိုးသော်လည်း စိုက်ဧကနည်းပါးကြောင်း၊ တစ်နှစ်လျှင် တစ်ရာသီသာ စိုက်ပျိုး၍ ကုလားပဲစိုက်ရာသီမှာ အောက်တိုဘာ ၁၅ ရက်တွင် စတင်စိုက်ပျိုးသော်လည်း ရှားတောကျေးရွာအနေဖြင့် မိုးစပါးပြီးမှ စိုက်ပျိုးရ၍ စိုက်ပျိုးချိန် နောက်ကျကြောင်း သိရှိရသည်။

ယခုနှစ်တွင် ဆောင်းသီးနှံကုလားပဲကို ဒီဇင်ဘာလဆန်းတွင် စတင်စိုက်ပျိုးပြီး မတ်လကုန်တွင် အသီးရင့်၍ ရိတ်သိမ်းရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးပင်သက်တမ်းမှာ သုံးလခန့် ကြာမြင့်ပါကြောင်း၊တစ်ဧကစိုက်ပျိုးကျဲပက်လျှင် ကုလားပဲ နှစ်တင်းခန့် ကုန်ကျကြောင်း၊မျိုးကို စိုက်ပျိုးရေးဌာနမှ ဝယ်ယူခြင်းမပြုဘဲ မိမိတို့ဒေသထွက် မျိုးကိုသာ ပြန်လည်စိုက်ပျိုးကြကြောင်း၊ မျိုးဝယ်ယူစိုက်ပျိုးလျှင် တစ်တင်းလျှင် ကျပ် ၄၅၀၀၀ခန့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ တောင်သူအနေဖြင့် ကုလားပဲလုံးကြီး အဖြူထိုင်ဝမ်မျိုးကို ၅ ဧက စိုက်ပျိုးလျှင် မျိုး၁၀တင်းခန့်ကုန်ကျကြောင်း၊ ယခုနှစ်တွင် ပိုမိုအထွက်နှုန်း ကောင်းမွန်စေရန် အတွက် ရေသွင်းစိုက်ပျိုးကြောင်း၊ စိုက်ပျိုးပြီး ခုနစ်ရက်အကြာတွင် အပင်ပေါက် စုံလင်ပြီး တစ်လခန့် အကြာတွင် အပင်မှာ စတင် အပွင့်လိုက်၍ ရေသွင်းပါကြောင်း၊ ရေမသွင်းခင် အပွင့်အသီးများပြီး အထွက်ကောင်းစေရန်အတွက် မှိုဆေး၊ အားဆေး အသုံးပြုပြီး ပုလဲအဖြူလုံးကြီး တစ်ဧကလျှင် ရှစ်ပြည်ခန့် ကျဲပက်ရပါကြောင်း၊ သီးလုံးပေါက် ပိုးကျရောက်မှုမှ ကာကွယ်ရန်အတွက်လည်း ပိုးသတ်ဆေးများ ပက်ဖြန်းပြီးမှ ရေသွင်းပါကြောင်း၊တစ်ဧကလျှင် ရေသွင်းချိန် သုံးနာရီခန့် ကြာမြင့်ပြီး တစ်နာရီတွင် တစ်သောင်းကျပ် ကုန်ကျစရိတ်ရှိကြောင်း၊ မတ်လကုန်တွင် အသီးရင့်၍ ကုလားပဲပင်များကို အလုပ်သမား ၁၅ ဦးခန့် ငှား၍ တစ်မနက်လျှင် လုပ်ခကျပ် ၂၅၀၀ နှုန်းဖြင့် ရိတ်သိမ်းပါကြောင်း၊ ရိတ်သိမ်းပြီး သုံးရက်အကြာထိ နေလှန်း၍ ခြောက်လျှင် စိုက်ခင်းအတွင်းရှိ ကွင်းပြင်အလွတ်တွင် မိုးကာခင်း၍ တစ်ပုံတည်းစုပုံထားရှိကြောင်း၊ ကုလားပဲခွေလှေ့စက်ဖြင့် ခွေပြီး စက်ငှားရမ်းခအနေဖြင့် တစ်နာရီလျှင် ငွေကြေးပေးရန်နှုန်း သတ်မှတ်ချက်မရှိဘဲနှင့် ကုလားပဲအဆန် တစ်တင်းရလျှင် တစ်ပြည်နှုန်းဖြင့် စက်ပိုင်ရှင်အား ငှားရမ်းခအနေဖြင့် ပေးရကြောင်း သိရှိရပါသည်။

အထွက်နှုန်းအနေဖြင့် ယခင်နှစ်က တစ်ဧကလျှင် ကုလားပဲ ရှစ်တင်းမှ ၁၀ တင်းအထိ ထွက်ရှိပြီး ယခုနှစ်တွင် ရာသီဥတုအနေအထား ကောင်းမွန်ခြင်း၊ ပိုးမွှားကျရောက်မှုအန္တရာယ်မှ ကင်းဝေးခြင်းတို့ကြောင့် ယခင်နှစ်ထက် အထွက်နှုန်းကောင်းမွန်နိုင်၍ ၁၀ တင်းမှ ၁၂ တင်းအထိ ထွက်ရှိမည်ဟု မျှော်မှန်းပါကြောင်း၊ စျေးကွက်အနေဖြင့်လည်း ယခင်နှစ်က သီးနှံပေါ်စတွင် ကုလားပဲတစ်တင်းလျှင် ကျပ် ၂၈၀၀၀ မှ ၃၀၀၀၀ ထိ အခြင့်စျေးရှိခဲ့ပြီး ယခုနှစ်တွင် ပဲမျိုးစုံ သီးနှံစျေးကွက်ကောင်းမွန်၍ သီးနှံပေါ်စတပင် တစ်တင်းလျှင် ကျပ် ၃၆၀၀၀ ပေါက်စျေးရှိကြောင်း၊ ယခုနှစ်တွင် ၅ ဧက စိုက်ပျိုးထား၍ ကုလားပဲ တင်း ၆၀ ခန့်ထွက်ရှိမည်ဟု ခန့်မှန်းထားရှိကြောင်း သိရှိရပါသည်။

တစ်ဧက ကုန်ကျမှုအနေဖြင့် မြေပြုပြင်ခ အလုပ်သမားငှားရမ်းခ သွင်းအားစုအမျိုးမျိုး ဝယ်ယူခ စုစုပေါင်း ကျပ် ၂၀၀၀၀ ခန့် ကုန်ကျကြောင်း၊ မိမိ၏မိသားစုဝင်များကိုယ်တိုင် ပါဝင်လုပ်ကိုင်ခြင်းရှိသောကြောင့် ကုန်ကျစရိတ် အနည်းငယ်သက်သာကြောင်း၊ အထွက်တင်းမှာ တစ်ဧကလျှင် ၁၂ တင်းခန့်ထွက်ရှိပြီး ယခုလက်ရှိ ပေါက်စျေး ကျပ် ၃၆၀၀၀ ဖြင့် ရောင်းချရမည်ဆိုလျှင် ကျပ် ၄၃၂၀၀၀ ခန့် ဝင်ငွေရရှိ၍ ကျပ် ၂၀၀၀၀၀ ဝန်းကျင်ခန့် အကျိုးအမြတ် ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထွက်ရှိသော ကုလားပဲများကို ပြန်လည်ဖြန့်ဖြူးရာတွင် ရှားတောကျေးရွာမှ တောင်သူများအနေဖြင့် ပခုက္ကူမြို့ပေါ်ရှိ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံရောင်းဝယ်သည့် ဇောတိကပွဲရုံသို့ တင်ပို့ရောင်းချကြောင်း တောင်သူဦးဌေးလွင်၏ပြောကြားချက်အရ သိရှိရသည်။

မြင့်မြင့်သန်း(ပခုက္ကူ)

ပြည်တွင်းမှ ထွက်ရှိသော ပဲမျိုးစုံထဲမှ ဆောင်းသီးနှံ ကုလားပဲသည် မြန်မာလူမျိုးများအတွက် ကြိုက်နှစ်သက်ဆုံးပဲဖြစ်ကြောင်း၊ စားသောက်သုံးစွဲရာတွင် အာဟာရရရှိမှုအပြင် အရသာမှာလည်း ထူးကဲပြီး ကောင်းမွန်ခြင်းရှိသည့်အတွက် ကုလားပဲကို အိမ်ရှင်မများအနေဖြင့် အခြေခံစားကုန် ဟင်းတစ်မယ်အဖြစ် အသုံးပြုခြင်းအပြင် မုန့်မျိုးစုံပြုလုပ်ခြင်း၊ အလှူမင်္ဂလာပွဲများတွင်လည်း မပါမဖြစ် အသုံးပြုခြင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကုလားပဲခြမ်းအစိမ်း၊ ပဲကြော်၊ပဲမှုန့်၊ ပဲကြောင်းလုပ်ငန်းများ ထုတ်လုပ်ရောင်းချခြင်းများရှိပါ၍ ပြည်တွင်းစားသုံးမှုများပြားပြီး ထုတ်လုပ်မှုပိုင်းအနေဖြင့်လည်း စက်များ လည်ပတ်နေရခြင်းဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်များသာမက အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိပြီး ပြည်ပနိုင်ငံများသို့လည်း ပို့ကုန်အဖြစ် တင်ပို့နိုင်ခြင်းရှိပါ၍ နိုင်ငံတော်၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပေးနိုင်ပြီး ရောင်းလိုအားဝယ်လိုအားကောင်းပြီး စျေးကွက်ကောင်းရရှိသော ဆောင်းသီးနှံကုလားပဲကို ပြည်တွင်းရှိ စိုက်ပျိုးတောင်သူများအနေဖြင့် နှစ်စဉ်မပျက် စိုက်ပျိုးသင့်ကြောင်း သိရှိရသည်။

ပျားရည်စျေးကောင်းနေ၍ ပျားရှာသူများ ဝင်ငွေရနေ

အညာဒေသတွင် လယ်ယာလုပ်ငန်းခွင်နားချိန်၌ ပျားရှာပျားဖွတ် လုပ်ကိုင်သူများ လက်ရှိ ပျားရည်စျေးကောင်းမွန်သောကြောင့် ဝင်ငွေရနေကြောင်း မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်က ပျားရှာသူများထံမှ သိရသည်။

အညာဒေသမှာ မိုးရာသီနဲ့ ဆောင်းရာသီမှာ လယ်ယာလုပ်ငန်းခွင်၌ အလုပ်ပေါသော်လည်း ယခုလို နွေဦးပေါက်မှာ အလုပ်အနည်းငယ်အားနေကြပြီး ပျားရှာပျားဖွတ်ကြကာ ဝင်ငွေရှာနေကြကြောင်း လက်ရှိ ပျားရည်ပျားသလက်တစ်ခု ကျပ် ၁၅၀၀၀ကနေ ကျပ် ၃၀၀၀အတွင်း ရောင်းရပြီး လတ်လတ်ဆတ်ဆတ် သံသယကင်းကင်းဖြင့် စားသုံးလိုသူများအတွက် အဆင်ပြေကြောင်း ချောက်မြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။ စျေးကွက်၌ ပျားရည်ကို သဘာဝပျားရည်တစ်ပုလင်းလျှင် ကျပ် ၅၀၀၀ ပေါက်စျေးရောင်းရပြီး ဆေးဖက်ဝင်အဖြစ် ဝယ်ယူစားသုံးသူ များလာကြောင်း သိရသည်။

ဆန်းညွှန့်(ရေနံချောင်း)

တစ်နိုင်တစ်ပိုင် အာလူးကြော်လုပ်ငန်း

ကျောက်မဲမြို့(၇)ရပ်ကွက်၌ ထုတ်လုပ်ဖြန့်ဖြူး၊ ရောင်းချလျက်ရှိသည့် အိမ်တွင်းမှုစားသောက်ကုန်လုပ်ငန်းဖြစ်သော “သင်းရနံ့”အမှတ်တံဆိပ်၏ ကုန်စည်အား မတ် ၃ ရက်တွင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ သွားရောက်၍ ကုန်ကြမ်းမှတစ်ဆင့် ကုန်ချောအဖြစ် ထုတ်လုပ်နေမှုများကို ကွင်းဆင်းလေ့လာစစ်ဆေးခဲ့ကြကြောင်း၊ ယင်းသို့စစ်ဆေးခဲ့ရာတွင် ကုန်ကြမ်းပစ္စည်းဖြစ်သော အာလူးကို အောင်ပန်းမြို့မှ တိုက်ရိုက်မှာယူခြင်းဖြစ်ကြောင်း၊ အောင်ပန်းမှ အာလူးသည် ယခုလက်ရှိဝယ်စျေးနှုန်းများမှာ ပိသာချိန် ၃၀ တစ်အိတ်လျှင် သယ်ယူစရိတ်အပါအဝင် ၈၀၀၀၀ကျော်ရှိကြောင်း သိရှိရသည်။

ကုန်ချောအဖြစ် ပြန်လည်ထုတ်လုပ်ရာတွင် အာလူးများကို ညီညာအောင် စက်ဖြင့်လှီးဖြတ်၍ ရရှိလာသော အာလူးအဖတ်များကို ဓာတုဆေးဝါးများ အသုံးပြုခြင်းမရှိဘဲ သဘာဝရေအေးအေးဖြင့် သုံးကြိမ်ခန့် ဆေးပြီးလျှင် ဆား၊ ငရုတ်သီးမှုန့်၊ ဟင်းခတ်မှုန့်များနှင့်သမအောင်(နယ်/မွှေ)၍ကြော်ရကြောင်း၊ ထိုသို့ အာလူးများကို ကြော်ရာတွင် ဟင်းသီးဟင်းရွက်ဆီ တစ်မျိုးတည်းကိုသာ အသုံးပြုရကြောင်း သိရသည်။

အာလူးပိသာချိန် ၃၀ ပါ တစ်အိတ်လျှင် ကုန်ချောအဖြစ် ထုပ်ပိုးပြီးသော အထုပ် ၂၅၀ ထုပ်ခန့်ရရှိပြီး တစ်ထုပ်လျှင် ဖောက်သည်စျေး ၄၀၀ ကျပ်ဖြင့် ဖြန့်ဖြူးရောင်းချကြောင်း၊ တစ်ရက်လျှင် ပိသာချိန် ၆၀မျှသာ ထုတ်လုပ်နိုင်ကြောင်းနှင့်မြို့တွင်းစျေးကွက်သာရှိကြောင်း သိရှိရသည်။

ထို သင်းရနံ့ အမှတ်တံဆိပ် အာလူးကြော်လုပ်ငန်းရှင်အား ဌာနက ထုတ်ပြန်ထားသည့် စားသုံးသူကာကွယ်ရေးဥပဒေပါ အကြောင်းအရာများကို အသိပညာပေး ဆွေးနွေးခဲ့ကြကြောင်းနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန် လိုအပ်သည့်အချက်များအား သိရှိဆောင်ရွက်နိုင်စေရန် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။

ကျောက်မဲမြို့
(စားသုံးသူရေးရာဦးစီးဌာန)

ဗျာပုံမြို့နယ်ရှိ အလှကုန်ပစ္စည်း အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

ဗျာပုံမြို့နယ်အတွင်းရှိ အလှကုန်ပစ္စည်းအရောင်းဆိုင်များတွင် ရောင်းချနေသော ကုန်စည်များအား စားသုံးသူများ ဘေးဥပဒ်အန္တရာယ်မဖြစ်စေရေးနှင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှုမရှိသော ကုန်စည်များ စျေးကွက်အတွင်းမှ ပယ်ဖျောက်စေရန် ရည်ရွယ်၍ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်စစ်ဆေးရေးမှူးဦးမင်းဇော် ဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနတို့မှဝန်ထမ်းများ လိုက်ပါ၍ မတ် ၇ ရက် နံနက် ၁၀ နာရီက (၃)ရပ်ကွက် (ဘိုကလေးသွား ကားလမ်းမကြီး)ရှိ အလှကုန်ပစ္စည်းအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ အရောင်းဆိုင်များတွင် အမှတ်တံဆိပ်အမျိုးမျိုးဖြင့်ထုတ်လုပ်ထားသည့် မျက်နှာသစ်ဆပ်ပြာများ၊ ချိုင်းလိမ်းဆီများ၊ အသားဖြူကိုယ်လိမ်းပေါင်ဒါများ၊ ဆပ်ပြာရည်ပျစ်၊ ရိုးရိုးဆပ်ပြာ၊ ဆိတ်နို့ဆပ်ပြာ၊ မျက်နှာလိမ်းခရင်များ၊ လက်သည်းဖျက်ဆေး၊ လက်သည်းဆိုးဆေးများ၊ ရေမွှေး(စပရေး)များအား ကုန်အညွှန်းအမှတ်အသား ကိုက်ညီမှုရှိမရှိစျေးကွက်စောင့်ကြည့်စစ်ဆေးရာ ကုန်အညွှန်းအမှတ်အသား ကိုက်ညီမှုရှိသော ကုန်စည်များ တွေ့ရှိရသဖြင့် လုပ်ငန်းရှင်များအား ပြည့်စုံမှုမရှိသော ကုန်စည်များ၊ မြန်မာဘာသာဖြင့် ဖော်ပြထားခြင်းမရှိသော ကုန်ကုန်စည်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှု မရှိသဖြင့် မရောင်းချရန် အသိပညာပေး ဆောင်ရွက်ခဲ့ပြီး ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ပါအတိုင်း သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်ရန် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။

မင်းဇော်မွန်(ဗျာပုံ)

အလေ့ကျပေါက်ပင်မှသည် တန်ဖိုးမြှင့်ထုတ်ကုန်ဆီသို့

ထွန်းနိုင်လင်း(ပြည်)

ကတွတ်ပင်သည် သဘာဝပေါက်ပင်တစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံအနှံ့ သစ်တောတိုင်းလိုလိုမှာ ပေါက်ရောက်တတ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ပိုမိုတွေ့ရတတ်ပြီး ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်မြို့နယ်အတွင်း အနောက်ရွာသစ်ကျေးရွာနှင့် ပျဉ်းပင်ကိုင်းကျေးရွာအနီး သစ်တောကြိုးဝိုင်းများတွင် အလေ့ကျပေါက်ရောက်နေကြောင်း သိရှိရသည်။

ကတွတ်ပင်သည်နှစ်ရှည်ပင်ဖြစ်ပြီး ညောင်ပင်မျိုးတွင်ပါဝင်၍ အမြဲစိမ်းလန်းသောအပင်မျိုးဖြစ်သည်။ အသီးမှာ အဝါရောင်ရှိပြီး အညိုရောင်အမွေးနုများ ဖုံးအုပ်ထားသည်။ ကတွတ်သီးမှာ အချိုသီးနှင့်အချဉ်သီးဟူ၍ နှစ်မျိုးရှိသည်။

ကတွတ်သီးကို ရှေးနှစ်ပေါင်း ၅၀၀၀ ကျော်ကတည်းက လူတို့စတင်စားသုံးခဲ့ကြပြီး လူ့ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်များ ဖြည့်ဆီးပေးသလို ကျန်းမာရေးအတွက် များစွာအကျိုးပြုသော အသီးတစ်မျိုးဖြစ်ကြောင်း လေ့လာတွေ့ရှိချက်များအရ သိရှိရပါသည်။

ကတွတ်သီးတွင် အမျှင်ဓာတ်များ ကြွယ်ဝစွာပါဝင်၍ အစာချေစနစ်ကို ကောင်းမွန်စေသည့်အတွက် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးနိုင်ကြောင်း သိရှိရသည်။ ဖျားနာမှုကို တိုက်ဖျက်ပေးနိုင်သည့် Bioactive ကွန်ပေါင်းကင်ဆာဆဲများကို သေစေနိုင်သလို အမျှင်ဓာတ်ကလည်း ကင်ဆာဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ခြင်း၊ ဆီးချိရောဂါကို ထိန်းချုပ်ပေးနိုင်ခြင်း၊ ပိုတက်ဆီယမ်ဓာတ် မြင့်မားစွာပါဝင်သည့်အတွက် သွေးတိုးသမားများ စားသုံးသင့်သလို ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေသည့်အတွက် အအေးမိဖျားနာ အလွယ်တကူ မဖြစ်နိုင်စေနိုင်ကြောင်း သိရသည်။

သို့သော်လည်း အစားအစာစားသုံးရာတွင် "တန်ဆေးလွန်ဘေး" ဆိုရိုးအတိုင်း ကတွတ်သီးကိုအလွန်အကျွံစားသုံးမိပါက အစာအိမ်နာကျင်သည့်ဝေဒနာခံစားနိုင်သလို အစေ့ကလည်း အသည်းကို ထိခိုက်စေနိုင်သည်။ ပိုတက်ဆီယမ်ဓာတ်များ၍ သွေးတိုးဆီးချိုသမားများအတွက် သင့်လျော်သော်လည်း သွေးအတွင်း သကြားဓာတ်နည်းသူများနှင့် အရေပြားဓာတ် မတည့်သူများအနေဖြင့် ချင့်ချိန်စားသုံးသင့်ကြောင်း လေ့လာသိရှိရသည်။

ကတွတ်သီးမှာ နှစ်ပတ်လည်သီးသော အသီးမျိုးဖြစ်သော်လည်း ကဆုန်လနှင့် နယုန်လများတွင် ပထမအကြိမ် အသီးအများဆုံးသီးပြီး ဝါဆို၊ ဝါခေါင်လများတွင် ဒုတိယအကြိမ် အများဆုံးသီးကြောင်းနှင့် ကျန်လများတွင် အနည်းငယ်သာသီးသလို အရည်အသွေးလည်း မကောင်းကြောင်း သိရှိရသည်။

ကတွတ်သီးကို တချို့က အလုံးလိုက်စားကြသလို တချို့ကလည်း ထန်းလျက်၊ ကြံသကာ၊ သကြားတို့ဖြင့် ယိုထိုး၍ ရိုးရာအစားအစာဖြင့်စားသုံးကြကြောင်း သိရသည်။ တချို့ကလည်း ယိုမျိုးစုံလုပ်ငန်းလုပ်ကိုင်၍ ဘုရားဖူးခရီးသွားများအတွက် ဒေသထွက်ကုန်ရိုးရာအစားအစာအဖြစ် စီးပွားဖြစ် ထုတ်လုပ်ရောင်းချနေကြကြောင်း သိရှိရပါသည်။

ပဲခူးတိုင်းဒေသကြီး(အနောက်)ပြည်မြို့နယ်အတွင်း ယိုလုပ်ငန်းထုတ်လုပ်ရောင်းချသည့် စီးပွားရေးလုပ်ငန်းရှင် ၁၃ ဦးခန့်ရှိကြောင်း သိရပါသည်။ စာရေးသူမှ ကတွက်ယိုလုပ်ငန်း လုပ်ကိုင်သူတစ်ဦးနှင့် တွေ့ဆုံ၍ ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး တိုးတက်စေရေးအတွက် ကတွက်ယိုထုတ်လုပ်သည့် လုပ်ငန်းအခြေအနေ၊ ဈေးနှုန်းဈေးကွက်အခြေအနေများအား စုံစမ်းမေးမြန်းခဲ့ရာ ကတွက်ယိုသည် နှစ်ပေါက်အောင်နှပ်ထား၍ ရသည့် ဓာတုဗေဒ ကင်းလွတ်စားဖွယ်ရာဖြစ်သဖြင့် အသီးရသမျှ ယိုလုပ်ငန်းမပျက် လုပ်ကိုင်နေရကြောင်း သိရှိရသည်။

> **ကတွတ်ယိုလုပ်ငန်းသည် အလေ့ကျပေါက်ပင်မှ ရရှိသော အသီးကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် စီးပွားဖြစ်လုပ်ကိုင်၍ရသော လုပ်ငန်းဖြစ်သဖြင့် အသီးခူးရောင်းချသူများအနေဖြင့် စိုက်စရိတ်၊ အရင်းအနှီးမလိုဘဲ မိသားစုအပိုဝင်ငွေရသလို စီးပွားရေးလုပ်ငန်းရှင်ဘက်ကလည်း အရင်းအနှီးနည်းနည်းဖြင့် အကျိုးအမြတ်ရရှိစေသော လုပ်ငန်းဖြစ်သည်။**

ကတွတ်ယိုထိုးရာတွင် ရရှိလာသော အသီးများကို ရေစင်အောင်ဆေးပြီး အသီး၏အောက်ခြေပိုင်းနှင့် ထိပ်ပိုင်းကိုဓားဖြင့်ထိ၍ လေးစိတ်စိတ်ပြီး တစ်ဒယ်စာအတွက် အလုံးကြီးလျှင် ၁၁၀၀၀ဝန်းကျင်၊ အလုံးသေးလျှင် ၁၅၀၀ ဝန်းကျင်၊ သကြားရှစ်ပိဿာခန့်နှင့် ဆားအနည်းငယ်ထည့်၍ ယိုထိုးရမှာဖြစ်ပြီး တစ်ဒယ်လျှင် ကတွက်ယိုအချိန် ၁၀ ပိဿာခန့်ရရှိကြောင်း သိရသည်။

ကတွတ်ယိုတစ်ဒယ်စာ ကုန်ကျမှုအနေဖြင့် ကတွက်သီး၊ သကြား၊ ပလတ်စတစ်ဘူးနှင့် လုပ်သားခအတွက် ၃၀၀၀၀ ကျပ် ဝန်းကျင်ကုန်ကျပြီး အကျိုးအမြတ်အနေဖြင့် တစ်ဒယ်အပေါ် ၃၅၀၀ ကျပ် ဝန်းကျင်ရရှိကြောင်း သိရသည်။ ထုတ်လုပ်မှုအနေနဲ့ ယခင်ကတစ်နှစ်လျှင် ကုန်ချိန် ၁၅၀၀-၂၀၀၀ ပိဿာကျော် ထုတ်လုပ်နိုင်သော်လည်း ယခု ကိုဗစ်(၁၉)ကာလအတွင်း ပိဿာချိန် ၅၀၀ ခန့်သာ ထုတ်လုပ်ရောင်းချနိုင်ကြောင်း သိရသည်။

ကတွတ်ယိုလုပ်ငန်းသည် အလေ့ကျပေါက်ပင်မှ ရရှိသော အသီးကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် စီးပွားဖြစ်လုပ်ကိုင်၍ရသော လုပ်ငန်းဖြစ်သဖြင့် အသီးခူးရောင်းချသူများအနေဖြင့် စိုက်စရိတ်၊ အရင်းအနှီးမလိုဘဲ မိသားစုအပိုဝင်ငွေရသလို စီးပွားရေးလုပ်ငန်းရှင်ဘက်ကလည်း အရင်းအနှီးနည်းနည်းဖြင့် အကျိုးအမြတ်ရရှိစေသောလုပ်ငန်းဖြစ်သည်။ ထို့အပြင် အနီးပတ်ဝန်းကျင်ရှိ လူများကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သောလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း လေ့လာတင်ပြပါသည်။

သီဟိုဠ် စိုက်ပျိုးထုတ်လုပ်သော တောင်သူများနှင့်တွေ့ဆုံဆွေးနွေး

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးထွန်းမင်းလတ်နှင့် သီဟိုဠ်စိုက်ပျိုးသူ တောင်သူများအား မြေယာပိုင်ဆိုင်မှု လျှောက်ထားမှုအခြေအနေနှင့် ဈေးကွက်ဈေးနှုန်း စိုက်ပျိုးထုတ်လုပ်မှုနှင့် ဆက်လက်တိုးချဲ့စိုက်ပျိုးမည့်အခြေအနေများကို သီဟိုဠ်လုပ်ငန်းရှင်များအသင်းရုံး၌ မတ် ၇ ရက် နံနက်ပိုင်းတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးထွန်းမင်းလတ်က မိမိတို့ဌာနအနေဖြင့် ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် သီဟိုဠ်စိုက်ပျိုးတောင်သူများ၏ မြေယာပိုင်ဆိုင်ခွင့်ရရှိရေး၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်ရေး၊ အသင်းရေရှည်ရပ်တည်နိုင်ရေး၊ နည်းပညာများရရှိရေး၊ သီဟိုဠ်ဈေးနှုန်း၊ အထွက်နှုန်းများအခြေအနေ၊ သီဟိုဠ်အဝယ်ဒိုင်များ အခြေအနေများကို ဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ၊ စားသုံးသူရေးရာဥပဒေပါ ပြဋ္ဌာန်းချက်များအား ရှင်းလင်းပြောကြား ဆွေးနွေးခဲ့သည်။

ဆက်လက်၍ သီဟိုဠ်အသင်းဥက္ကဋ္ဌ ဦးတင်ဦးက ပြောကြားရာတွင် အသင်းသားများ၏ မြေယာပိုင်ဆိုင်မှုအတွက် အစွမ်းကုန် ဆောင်ရွက်နေကြောင်း၊ တစ်ဦးတစ်ယောက်အင်အားဖြင့် ရပ်တည်၍မရနိုင်ကြောင်း၊အသင်းသားများ စည်းလုံးညီညွတ်မှသာ အသင်းပိုမိုဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း၊ နိုင်ငံတော်သို့ သတ်မှတ်ထားသည့်အခွန်အခများလည်း ပေးသွင်းရန် လိုအပ်ကြောင်း၊ သီဟိုဠ်ဈေးနှုန်း၊ ဈေးကွက် အဝယ်ဒိုင်များ အခြေအနေနှင့်အသင်းမှ ဦးဆောင်၍တောင်သူများနှင့်ချိတ်ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များလည်း ဆွေးနွေးခဲ့သည်။

ထွန်းမင်းလတ်(သာပေါင်း)

တနင်္သာရီတိုင်းဒေသကြီး ကွမ်းသီးဈေးကွက်

တနင်္သာရီတိုင်းဒေသကြီးသည် ကွမ်းသီးပင်များကို အများဆုံးစိုက်ပျိုးသော တိုင်းဒေသကြီးဖြစ်သည်။ ကွမ်းသီးတွင် ကွမ်းသီးအလုံးဈေးနှင့် ကွမ်းသီးခွဲခြမ်းဈေးဟူ၍ ရှိသည်။

လက်ရှိတွင် ကွမ်းသီးအလုံး တစ်ပိဿာလျှင် ကျပ် ၅၃၀၀ နှုန်းရှိပြီး ကွမ်းသီးခွဲခြမ်း တစ်ပိဿာလျှင် ကျပ် ၅၅၀၀ နှုန်း ပေါက်ဈေးရှိကာ ရန်ကုန်မြို့ပေါ်တွင် ကျပ် ၆၀၀၀၊ ၆၂၀၀ နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ယခုအချိန်သည် ကွမ်းသီးအများဆုံးထွက်ရှိနေပြီး ကွမ်းသီးလုပ်ငန်းများ ပုံမှန်လုပ်ကိုင်လျက်ရှိသော်လည်း ဈေးကွက်အတွင်းတွင် ပစ္စည်းအဝင်များသောကြောင့် ယခင်အပတ်ထက် ယခုအပတ် ဈေးနှုန်းမှာ အနည်းငယ် ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။

ကွမ်းသီးကို ထားဝယ်မှ ရန်ကုန်သို့တင်ပို့ရာတွင် သယ်ယူပို့ဆောင်ခ (ကားခ) တစ်ပိဿာလျှင် ကျပ် ၈၀ နှုန်းရှိကြောင်း ကုန်သည်တစ်ဦးထံမှ သိရှိရသည်။

သဲဝေဝေအောင်(ထားဝယ်)

မိုးညှင်းမြို့ရှိ ခေါက်ဆွဲစက်လုပ်ငန်းရှင်အား အသိပညာပေးဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန မိုးညှင်းခရိုင် ဦးစီးဌာနရုံးမှ ဦးကျော်မိုးလွင်(ဌာနခွဲစာရေး)နှင့် ဝန်ထမ်းများသည် စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူ ကာကွယ်ရေးဥပဒေအရ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ပြနိုင်ရေးအတွက် မတ် ၈ ရက်တွင် မိုးညှင်းမြို့ အရှေ့စုရပ်ကွက်ရှိ ဒဂုံရှင်ခေါက်ဆွဲစက်လုပ်ငန်းရှင်အား သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ ဆွေးနွေးရာတွင် ဦးကျော်မိုးလွင်(ဌာနခွဲစာရေး)က စီးပွားရေးလုပ်ငန်းရှင်များ၏တာဝန်များ၊ ကုန်စည်/ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အာမခံချက်ပေးခြင်း၊ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများအပေါ် တာဝန်ရှိမှု၊ စားသုံးသူ ကာကွယ်ရေး ဥပဒေအခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များ၊ တားမြစ်ချက်များ၊ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ချမှတ်နိုင်သည့် ပြစ်မှုပြစ်ဒဏ်များ၊ စီးပွားရေးလုပ်ငန်းရှင်များသည် ကောင်းမွန်သော စီးပွားရေးလုပ်ငန်းကျင့်စဉ်၊ စည်းကမ်းချက်များနှင့်အညီ တာဝန်ယူမှု၊တာဝန်ခံမှု အပြည့်အဝ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

စန်းအေးလွင်(မိုးညှင်း)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ကျောက်ပန်းတောင်း ထန်းလျက်စျေးကွက် အခြေအနေ

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်သည် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ထန်းပင်အများဆုံး စိုက်ပျိုးထွက်ရှိရာ မြို့နယ်တစ်ခုဖြစ်သည်။ ထန်းပင် စိုက်ပျိုးမှုအနေဖြင့် ၄၁၇၂ ဧကရှိကြောင်း သိရှိရပြီး ယခင်နှစ်များက ထန်းလှီးတောင်သူနည်းပါးခြင်း၊ မိုးနည်းခြင်းတို့ကြောင့် ထန်းလျက်ထွက်ရှိမှု နည်းခဲ့သည်။ ယခုနှစ်တွင် ထန်းလှီးတောင်သူများ တိုးလာပြီး မိုးကောင်းမွန်ခဲ့သောကြောင့် ယခင်နှစ်ထက် အထွက်နှုန်းသုံးဆခန့် ပိုမိုထွက်ရှိမည်ဟု ခန့်မှန်းကြောင်း ထန်းတောင်သူတစ်ဦးထံမှ သိရသည်။ ကျောက်ပန်းတောင်းမြို့နယ် အတွင်းရှိ နှစ်ကျပ်ခွဲ၊ တောင်ဇင်၊ လက်ပံပင်၊တောင်ခြေ၊ ကျွန်းခင်းကြီး၊ ငွေးပင်၊ ကြောင်ရှာတော၊ စမ်းစုစသည့် ကျေးရွာများမှ ထန်းလျက်များ စတင်ထွက်ရှိနေပြီး ကျောက်ပန်းတောင်းမြို့နယ် အနေဖြင့် ဖေဖော်ဝါရီလ မှစတင်၍ ထန်းဖို ထန်းလျက်ကို စျေးကွက်အတွင်း အရောင်းအဝယ် ပြုလုပ်ကြသည်။

၂၀၂၀ ပြည့်နှစ်တွင် ကျောက်ပန်းတောင်းမြို့နယ် အနေဖြင့် ထန်းလျက်အထွက် ပိသာပေါင်း ၁၅၀၀၀၀၀ ခန့် ထွက်ရှိခဲ့ကြောင်း သိရှိရပြီး ထန်းလျက်များ စတင်ထွက်ပေါ်ချိန်ဖြစ်သည့် ဖေဖော်ဝါရီလတွင် ထန်းလျက်လုံးသေး တစ်ပိသာလျှင် ၁၉၀၀ ကျပ်၊ လုံးလတ် တစ်ပိသာလျှင် ၁၈၀၀ကျပ်၊ လုံးကြီး တစ်ပိသာလျှင် ၁၇၀၀ ကျပ်တို့ဖြင့် စတင်အရောင်းအဝယ်ဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။ နှစ်ကုန် ဒီဇင်ဘာလ၌ လုံးသေးတစ်ပိသာလျှင် ၂၀၅၀ ကျပ်၊ လုံးလတ် ၂၀၀၀ ကျပ်၊ လုံးကြီး ၁၉၀၀ ကျပ် တို့ဖြင့် စျေးပိတ်ခဲ့သည်။

၂၀၂၁ ခုနှစ်တွင် ကျောက်ပန်းတောင်းမြို့နယ် အနေဖြင့် ထန်းလျက်အထွက် ပိသာပေါင်း ၁၀ သိန်းခန့် ထွက်ရှိခဲ့ကြောင်း သိရှိရပြီး စတင်ပေါ်ချိန်တွင် လုံးသေး တစ်ပိသာလျှင် ကျပ် ၁၃၀၀၊ လုံးလတ်မှာ ၁၂၀၀ ကျပ်နှင့် လုံးကြီး ၁၀၅၀ ကျပ်တို့ဖြင့် စတင်အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဒီဇင်ဘာလ စျေးပိတ်ချိန်တွင် လုံးသေး တစ်ပိသာလျှင် ၂၄၀၀ကျပ်၊ လုံးလတ် ၂၃၀၀ ကျပ်နှင့် လုံးကြီးမှာ ၂၁၅၀ ကျပ်တို့ဖြင့် စျေးပိတ်ခဲ့ပြီး လက်ကျန်မရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ ထန်းလျက်များ စျေးကွက် အတွင်းသို့ ဝင်ရောက်လျက်ရှိရာ လုံးသေးတစ်ပိသာလျှင် ၂၄၀၀ ကျပ်၊ လုံးလတ်တစ်ပိသာလျှင် ၂၃၀၀ကျပ်၊ လုံးကြီးမှာ ထွက်ပေါ်မှု မရှိသေးကြောင်းနှင့် တစ်ရက်လျှင် အဝင်ပိသာပေါင်း ၁၂၀၀၀ ပိသာခန့် ဝင်ရောက်နေပြီး အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။ ထန်းလျက်ကို ပြည်ပတင်ပို့မှု အနေဖြင့် မရှိသေးကြောင်းနှင့် ပြည်တွင်းစျေးကွက်များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ မိတ္ထီလာ၊ နတ်မောက်၊ ပြည်၊ အောင်လံ၊ တောင်တွင်းကြီး၊ မကွေး၊ ဆင်ဖြူကျွန်းစသည့် မြို့ကြီးများသို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ ထန်းလျက်ကို တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) အနေဖြင့် ကျောက်ပန်းတောင်းမြို့သာယာအေးရပ်ကွက်ရှိ Toddy Palm Village Food Distribution မှ ထန်းလျက်အမှုန့်၊ ထန်းသကြားမှုန့်၊ ချင်းထန်းလျက်မှုန့် တို့ကို မြန်မာ့ရိုးရာ စားသောက်ကုန်တစ်မျိုးဖြစ်သည့် ထန်းလျက်စျေးကွက် ပြန်ပြီး အားကောင်းလာစေရန်၊ ထန်းလျက်ကို အသွင်တစ်မျိုးဖြင့် မြန်မာ့လက်ဆောင် တစ်ခုအနေဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ ထိုးဖောက်နိုင်ရန်၊ ထန်းပင်ကို အခြေပြုထားသည့် အခြားသော ထုတ်ကုန်များကို စျေးကွက်ထိုးဖောက်နိုင်ပြီး ထန်းတောင်သူများ၏ ဘဝကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေဖို့ ရည်ရွယ်၍ ထုတ်လုပ်ရောင်းချလျက်ရှိရာ ထန်းလျက်အမှုန့် တစ်ပိသာလျှင် ၆၀၀၀ ကျပ်၊ ထန်းသကြားမှုန့် ၃၀၀၀ရမ် တစ်ထုပ်လျှင် ၂၀၀၀ ကျပ်၊ ချင်းထန်းလျက်မှုန့် ၁၅ ဂရမ် အထုပ်သေး ၂၀ထုပ်ပါ တစ်ပါကင်ကို ၃၀၀၀ ကျပ်ဖြင့် ထုပ်လုပ် ရောင်းချလျက်ရှိကြောင်း သိရသည်။

ထားအိဝင်း

ရုရှား-ယူကရိန်းအရေးက ဘရာဇီးနိုင်ငံ၏ ဝက်သားနှင့် ကြက်သား တင်ပို့မှုအပေါ် ရိုက်ခတ်မှုဖြစ်ပေါ်

ပြောင်းစေ့စျေးနှုန်းများ သိသာစွာ မြင့်တက်လာမှုနှင့်အတူ ရုရှား-ယူကရိန်းစစ်ပွဲ၏ ရိုက်ခတ်မှုကြောင့် ရုရှားနိုင်ငံသို့ ကြက်နှင့်ဝက်အသားများ ထုတ်လုပ်တင်ပို့နေမှုအပေါ် ဘရာဇီး ပို့ကုန်လုပ်ငန်းရှင်များက စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

ရုရှား-ယူကရိန်းအရေးအခင်းသည် ဘရာဇီးနိုင်ငံ၏ ကြက်သားတင်ပို့မှုအပေါ် အကန့်အသတ်ဖြင့် ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ရာတွင် အခြားစျေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း၊ အစာကုန်ကြမ်းစျေးနှုန်းများ မြင့်တက်မှုကြောင့် တိရစ္ဆာန်မွေးမြူရေးစရိတ်များ မြင့်တက်လျက်ရှိပြီး အသားထုတ်လုပ်မှုတွင် စျေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ဘရာဇီးနိုင်ငံ အသားထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ Ricardo Santin က ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံသည် ပြည်တွင်းစားသုံးမှုနှင့် မွေးမြူရေးလုပ်ငန်းအတွက် ပြောင်းစေ့၊ ပဲပုပ်စေ့ထွက်ကုန်နှင့် ဂျုံလိုအပ်ချက်များ မြင့်မားစွာရှိနေကြောင်း၊ ကုန်ကြမ်းစျေးနှုန်းများ မြင့်တက်မှု၏ အကျိုးဆက်အနေဖြင့် ပြည်တွင်း Supermarket အရောင်းဆိုင်များတွင် ကြက်သား၊ ဝက်သားနှင့် ကြက်ဥစျေးနှုန်းများ နေ့စဉ် မြင့်တက်လျက်ရှိနေကြောင်း၊ရုရှား-ယူကရိန်း ပဋိပက္ခအခြေအနေ ပိုမိုဆိုးရွားလာသည့်အတွက် ရုရှားနိုင်ငံသို့ တင်ပို့မှုများအပေါ် တွင် ထိခိုက်နိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ပုံမှန်ပို့ကုန်စျေးကွက်သို့ ရောက်ရှိနိုင်ရန် နည်းလမ်းများ ရှာဖွေတင်ပို့သွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံမှ ရုရှားနိုင်ငံသို့ တင်ပို့ထားသော ပို့ကုန်များအား သက်ဆိုင်ရာနိုင်ငံသို့ကောင်းမွန်စွာ ရောက်ရှိနိုင်ရန် မျှော်မှန်းထားကြောင်း၊ ကုန်စည်တင်ပို့မှုတွင် အဓိကအခက်အခဲမှာ သင်္ဘောရရှိမှု အခက်အခဲနှင့် ကုန်သွယ်မှု လမ်းကြောင်း အတားအဆီးများဖြစ်ကြောင်း၊ လတ်တလော အခြေအနေတွင် စစ်ဖြစ်ပွားနေသည့်ဧရိယာသို့ သွားရောက်မည့် သင်္ဘောလိုင်းများ မရှိတော့ကြောင်း၊ ထို့ကြောင့် အသားထုတ်လုပ်သည့် လုပ်ငန်းရှင်များအသင်းအနေဖြင့် စစ်ဇုန်ကို ရှောင်ကွင်း၍ သယ်ယူပို့ဆောင်နိုင်မည့် ပင်လယ်ရေကြောင်းလမ်းများမှ ပြောင်းလဲသယ်ယူပို့ဆောင်နိုင်ရေး သက်ဆိုင်ရာ နိုင်ငံတကာသင်္ဘော ကုမ္ပဏီများနှင့် ဆွေးနွေးလျက်ရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

ထွန်းအောင်ဇော်(စီးပွားရေးသံမှူး)
မြန်မာသံရုံး၊ ဘရာဇီး။

ဇန်နဝါရီလတွင် ထိုင်းပို့ကုန် တိုးတက်မှုရှိခဲ့

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှု၊ ကုန်တိန်နာ မလုံလောက်မှုနှင့်ကုန်သွယ်မှု မြင့်တင်ရေးတို့အတွက် သက်ဆိုင်ရာများ၏ဆောင်ရွက်ချက်များကြောင့် ထိုင်းပို့ကုန်များအနေဖြင့် ၎င်းတို့၏တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းထားလျက်ရှိကြောင်းနှင့် ယခုနှစ် ဇန်နဝါရီလတွင် နှစ်အလိုက်၌ ပို့ကုန်တိုးတက်မှု စရာခိုင်နှုန်း ရရှိခဲ့ကြောင်း သိရှိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ မတ် ၂၃ ရက် ထုတ်ပြန်ချက်အရ အကောက်ခွန်ရှင်းလင်းပြီး ပို့ကုန်တင်ပို့မှုမှာအမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃ ဘီလီယံ ရရှိခဲ့ကြောင်း၊ သွင်းကုန် တင်သွင်းမှုမှာလည်း ၂၀ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၂၃ဒသမ၇ ဘီလီယံရရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၂ ဘီလီယံ ရရှိခဲ့ကြောင်း သိရှိရသည်။

ကုန်တိန်နာ မလုံလောက်မှုသည် အထူးသဖြင့် လန်ချာဘန်ဆိပ်ကမ်း၊ ဗန်ကောက်ဆိပ်ကမ်းနှင့် အမေရိကန်ဆိပ်ကမ်းများတွင် လျော့ပါးသွားခဲ့ကြောင်း၊ ပုဂ္ဂလိက ကဏ္ဍအနေဖြင့် အားလပ်ရက်များတွင် အလုပ်ချိန်တိုးမြှင့်ရန်နှင့် ညပိုင်းအလုပ်ချိန် တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူခဲ့ကြကြောင်း သိရှိရသည်။

ရုရှားနှင့်ယူကရိန်းပဋိပက္ခကြောင့် ရေရှည်တွင် ရေနံဈေး ကြီးမြင့်ခြင်း၊ ငွေကြေးလွှဲပြောင်းမှုနှင့် ကုန်စည်ပို့ဆောင်မှု ကုန်ကျစရိတ်များကို ထိခိုက်နိုင်ကြောင်း သိရှိရသည်။ အဆိုပါ ပဋိပက္ခ၏ သွယ်ဝိုက်သက်ရောက်မှုကြောင့် ထိုင်းနိုင်ငံအနေဖြင့် စွမ်းအင်ဈေးနှုန်း မြင့်မားမှု သို့မဟုတ် သံဘူးများနှင့် ဆောက်လုပ်ရေးပစ္စည်းများအတွက် တင်သွင်းလာသော သံမဏိဈေးနှုန်းများ မြင့်မားလာနိုင်ကြောင်း မစ္စတာဂျူရင်၏အဆိုအရ သိရှိရသည်။

တိရစ္ဆာန်အစာအတွက် တင်သွင်းသော ဂျုံနှင့် ပြောင်းတင်သွင်းမှုဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း၊ ရုရှားနှင့် ယူကရိန်းမှာ ကမ္ဘာ့အကြီးဆုံး ဂျုံထုတ်လုပ်သူနှင့် ပြည်ပတင်ပို့သူများဖြစ်ကြကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့် လက်တင်အမေရိကကဲ့သို့သော အစားထိုး စျေးကွက်သစ်များ ရှာဖွေခြင်းဖြင့် အဆိုပါ သက်ရောက်မှုများကို ထေမိစေရန် စီမံချက်များကို ပြင်ဆင်ထားပြီးဖြစ်ကြောင်း ဝန်ကြီးမစ္စတာဂျူရင်က ပြောကြားခဲ့ သည်။

လွင်မျိုးဇော်(စီးပွားရေးသံမှူး)
မြန်မာသံရုံး၊ ဗန်ကောက်မြို့။

ပဲတီစိမ်းတင်သွင်းမှုအပေါ် အိန္ဒိယအစိုးရက ကန့်သတ်ချက်များ ဖြေလျှော့ပေး

အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်းHS Code 07133190 အောက်ရှိ ပဲတီစိမ်းများအား ၃၁-၃-၂၀၂၂ ရက်အထိ လွတ်လပ်စွာ တင်သွင်းခွင့်ပြုလျက် ယင်းနေ့ရက် မတိုင်မီ တင်ပို့ရာ ဆိပ်ကမ်းမှ Bill of Lading ထုတ်ပေးခဲ့ပါက အိန္ဒိယဆိပ်ကမ်းများတွင် အကောက်ခွန်နှင့် ဆိပ်ကမ်းရှင်းလင်းမှုလုပ်ငန်းများကို ၃၀-၆-၂၀၂၂ ရက်အထိ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရက ၂၀-၁၂-၂၀၂၁ ရက်တွင် ကြေညာချက် ထုတ်ပြန်ထားခဲ့သည်။

သို့ရာတွင် ပဲတီစိမ်းအား ကန့်သတ်တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ်သို့ မူဝါဒ ပြင်ဆင်သတ်မှတ်ကြောင်းနှင့် ကြေညာချက် ထုတ်ပြန်ချိန်မှ လက်ငင်း အကျိုးသက်ရောက်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည့် အမိန့်ကြော်ငြာစာအမှတ်ကို ၁၁-၂-၂၀၂၂ ရက်တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာနက ထုတ်ပြန်ခဲ့သည်။

အဆိုပါ ညွှန်ကြားစာတွင် အိန္ဒိယအစိုးရ၏အမိန့်ကြော်ငြာစာအမှတ်S.O. 624(E)ထုတ်ပြန်မှုအပေါ် ၁၁-၂-၂၀၂၂ ရက်မတိုင်မီ ပဲတီစိမ်းတင်သွင်းရန် စာချုပ်ချုပ်ဆိုထားရှိပြီး ကုန်ဖိုးငွေ အကျေပေးချေပြီးမှု၊ တစ်ပိုင်းတစ်စ ပေးချေထားရှိမှုနှင့် စာချုပ်စာတမ်းများအရ ငွေပေးချေရန် ကျန်မှုများဖော်ပြပါရှိသည့် နယ်ပယ်အသီးသီးထံမှ တောင်းဆိုချက်များကို လက်ခံရရှိခဲ့ကြောင်း၊ သို့ဖြစ်ရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ပဲတီစိမ်းများအား တင်သွင်းရန် စာချုပ်ချုပ်ဆိုထားရှိမှုနှင့် စပ်လျဉ်း၍ DGFT သည် စည်းကမ်းချက်များနှင့်အတူ တင်သွင်းခွင့်ပြုရန် ဖြေလျှော့ပေးလိုက်ကြောင်း ဖော်ပြထားသည်။

အိန္ဒိယရှိ ပဲတီစိမ်းတင်သွင်းသည့် ကုန်သည်များအနေဖြင့် အရောင်းအဝယ်စာချုပ်များအတွက် Delhi, Mumbai, Kolkata, Chennai, Bengaluru, Hyderabad,Ahmedabad နှင့် Ludhianaတို့ရှိ DGFT ဒေသဆိုင်ရာရုံးများတွင် ၁၅-၃-၂၀၂၂ ရက် နောက်ဆုံးထား၍ မှတ်ပုံတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ၎င်းရုံးများအနေဖြင့် အချက်အလက်ပြည့်စုံသည့်အမှုတွဲအား လက်ခံရရှိချိန်မှ သုံးရက်အတွင်း ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်သည်။

ယခင်လ၌ အိန္ဒိယအစိုးရက ပဲတီစိမ်းတင်သွင်းခွင့်မူဝါဒ ပြောင်းလဲချမှတ်ချိန်တွင် မြန်မာနိုင်ငံကဲ့သို့သော ပင်ရင်းဒေသများမှ ပဲတီစိမ်းတန်ချိန် ၅၀၀၀၀ ခန့်မှာ မတ် ၃၁ ရက်အတွင်း အိန္ဒိယသို့တင်ပို့ရန် ပြင်ဆင်ထားရှိပြီးဖြစ်သည်ဟု အိန္ဒိယပဲကုန်သည် အသိုင်းအဝိုင်း၌ ပြောဆိုကြကြောင်း၊ ယခင် ၂၀၂၀-၂၁ ဘဏ္ဍာနှစ်၌ အိန္ဒိယ၏ပဲတီစိမ်းတင်သွင်းမှု စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၇ဒသမ၁၄ သန်းရှိပြီး ယခုဘဏ္ဍာနှစ်တွင် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း တန်ဖိုးအမေရိကန်ဒေါ်လာ ၇၆ ဒသမ ၉ သန်းအထိ ပဲတီစိမ်းများ တင်သွင်းထားပြီးဖြစ်ကြောင်းဖြင့် အိန္ဒိယ HinduBusinessLine သတင်းဌာနက ဖော်ပြထားသည်။

နေအေးလွင်(စီးပွားရေးသံမှူး)၊ မြန်မာသံရုံး၊ နယူးဒေလီမြို့။

ဗီယက်နမ်တွင် အာရှဆန်စျေးနှုန်း မြင့်တက်

ယူကရိန်း အကျပ်အတည်းကြောင့် တရုတ်သို့ ကုန်သွယ်မှုလမ်းကြောင်းများ ပြန်ဖွင့်လာမှုနှင့်အတူ ဗီယက်နမ်မှ တင်ပို့သည့်ဆန်စျေးသည် ယခု မတ်လ ပထမပတ်အတွင်း မြင့်တက်ခဲ့သည်။ ဗီယက်နမ်နိုင်ငံ၏ ၅မှတ်ဆန်ကို ဖေဖော်ဝါရီလကုန်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဖြင့် ကမ်းလှမ်းခဲ့ပြီး ယင်းမတိုင်မီ တစ်ပတ်က ကန်ဒေါ်လာ ၃၉၅ မှ ၄၀၀ စျေးရှိခဲ့သည်။

ကိုရိုနာပိုင်းရပ်စ် ထိန်းချုပ်နိုင်၍ တရုတ်-ဗီယက်နမ် နယ်နိမိတ်များကို ပြန်ဖွင့်သည့်အတွက် တရုတ်နိုင်ငံကို တင်ပို့မှုတိုးလာမည်ဟု မျှော်လင့်ထားကြောင်းနှင့် ဆက်လက်ဖြစ်ပွားနေသော ယူကရိန်းစစ်ပွဲသည် ဗီယက်နမ်အပါအဝင် အာရှမှ ဝယ်ယူသူများကို ဆန်ပိုမိုတင်သွင်းရန် လှုံ့ဆော်မှုဖြစ်စေနိုင်ကြောင်း ဟိုချီမင်းမြို့မှ ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ ဘန်ကောက်အခြေစိုက် ကုန်သည်တစ်ဦးကလည်း ယူကရိန်းအခြေအနေသည် ကုန်စည်ပို့ဆောင်ခ အနည်းငယ်တိုးလာနိုင်သည်ဟု ပြောသည်။

ထိုင်းနိုင်ငံ၏ ၅မှတ်ဆန်စျေးသည် ဖေဖော်ဝါရီလကုန်တွင် ကန်ဒေါ်လာ ၄၀၀ မှ တစ်တန်လျှင် ကန်ဒေါ်လာ ၄၀၃ မှ ၄၀၀ သို့ အနည်းငယ်တိုးလာကြောင်းနှင့် မတ်လတွင် အမေရိကန်ဒေါ်လာနှင့် ဘတ်ငွေကြေးအတက်အကျကို သတိပြုမိကြောင်း၊ သို့သော် ရုရှားနှင့် ယူကရိန်းတို့သည် ၎င်း၏အဓိကကုန်သွယ်ဖက်များထဲတွင် မရှိသောကြောင့် အကျပ်အတည်းသည် ထိုင်းဆန်တင်ပို့မှုအပေါ် သက်ရောက်မှုမရှိဟု အခြားကုန်သည်တစ်ဦးက ပြောသည်။

ယူကရိန်းစစ်တပ်သည် ၎င်း၏ဆိပ်ကမ်းများတွင် စီးပွားဖြစ် တင်ပို့မှုကို မကြာသေးမီက ရပ်ဆိုင်းခဲ့ရာ ယင်းက ဆန်နှင့်ဆီထွက်သီးနှံများ တင်ပို့မှုကို ခြိမ်ခြောက်ခဲ့ကြောင်း ထိပ်တန်းဆန်တင်ပို့သူ အိန္ဒိယ၏ ဆန်ဝယ်လိုအား တိုးတက်လာသော်လည်း ရူပီးတန်ဖိုး ကျဆင်းမှုကြောင့် ယင်း၏ ၅မှတ်ပြုတ် ဆန်စျေးနှုန်းများမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၃၇၀ မှ ၃၇၆ ဒေါ်လာအထိ ကျဆင်းသွားကာ ပြည်ပသို့ ရောင်းချသည့်ကုန်သည်များအတွက် အမြတ်အစွန်း ပိုမိုမြင့်မားစေခဲ့သည်။

အိန္ဒိယတွင် ပြောင်းစျေးများ တက်လာသည်နှင့်အမျှ ဆန်ကွဲ ဝယ်လိုအား တိုးတက်လာကြောင်း အချို့ဝယ်လက်များက ပြောင်းကို အစားထိုးရန် ရှာဖွေနေကြောင်း Andhra Pradesh, Kakinada အခြေစိုက် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။ အိန္ဒိယလယ်သမားများသည် လွန်ခဲ့သည့်နှစ်က ၁၂၄ ဒသမ ၃၇ သန်း ရိတ်သိမ်းခဲ့ပြီး ယခုနှစ် တန်ချိန် ၁၂၇ ဒသမ ၉၃ သန်းနှင့် စံချိန်တင်ရိတ်သိမ်းနိုင်လိမ့်မည်ဖြစ်ကြောင်း သိရှိရသည်။ တစ်ချိန်တည်းတွင် ဘင်္ဂလားဒေ့ရှ်တွင် အရန်ဆန်များ ကောင်းမွန်သော်လည်း ပြည်တွင်းဆန်စျေး မြင့်မားနေခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ယူကရိန်းအကျပ်အတည်းကြောင့် ကုန်စည်ပို့ဆောင်မှုနှုန်း အနည်းငယ် မြင့်တက်လာပြီး စပါးများအတွက် တင်သွင်းမှုကုန်ကျစရိတ် မြင့်မားနေကြောင်း ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ဒေါက်တာဝေရီလင်း(စီးပွားရေးသုံးမှု)
မြန်မာသံရုံး၊ ကူမင်းမြို့။

တရုတ်၌ သကြားပွင့်အဖြူစျေးနှုန်း အမြင့်တန်း၌ တည်ငြိမ်နေ

မတ် ၁ ရက်တွင် သကြားပွင့်အဖြူ လက်ငင်းစျေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ ၅၇၂၄ ဖြစ်ပြီး ယခင်နှစ်ကထက် ၄ ဒသမ ၄၅ ရာခိုင်နှုန်း မြင့်တက်လာသည်။

ဖေဖော်ဝါရီလအတွင်း ပြည်တွင်းလက်ငင်းစျေးကွက်ပေါက်စျေးမှာ ကျဆင်းခဲ့ရာ တရုတ်တောင်ပိုင်းဒေသရှိ စက်ရုံများ၏ ကုန်ကျစရိတ်နီးပါးအထိပင် ရှိခဲ့သော်လည်း ဆက်လက်ကျဆင်းမည့် အရိပ်အယောင်များ နည်းပါးလာသည်ကို တွေ့ရသည်။

အစောပိုင်းတွင် ရောင်းလိုအား အလွန်အကျွံဖြစ်ခဲ့သော်လည်း တဖြည်းဖြည်း အခြေအနေ ပြန်လည်ကောင်းမွန်လာပြီး နိုင်ငံတကာ သကြားယှဉ်ပြိုင်မှုမရှိခြင်းကြောင့် ပြည်တွင်းသကြား လက်ငင်းစျေးကွက်အပေါ် ဖြစ်ပေါ် နေသည့်အရောင်းဖိအားများ ဆက်လက်လျော့ကျလာဖွယ်ရှိသည်။

ထို့ကြောင့် ရေတိုကာလတွင် သကြားပွင့်အဖြူစျေးနှုန်းလမ်းကြောင်းမှာ အမြင့်ပိုင်း၌အတက်အကျအနည်းငယ်မျှသာဖြင့် တည်ငြိမ်နေမည်ဟု ခန့်မှန်းရသည်။

ဒေါက်တာရွှေစင်ကို(စီးပွားရေးသုံးမှု)
မြန်မာသံရုံး၊ နန်နင်းမြို့။

ပြည်ထောင်စုနယ်မြေအတွင်း ဖြစ်ပေါ်နေသည့် သီးနှံ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စျေးနှုန်းအခြေအနေ

ပြည်ထောင်စုနယ်မြေ၌ မတ်လ ဒုတိယပတ်အတွင်း ရိတ်သိမ်းလျက်ရှိသော သီးနှံများ၏ ပေါက်စျေးနှင့် သီနှံများနှင့် ဆက်စပ်မှုရှိသော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစျေးနှုန်းများ ဖြစ်ပေါ်နေမှုအခြေအနေအား ရေးသားဖော်ပြအပ်ပါသည်-

စဉ်#	ကုန်ပစ္စည်းအမည်	ရေတွက်ပုံ	ကုန်ပစ္စည်းအမျိုးအစား	ပမာဏ	ဈေးနှုန်း	မှတ်ချက်
၁	မတ်ပဲ#	တင်း#	သီးနှံ	၂၀-ပိသာ	၄၅၀၀#	
၂	ကုလားပဲ#	တင်း#	သီးနှံ	၂၀-ပိသာ	၃၉၀၀#	
၃	ပဲဝိစပ်#	တင်း#	သီးနှံ	၂၀-ပိသာ	၂၄၀၀#	
၄	ပဲကြီး(ရွှေယင်းမာ)#	တင်း#	သီးနှံ	၂၀-ပိသာ	၅၂၀၀#	
၅	မန်းကျည်းမှည့်(အစေ့ပါ)#	ပိသာ#	သီးနှံ	၁-ပိသာ	၁၂၅၀#	
၆	ထိုင်းပုလဲ(မြင်းပျံ)ဃာ#	အိတ်#	မြေဩဇာ	၅၀-ကီလို	၈၅၀၀#	
၇	ထိုင်းပုလဲ(မြင်းပျံ)#	အိတ်#	မြေဩဇာ	၅၀-ကီလို	၈၂၀၀#	
၈	နိုက်ထရိုဂျင်စကာ#	အိတ်#	မြေဩဇာ	၅၀-ကီလို	၈၀၀၀#	
၉	ကီမီရာ#	အိတ်#	မြေဩဇာ	၅၀-ကီလို	၇၆၀၀#	
၁၀	အာမိုး(၁၅း၁၅း၁၅)#	အိတ်#	မြေဩဇာ	၅၀-ကီလို	၈၀၀၀#	
၁၁	အဆီဖိတ်#	အိတ်#	ပိုးသတ်ဆေး	၂၅၀-ဝရမ်	၇၅၀၀#	
၁၂	ရွှေဆိုက်ပါ#	ဗူး#	ပိုးသတ်ဆေး#	၅၀၀-စီစီ#	၉၀၀၀#	
၁၃	ဆိုင်လာ#	အိတ်#	ပိုးသတ်ဆေး#	၁၀၀-ဝရမ်#	၆၅၀၀#	
၁၄	အလန်း#	အိတ်#	ပိုးသတ်ဆေး#	၁၀၀-ဝရမ်#	၇၀၀၀#	
၁၅	အမဲနက်#	အိတ်#	ပိုးသတ်ဆေး#	၁၀၀-ဝရမ်#	၇၅၀၀#	

မြင့်နိုင်(နေပြည်တော်)

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ကယားပြည်နယ်တွင် နယ်စပ်ဒေသမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် ပြည်နယ်တွင်း အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ ရပ်တည်ရန် ခက်ခဲလာပြီး တရားမဝင်ကုန်ပစ္စည်းများ အခွန်ပေးဆောင်မှုမရှိသည့်အတွက် ပြည်တွင်း ရင်းနှီးမြှုပ်နှံသူများမှာ နည်းပညာနှင့် စျေးကွက်ယှဉ်ပြိုင်နိုင်မှု အခက်အခဲများ ဖြစ်ပေါ်နေသည်။

ပြည်နယ်အတွင်းသို့ တရားမဝင် ကုန်သွယ်မှုများ ဝင်ရောက်မှုကို စစ်ဆေးကြီးကြပ်နိုင်ရေးအတွက် ပြည်နယ်အစိုးရက “တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့”ကို ဖွဲ့စည်းပြီး လွိုင်ကော်မြို့နွားလပို့ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အလှည့်ကျ စစ်ဆေး ကြီးကြပ်နိုင်ရန် ပြည်နယ်အဆင့် ဌာနဆိုင်ရာများကို အဖွဲ့ခွဲ၍ တာဝန်ချထားလျက်ရှိသည်။

၎င်းအဖွဲ့များမှ ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုများတွင် တရားမဝင် ကုန်ပစ္စည်းများ ဝင်ရောက်မှု ရှိ၊ မရှိ စစ်ဆေးကြပ်မတ်ကာ တရားမဝင် ကုန်ပစ္စည်းများနှင့် စပ်လျဉ်း၍ ထူးခြားမှုများရှိပါက အချိန်နှင့်တစ်ပြေးညီ ပြည်နယ် တရားမဝင် တိုက်ဖျက်ရေး အထူးအဖွဲ့သို့ တင်ပြဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ခူးမြင့်စိုး(ကယား)

ပေါင်မုန့်၊ ကိတ်မုန့်လုပ်ငန်းရှင်များအား တွေ့ဆုံအသိပညာပေး

စားသုံးသူရေးရာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူး၏လမ်းညွှန်မှုဖြင့် ပခုက္ကူခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးဝေဠုအောင် ဦးဆောင်၍ ဒု-ခရိုင်ဦးစီးမှူး ဒေါ်မွန်မွန်စိုးနှင့် ဝန်ထမ်းများအဖွဲ့သည် စားသုံးသူ၏အခွင့်အရေးများ၊ စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ၊ ကုန်အမှတ်တံဆိပ်တွင် ပါဝင်ရမည့် ကုန်အညွှန်းအမှတ်အသားများ၊ မြန်မာလိုထည့်သွင်းဖော်ပြရမည့် အချက်အလက်များအား သိရှိစေရန် ရည်ရွယ်၍ မတ် ၄ ရက် နံနက် ၁၀နာရီတွင် ပခုက္ကူမြို့ အမှတ်(၃)ရပ်ကွက်ရှိ “ရွှေဟင်္သာ”၊ ပေါင်မုန့်၊ ကိတ်မုန့်လုပ်ငန်း၊ “မမီး”ခေါက်မုန့်လုပ်ငန်းနှင့် အမှတ် (၄)ရပ်ကွက်ရှိ “Happy Home” ပေါင်မုန့်၊ ကိတ်မုန့်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ဆွေးနွေးအသိပညာပေးခဲ့သည်။

မုန့်လုပ်ငန်းရှင်များနှင့်တွေ့ဆုံရာတွင် ခရိုင်ဦးစီးမှူးက ကုန်အမှတ်တံဆိပ်များအား နမူနာပြ၍ စားသုံးသူကာကွယ်ရေးဥပဒေ(၂၀၁၉)အခန်း(၁၈)တွင် ပြဋ္ဌာန်းထားသည့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတွင် ပါဝင်သော ကုန်စည်၏ တံဆိပ်အမှတ်အသား၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊ တင်သွင်းသူ၏ အမည်နှင့်လိပ်စာ၊ လုပ်ငန်းအမည်နှင့်လိပ်စာ၊ ထုတ်လုပ်သည့်နေရာ၊ ပြန်လည်ထုပ်ပိုးသည့်နေရာ၊ ပါဝင်ပစ္စည်း၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်းဖော်ပြချက်၊ ကြိုတင်သတိပေးချက်၊ အစိုးရဌာနများက သတ်မှတ်ထားသော အချက်အလက်များအား အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

မုန့်လုပ်ငန်းရှင်များအနေဖြင့် ကုန်အမှတ်တံဆိပ်တွင် ပြည့်စုံစွာ ထည့်သွင်းဖော်ပြပြီးလျှင် မိမိတို့ကုန်ပစ္စည်းသည် လုံခြုံစိတ်ချရမည်ဖြစ်ပြီး စားသုံးသူမှ ကုန်အမှတ်တံဆိပ် မပြည့်စုံသည့် ကုန်စည်နှင့်နှိုင်းယှဉ်၍ ရွေးချယ်စားသုံးမည်ဆိုပါက လုံခြုံစိတ်ချမှုရှိသော ကုန်စည်ကိုသာ ရွေးချယ်စားသုံးရမည်ဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ်များကို ပြည့်စုံစွာ ထည့်သွင်းပြီးလျှင် စားသုံးသူရေးရာဦးစီးဌာနသို့ လာရောက်၍ စိစစ်ခွင့်ပြုချက် လျှောက်ထားနိုင်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် မုန့်လုပ်ငန်းရှင်များက ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ လိုအပ်သည့်အချက်များ ပြည့်စုံစွာ ဖော်ပြပြီးလျှင် စိစစ်ခွင့်ပြုချက်ရရှိအောင် လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

သူဇာကျော်(ပခုက္ကူ)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ဝင်းပူဖိုထဲက ဆန်ဆီ rice bran oil ပါ ပူပြီး wet ဆီဖြစ်ခဲ့တယ်

ကုန်ကြမ်းပစ္စည်းတစ်ခုကို ဈေးကွက်တွင် ပို၍တန်ဖိုးမြင့်တက်လာစေရန် သို့မဟုတ် မူလကုန်ကြမ်းထက်ပို၍ ထားသိုနိုင်သည့် သက်တမ်း (Shelf-life)ရှည်စေရန် ရည်ရွယ်ပြီး နည်းပညာသုံးကာ တန်ဖိုးမြင့်ထုတ်ကုန်တစ်ခု (Value Added Product) ထုတ်လုပ်နိုင်သည်ဟုဆိုလျှင် ဖွဲနုဆီသည် ကျန်းမာရေးကို အထောက်အကူပြုသော တန်ဖိုးမြင့် ထုတ်ကုန်တစ်ခုဖြစ်ပေသည်။

ဖွဲနုဆိုသည်မှာ စပါးခွံနှင့် ဆန်သားအကြားရှိ အလွှာတစ်ခုဖြစ်ရာ စပါးမှ ဆန်သားဖြစ်လာစေရန် ဆောင်ရွက်မှုဖြစ်စဉ်တွင် ၎င်းသည် ဘေးထွက်ပစ္စည်းသာဖြစ်ပါသည်။ စက်ကြိတ်အဆင့်အတန်းနှင့် ဆန်သား အရည်အသွေးပေါ် မူတည်၍ ရိုးရိုးဖွဲနု၊ အထူးဖွဲနုနှင့် ပေါင်းဖွဲနုဟူ၍ သုံးမျိုးရှိရာ ကော်ဓာတ်များသော အထူးဖွဲနုကို ဖွဲနုဆီ ထုတ်ယူရာတွင် အသုံးမပြုဘဲ ဆီပါဝင်မှု ရာခိုင်နှုန်း ၁၄မှ ၁၆ ရှိသော ရိုးရိုးဖွဲနုနှင့် ပေါင်းစပါးများကို အဆင့်မြင့် ကြိတ်ဖွတ်ရာမှ ထွက်ရှိသည့် ဆီပါဝင်မှု ရာခိုင်နှုန်းမြင့်မားသော ပေါင်းဖွဲနုတို့ကို ဖွဲနုဆီ ထုတ်လုပ်ရာတွင် အဓိကအသုံးပြုကြပါသည်။

ဖွဲနု၏အရည်အသွေးကောင်းမွန်မှုသည် ဖွဲနုဆီ ထုတ်ယူရာတွင် အဓိကကျလှပေရာ လတ်ဆတ်ဖွဲနု ရရှိစေရန် ဆန်ကြိတ်ပြီး ၂၄ နာရီအတွင်း ဆီစက်သို့ သယ်ဆောင်၍ ဆီထုတ်လုပ်ငန်းစဉ် ဆောင်ရွက်ရပါသည်။ စက်မှ ကျလာစအချိန်၌ ဖွဲနု၏ အချဉ်ဓာတ်ကိန်း (Acid Value) သည် ၅ ရာခိုင်နှုန်းခန့်သာရှိသော်လည်း တစ်နာရီကြာတိုင်း အချဉ်ဓာတ်ကိန်း ၁ရာခိုင်နှုန်း တိုးလေ့ရှိသည်။ ဖွဲနုတွင် ပါဝင်သော အစိုဓာတ်(Moisture)သည် ဖွဲနုကို အချဉ်ပေါက်စေသည့်အပြင် ဆီထုတ်လုပ်ငန်းစဉ်ကိုလည်း နှောင့်နှေးစေတတ်သောကြောင့် ဖွဲနု၏ အစိုဓာတ်ကို ၅ရာခိုင်နှုန်းအောက်အထိ ဖြစ်လာရန် ပြုပြင်ရပါသည်။

ဆီထွက်သီးနှံများတွင် ဆီပါဝင်မှုရာခိုင်နှုန်း ၂၅ ရာခိုင်နှုန်းနှင့် အထက်ရှိပါက သဘာဝအတိုင်း ကြိတ်ချေခြင်းဖြင့် ဆီထုတ်ယူနိုင်သော်လည်း ၂၅ ရာခိုင်နှုန်းအောက်ဖြစ်နေလျှင် ဓာတုဖျော်ရည် (Organic Solvent)ဖြင့်စိမ်၍ ဓာတုဗေဒနည်းဖြင့် ဆီထုတ်ယူရပါသည်။ ဖွဲနုကို ပြုပြင်ပြီး ဓာတုဖျော်ရည်ဖြင့် စိမ်သောအခါ ဆီများသည် ၎င်းဖျော်ရည်တွင် ပျော်ဝင်သွားပါသည်။ အဆိုပါ ပျော်ရည်အရောကို အပူပေးခြင်းဖြင့် ဓာတုဖျော်ရည်အား အငွေ့ပျံစေကာ ဖွဲနုဆီကြမ်းကို ရရှိပါသည်။ ဖွဲနုမှ ဖွဲနုဆီကြမ်း ထုတ်ယူခြင်းကို ဆီကြမ်း ထုတ်စက်ရုံအပိုင်းက ဆောင်ရွက်ပြီး ၎င်းအဆင့်တွင် ဆီထုတ်ပြီး ဖွဲဖတ် (Oil Extracted Rice Bran, OERB)ကို ဘေးထွက်ပစ္စည်း (By Product)အဖြစ်ရရှိကာ တိရစ္ဆာန်အစာအတွက် ပြည်တွင်း၌ အသုံးပြုရုံမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ပါသည်။

ဖွဲနုဆီကြမ်းတွင် မလိုလားအပ်သော အရောင်ဆိုး၊ အနံ့ဆိုး၊ အချဉ်ဓာတ်နှင့်အချဲ့ဓာတ်များ ပါဝင်နေသောကြောင့် ပြန်လည်သန့်စင်ရန် ဆီချောထုတ်စက်ရုံ(Refinery Plant)သို့ ပေးပို့ရပါသည်။ ထိုစက်ရုံတွင် ဖယောင်းကြမ်းဖယ်၍ အချဉ်ချွတ်ခြင်း၊ အချဲ့ချွတ်ခြင်း၊ အရောင်ချွတ်ခြင်း၊ အနံ့ချွတ်ခြင်း၊ အအေးခံဖယောင်းချ၍ ဖယောင်းချောဖယ်ခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ရပါသည်။ ဤကဲ့သို့ ဆီသန့်စင်ခြင်းနည်းစဉ်ပါ အဆင့်များကို ပြည့်စုံအောင် ဆောင်ရွက်ပြီးမှ သာလျှင် စားသုံးရန်အဆင့်ဖြစ်သော အရောင်ကြည်လင်သည့် ဖွဲနုဆီ (edible rice bran oil)ကိုရရှိလာပါသည်။

ဖွဲနုဆီကြမ်း၏ အချဉ်ဓာတ်ကိန်း (Acid Value) ၄၀ အထိသာ စားသုံးဆီအဖြစ် ပြန်လည် သန့်စင်သော်လည်း ၎င်းထက် အချဉ်ဓာတ် ပိုမြင့်လာပါက စီးပွားရေးအရ တွက်ခြေကိုက်ခြင်း မရှိသောကြောင့် စက်မှုလုပ်ငန်းသုံးဆီအဖြစ် ဆပ်ပြာစက်ရုံသို့ ရောင်းချရပါသည်။ ဆီကြမ်း (Crude Oil) မှ ဆီချော (Refined Oil) ထုတ်လုပ်မှုဖြစ်စဉ်တွင် ဖယောင်းကြမ်း၊ ဆပ်ပြာကြမ်း၊ အရောင်ချွတ်ဖတ်နှင့် ဖယောင်းချောတို့ကို ဘေးထွက်ပစ္စည်းများအဖြစ် ပြန်လည်ရရှိရာ ၎င်းတို့ကို ဆပ်ပြာထုတ်လုပ်သောလုပ်ငန်းနှင့် အလှကုန်ထုတ်လုပ်သောလုပ်ငန်းများတွင် အသုံးပြုနိုင်ပါသည်။

ဖွဲနုဆီ၏ ဓာတုဗေဒဆိုင်ရာ အရည်အသွေး (Chemical Properties)များမှ CODEX STANDARD အရ အိုင်အိုဒင်းတန်ဖိုး (Iodine Value)သည် ၉၀-၁၁၅ ဖြစ်ပြီး ပြည့်ဝအဆီ အက်ဆစ် ၂၀ ရာခိုင်နှုန်းနှင့် မပြည့်ဝအဆီ အက်ဆစ် ၈၀ ရာခိုင်နှုန်းတို့ ပါဝင်ဖွဲ့စည်းထားသောဆီအရည် (Liquid Oil) အမျိုးအစားဖြစ်ပါသည်။ ဖွဲနုဆီသည် မီးလောင်မှတ် (Smoke Point) မြင့်မားသော ဆီအမျိုးအစားဖြစ်သောကြောင့်လည်း မွှေကြော်(stir-frying)နှင့် နှစ်ကြော်(deep-frying)တို့အတွက် သင့်တော်သော ဟင်းချက်ဆီ အမျိုးအစား ဖြစ်ပါသည်။ ထို့ကြောင့် အာရှနိုင်ငံများဖြစ်ကြသော အိန္ဒိယ၊ ထိုင်း၊ ဂျပန်၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံများတွင် လူသိများ ကျော်ကြားသော စားသုံးဆီလည်း ဖြစ်ပါသည်။

အာဟာရတန်ဖိုးဆိုင်ရာ ပါဝင်မှုများတွင် USDA ၏ဖော်ပြချက်များအရ ဖွဲနုဆီ စားပွဲတင်ဇွန်းတစ်ဇွန်းတွင် အဆီဓာတ် ၁၄ ဂရမ် နှင့်အင်အားဓာတ် ၁၂၀ကယ်လိုရီရှိပြီးဆိုဒီယမ်နှင့်သကြားဓာတ်တို့ လုံး၀ မပါရှိသောကြောင့် ကျန်းမာရေးအတွက် သင့်တော်ကြောင်း၊ မိုနို မပြည့်ဝအပိုင်းနှင့် ပိုလီမပြည့်ဝအပိုင်း ဆတူနီးပါး ပေါင်းစပ်ပါဝင်နေသောကြောင့် ကိုလက်စထရော မြင့်မားမှုကို ထိန်းသိမ်းပေးနိုင်ကြောင်း စသည်တို့ကြောင့် အမေရိကန်နှလုံးအသင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးတို့က ဖွဲနုဆီကို ကျန်းမာရေးအထောက်အကူပြု စားသုံးဆီဟု ထောက်ခံထားကြပါသည်။

အိန္ဒိယနိုင်ငံရှိ The India Council Medical Researc (ICMR) နှင့် The National Institute of Nutrition (NIS)တို့၏ သုတေသနရလဒ်များအရ ဖွဲနုဆီသည် နှလုံးရောဂါရှိသူများအတွက် အလွန်သင့်လျော်သော "heart-healthy oil"ဖြစ်ကြောင်း သိရှိရပါသည်။ ထို့ပြင် The Journal of Nutritional Biochemistry၏ တင်ပြမှုတစ်ခု၌လည်း ဖွဲနုဆီ စားသုံးသူများသည် ဆီးချိုရောဂါပုံစံ(၂)ကို သက်သာစေကြောင်း မှတ်သားခဲ့ရပါသည်။

ဖွဲနုဆီတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများဖြစ်သော Y-oryzanol နှင့် tocotrienol တို့များစွာ ပါဝင်နေသောကြောင့် ဆီ၏သက်တမ်းကို ကြာရှည်စေသည့်အပြင် စားသုံးသူတွင်လည်း အရွယ်မတိုင်မီ အိုမင်းခြင်းကို တားဆီးပေးခြင်း၊ ကင်ဆာဆဲလ်များကို ခုခံကာကွယ်နိုင်ခြင်း စသည့်ကောင်းကျိုးများ ရရှိစေပါသည်။ ဗီတာမင် E နှင့် အိုမီဂါ ၃ အဆီအက်စစ် ပါဝင်နေသောကြောင့်လည်း အရေပြားကို တင်းရင်းလှပစိုပြည်စေပြီး ခန္ဓာကိုယ်၏ ကိုယ်ခံအားကို တိုးပွားစေပါသည်။

အိုအိုချော (CTQM)

ဤသို့ဆိုလျှင် စားသုံးသူများအနေဖြင့် စားသုံးဆီအမျိုးအစားပေါင်းများစွာရှိသည့်အနက် မှန်ကန်သော ဟင်းချက်ဆီ အမျိုးအစား ရွေးချယ်ရာတွင် အနံ့အရသာအပြင် ကျန်းမာရေးရှုထောင့်ကလည်း စဉ်းစားရပေလိမ့်မည်။ ထိုနည်းလမ်းအတိုင်း ရွေးချယ်မည်ဆိုလျှင် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူ (Health Experts) များ ထောက်ခံထားသည့် စားသုံးဆီမှာ ဖွဲနုဆီပင်ဖြစ်ပါသည်။

ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးဆိုင်ရာ တွက်ချက်မှုများအရ ဖွဲနုတန် ၁၀၀ မှ ဆီကြမ်း ၁၀ တန် ရရှိနိုင်ပြီး ၎င်းဆီကြမ်း ၁၀ တန်ကို ပြန်လည်သန့်စင်ပြီးပါက စားသုံးရန်အဆင့် ဖွဲနုဆီ သုံးတန်မှ ၃ ဒသမ ၅ တန်အထိရရှိနိုင်ပါသည်။ ဖွဲဖတ် ၈၄ တန်ခန့်ထွက်ရှိလာသောကြောင့် ထုတ်လုပ်မှုဖြစ်စဉ်အရ ဆုံးရှုံးမှု(Process Loss)သည် ၆ ရာခိုင်နှုန်း ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံတွင် တစ်နိုင်ငံလုံးမှထွက်ရှိသည့် စပါးများ၏ ၉၀ ရာခိုင်နှုန်းကို ပေါင်းဆန်အဖြစ် ပြုလုပ်ပြီး ၎င်းကို အဆင့်မြင့်ကြိတ်ခွဲရာမှ ထွက်ရှိလာသော ပေါင်းဖွဲနုမှ ဖွဲနုဆီထုတ်လုပ်ခြင်းလုပ်ငန်းကို တွင်ကျယ်စွာ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ပေါင်းဖွဲနုတွင် ဆီပါဝင်မှု ရာခိုင်နှုန်း ၁၈ မှ ၂၂ ထိ ရှိပြီး အချဉ်ဓာတ်ကိန်းကိုလည်း တစ်လအထိ တည်မြဲအောင် ထိန်းသိမ်းထားနိုင်၍ ဆီချောပိုမိုထုတ်ယူနိုင်သည့်အပြင် ဆီချောစက်ရုံတွင်လည်း ပေါင်းဖွဲနု၏ အနှံ့ကုန်စေရန် Temperature Treatment ကို လုပ်ဆောင်နိုင်သည့်အတွက် အိန္ဒိယနိုင်ငံ၏ ဖွဲနုဆီထုတ်လုပ်သည့်လုပ်ငန်းမှာ များစွာတိုးတက်နေရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် ဆန်စပါး တိုးချဲ့စိုက်ပျိုးနေခြင်းနှင့် ပြည်ပသို့ ဆန်တင်ပို့ရောင်းချနေသောကြောင့် ဘေးထွက်ပစ္စည်းဖြစ်သော ဖွဲနုကိုလည်း နှစ်စဉ်တိုး၍ ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းရပါသည်။ ၎င်းဖွဲနုများအားလုံးကို စားသုံးဆီ ထုတ်ယူနိုင်မည်ဆိုပါက နှစ်စဉ်ပြည်ပမှ တင်သွင်းနေရသော စားသုံးဆီပမာဏကို သိသာစွာလျှော့ချလာနိုင်မည်ဖြစ်သည်။ ထို့ပြင် ထွက်လာသော ဘေးထွက်ပစ္စည်းများကိုလည်း ပြည်တွင်းရှိ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများသို့ ကုန်ကြမ်းအနေဖြင့် ရောင်းချနိုင်သောကြောင့် ဖွဲနုဆီထုတ်လုပ်ငန်းသည် စိုက်ပျိုးရေးကိုအခြေခံ၍ ပြည်တွင်းရှိ စက်မှုလုပ်ငန်းများ တိုးတက်ရေးအတွက် ကွင်းဆက်မိသောလုပ်ငန်းလည်းဖြစ်ပါသည်။

သို့ပါ၍ မိမိတို့နိုင်ငံတွင် ဘေးထွက်ပစ္စည်းအနေဖြင့် တိရစ္ဆာန်အစားအစာအဖြစ်သာ အသုံးဝင်မည့် ဖွဲနုကို ကုန်ကြမ်းအဖြစ် အသုံးပြုကာ စေးကွက်ဝင်သော ကျန်းမာရေးအထောက်အကူပြု ဖွဲနုဆီအဖြစ် တန်ဖိုးမြှင့်ထုတ်ကုန် ပြုလုပ်နိုင်မည်ဆိုပါက သွင်းကုန်အစားထိုး နိုင်ငံခြားငွေ ချွေတာနိုင်မည့်အပြင် ပြည်တွင်းစားသုံးဆီ ဖူလုံရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။

မန္တလေးကုန်စည်ဒိုင်၌ မတ်လဒုတိယပတ် ဆီထွက်သီးနှံစျေးနှုန်း မြင့်တက်လာ

နှမ်း

မန္တလေးကုန်စည်ဒိုင်၌ နှမ်းအသစ်များ ဝင်ရောက်မှုမရှိဘဲ လက်ကျန်လျှောင်လက် နှမ်းများသာရှိပြီး စျေးဆက်လက် မြင့်တက်လျက်ရှိသည်။ ရန်ကုန်ဝယ်လက်နှင့် တရုတ်သို့ သင်္ဘောတင်ပို့မှုရှိကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရသည်။

၄၅ ပိသာဝင် သုံးတင်းတစ်အိတ် စျေးနှုန်းများမှာ နှမ်းဖြူတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၇၅၀၀၀ မှ ၁၈၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၇၀၀၀၀ မှ ၁၇၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် တစ်အိတ် ကျပ် ၅၀၀၀ မြင့်တက်လာသည်။ နှမ်းညို ယခုတစ်ပတ် ကျပ် ၁၆၅၀၀၀ မှ ၁၇၀၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ် ကျပ် ၁၄၅၀၀၀ မှ ၁၅၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀၀ မြင့်တက်လာသည်။ ဆောင်းနှမ်းနက် ယခုတစ်ပတ် ကျပ် ၁၆၀၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ် ကျပ်၁၄၂၀၀၀ မှ ၁၄၅၀၀၀ ဖြစ်ခဲ့သည်။ ယခင် တစ်ပတ်ထက် ကျပ် ၁၈၀၀၀ မှ ၁၅၀၀၀မြင့်တက်လာသည်။ နှမ်းနက်(စမုံ) ယခုတစ်ပတ် ကျပ် ၁၆၅၀၀၀ မှ ၂၂၅၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ် ကျပ် ၁၉၀၀၀၀ မှ ၂၂၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် တစ်အိတ် ကျပ်၅၀၀၀ မြင့်တက်လာသည်။

မြေပဲဆန်

ရွှေဘိုနှင့် မြင်းမူဘက်က မြေပဲလုံးဆန် (အသစ်) များ ဝင်ရောက်နေပြီး ပြန့်လုံးဆန်များမှာ ကျောက်ပန်းတောင်းဘက်မှ ဝင်ရောက်လျက်ရှိ၍ စျေးမြင့်တက်နေသည်။ တရုတ်ဝယ်လက် ရန်ကုန်ဝယ်လက်နှင့် ဆီစက်သမားများက ဝယ်ယူလျက်ရှိသည်။

မြေပဲလုံးဆန် တစ်ပိသာစျေးနှုန်းများမှာ မြေပဲလုံးဆန်(ဖြူ) ယခုတစ်ပတ် ကျပ် ၄၀၀၀ မှ ၃၉၀၀၊ ယခင် တစ်ပတ် ကျပ် ၃၆၀၀ မှ ၃၅၀၀ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကျပ် ၄၀၀ မြင့်တက်လာသည်။ မြေပဲလုံးဆန်(နီ) တစ်ပိသာလျှင် ယခုတစ်ပတ် ကျပ် ၃၆၀၀ မှ ၃၆၅၀၊ ယခင်တစ်ပတ်ကျပ် ၂၇၀၀ မှ ၂၈၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကျပ် ၈၅၀ မှ ၉၀၀ မြင့်တက်လာသည်။

မြင့်မြင့်လှိုင် (ရတနာပုံကုန်သွယ်မှုဗဟိုဌာန)

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ချယ်လ်ဆီးအသင်းပိုင်းရှင်၏ ပိုင်ဆိုင်မှုများကို ဗြိတိန် ထိန်းချုပ်

အင်္ဂလန် ပရီမီးယားလိဂ် ထိပ်သီးကလပ် ချယ်လ်ဆီးအသင်း၏ပိုင်ရှင် အေဗရာမိုဗစ်ချ်၏ ဗြိတိန်ရှိ ပိုင်ဆိုင်မှုများကို ဗြိတိန်အာဏာပိုင်များက ထိန်ချုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဗြိတိန်အနေဖြင့် အေဗရာမိုဗစ်ချ်၏ ခရီးသွားလာမှုကို ပိတ်ပင်လိုက်သည့်အပြင် ၎င်းပိုင် ချယ်လ်ဆီးအသင်းအပေါ် တွင်လည်း ကန့်သတ်မှုများစွာ ပြုလုပ်လိုက်ခြင်း ဖြစ်သည်။

ဗြိတိန်၏ ကန့်သတ်မှုအရ ချယ်လ်ဆီးအသင်းသည် ပွဲကြည့်လက်မှတ်များ ရောင်းချခွင့်မရှိခြင်း၊ ကစားသမားသစ်ခေါ်ယူမှု မပြုလုပ်ရခြင်း၊ ကစားသမားရောင်းချမှု မပြုလုပ်ရခြင်းနှင့် အသင်းရှိ ကစားသမားများကို စာချုပ်သက်တမ်းတိုးမှု မပြုလုပ်ရဆိုသည့် ကန့်သတ်မှုများ ချမှတ်လိုက်ခြင်းဖြစ်သည်။

လီဝန်ဒေါစကီးကို ခေါ်ယူရန် မန်ယူ ဖြင်ဆင်

မန်ယူအသင်းသည် ယခုနှစ် ရာသီကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာရန် ရှိနေသည့် လီဝန်ဒေါစကီးကို ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

အဆိုပါ အသက်(၃၃)နှစ်ရှိပိုလန်တိုက်စစ်မှူး လီဝန်ဒေါစကီးကို ခေါ်ယူရန် အင်္ဂလန် ပရီမီးယားလိဂ်အသင်းကြီးများအပြင် တခြား ဥရောပ ထိပ်တန်းကလပ်များကလည်းခေါ်ယူရန် စိတ်ဝင်စားနေသည်။

လက်ရှိအချိန်တွင် မန်ယူအသင်း၌ ထိပ်တန်းတိုက်စစ်မှူးကောင်းတစ်ဦး လိုအပ်လျက်ရှိရာ လာမည့် အပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားရန် ပြင်ဆင်နေခြင်းဖြစ်သည်။ မန်ယူအသင်းသည် တိုက်စစ်မှူးအတွက် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် လီဝန်ဒေါစကီးကို ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

လီဝန်ဒေါစကီးသည် လက်ရှိကစားနေသည့် ဘိုင်ယန်မြူးနစ်အသင်းသို့ ၂၀၁၄ ခုနှစ်တွင် ရောက်ရှိလာပြီး ၂၄၄ ပွဲတွင် သွင်းဂိုး ၂၃၁ ဂိုးအထိ ရရှိထားသည်။

တစ်နှစ် ပေါင်ခြောက်သန်းတန် ရုရှားရုပ်သံများနှင့်စာချုပ် ပရီမီးယားလိဂ် ဖျက်သိမ်း

အင်္ဂလန် ပရီမီးယားလိဂ် အဖွဲ့ချုပ်အနေဖြင့် ဘောလုံးပွဲပြသမှုအတွက် ရုရှား ရုပ်သံများနှင့် ချုပ်ဆိုထားသည့် တစ်နှစ်လျှင် ပေါင်ခြောက်သန်းတန် စာချုပ်ကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

အင်္ဂလန်ပရီမီးယားလိဂ်မှ တာဝန်ရှိသူများသည် ရုရှားရုပ်သံတစ်ခုဖြစ်သည့် Rambler Media နှင့် နောက်ဆုံးအဆင့် ဆွေးနွေးခဲ့ပြီး ရုပ်သံထုတ်လွှင့်ခွင့်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

လက်ရှိအချိန်တွင် Rambler Media သည် ပရီမီးယားလိဂ် ရုပ်သံထုတ်လွှင့်ခွင့်အတွက် နောက်ထပ်သုံးလသာ ကျန်ရှိတော့ချိန်ဖြစ်သည်။ နောက်ဆုံးရရှိသည့် သတင်းများအရ ပရီမီးယားလိဂ်အနေဖြင့် ရုရှားနိုင်ငံနှင့် အဘက်ဘက်က ဆက်ဆံရေးကို ဖြတ်တောက်တော့မည်ဟုလည်း သိရသည်။

အမ်ဘတ်ပီသည် မက်ဆီကဲ့သို့ ကမ္ဘာ့အကောင်းဆုံးကစားသမား ဖြစ်လာမည်ဟုဆို

လက်ရှိ ပြင်သစ်လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းတွင် ကစားနေသည့် တောင်ပံတိုက်စစ်မှူး အမ်ဘတ်ပီသည် မက်ဆီကဲ့သို့ ကမ္ဘာ့အကောင်းဆုံး ကစားသမား ဖြစ်လာတော့မည်ဖြစ်ပြီး မက်ဆီ၏နေရာတွင် အစားထိုးနိုင်မည့် ကစားသမားမှာ အမ်ဘတ်ပီတစ်ဦးတည်းသာ ရှိနေကြောင်း အသင်းဖော်များက ပြောဆိုလိုက်သည်။

ပီအက်စ်ဂျီအသင်းသည် အသင်း၌ မပျော်မရွှင်ဖြစ်နေသည့် အမ်ဘတ်ပီကို ကမ္ဘာ့အမြင့်မားဆုံးသော လစာတစ်ရပ်ဖြင့် ကမ်းလှမ်းထားသော်လည်း တိကျသည့် အဖြေထွက်မလာသေးကြောင်း သိရသည်။

အခြားတစ်ဖက်တွင် အမ်ဘတ်ပီ ကို စပိန်လာလီဂါကလပ် ရီးလ်ယဲမက်ဒရစ် အသင်းက ခေါ်ယူရန် ကမ်းလှမ်းနေရာ အောင်မြင်ဖွယ် ရှိနေ ကြောင်း စပိန် မာကာသတင်းစာက ရေးသားဖော်ပြထားသည်။

'အမ်ဘတ်ပီရဲ့အသက်က ခုမှ ၂၃ နှစ်စွန်းစွန်းပဲ ရှိပါသေးတယ်။ သူ့အနေနဲ့ နောက်ထပ် ဘောလုံးရာသီ မြောက်မြားစွာကို ကစားနိုင်ဦးမှာပါ။ သူဟာ ခုမှ ကမ္ဘာ့အကောင်းဆုံး ဆိုတဲ့ လမ်းကြောင်းပေါ်ကို စရောက်ရုံပဲ ရှိပါသေးတယ်။ သူ့အတွက် အခွင့်အလမ်းတွေ၊ အခွင့်အရေးတွေများစွာရှိနေပါသေးတယ်။ သူ့ရဲ့ ခြေစွမ်းကလည်း ဒီထက်မကပိုမိုကောင်းမွန် လာဖို့ ရှိနေပါသေးတယ်။ သူဟာ မက်ဆီရဲ့ အရိုက်အရာကိုဆက်ခံပြီး ကမ္ဘာ့အကောင်းဆုံး ကစားသမားတစ်ဦး ဖြစ်လာဦး မှာပါ။ လက်ရှိ ကစား သမားတွေထဲမှာ မက်ဆီရဲ့ အရိုက်အရာကို ဆက်ခံနိုင် မယ့် ကစားသမားဆိုလို့ အမ် ဘတ်ပီတစ်ဦးထဲသာ ရှိပါတယ်'ဟု ပီအက်စ်ဂျီအသင်းမှ အသင်းဖော် တဦး လူယီက ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း

ဟန်နေသစ် စုစည်းသည်

မန်စီးတီးပိုင်ရှင်များက မိနီရိုအသင်းကို ဝယ်ယူရန် ကမ်းလှမ်း

အင်္ဂလန် ပရီမီးယားလိဂ်ကလပ် မန်စီးတီးအသင်းပိုင်ရှင်များသည် ဘရာဇီးကလပ် မိနီရိုအသင်းကို ဝယ်ယူရန် ကမ်းလှမ်းမှုတစ်ရပ် ပြုလုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းပိုင်ရှင်များသည် ဘရာဇီးကလပ် မိနီရိုအသင်းကို ဝယ်ယူရန်အတွက် ပေါင်သန်း ၁၅၀ ဖြင့် စတင်ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။

သို့သော် လက်ရှိ မိနီရိုအသင်းပိုင်ရှင်က မန်စီးတီးအသင်းပိုင်းရှင်များဘက်က ကမ်းလှမ်းမှုကို လက်ခံဖွယ်မရှိဘဲ မိမိတို့အသင်း၏ တန်ကြေးကို ပေါင်သန်း ၃၀၀ အထိ သတ်မှတ်လိုနေခြင်းဖြစ်သည်။

ဘရာဇီးထိပ်သီးကလပ် မိနီရိုအသင်းသည် ဘရာဇီး စီးရီးအေ၏ လက်ရှိချန်ပီယံအသင်းဖြစ်သည်။ ထို့ပြင် မိနီရိုအသင်းသည် ကမ္ဘာကျော် ကစားသမားများ နှစ်စဉ်ပေါ်ထွက်လေ့ရှိသည့် အသင်းလည်းဖြစ်သည်။

မန်စီးတီးအသင်းပိုင်ရှင်များ၏ City Football Group သည် လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ဘောလုံးအသင်း စုစုပေါင်း ၁၀ သင်းအထိ ပိုင်ဆိုင်ထားခြင်းဖြစ်သည်။ မန်စီးတီးအသင်းပိုင်ရှင်များ၏ City Football Group သည် မန်စီးတီးအသင်းအပြင် မေဂျာလိဂ်ကလပ် နယူးယောက်ခ်စီးတီး၊ ဩစတြေးလျကလပ် မဲလ်ဘုန်းစီးတီး၊ ဥရုဂွေးကလပ် မွန်တီဗီဒီယိုစီးတီး၊ အိန္ဒိယ စူပါလိဂ်ကလပ် မွန်ဘိုင်းစီးတီး၊ ဘယ်လ်ဂျီယံကလပ် လမ်မဲလ်၊ စပိန်ကလပ် ဂျီရိုနာ၊ တရုတ်ကလပ် ရှန်ဟိုင်းဂျူနု၊ ဂျပန်ကလပ် ယိုကိုဟားမားနှင့် ပြင်သစ်လီဂူးဝမ်းကလပ် ထရိုယက်စ်တို့ကို ပိုင်ဆိုင်ထားပြီးဖြစ်သည်။

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

ဂျပန်တွင် ကုန်ဈေးနှုန်းများ မြင့်တက်လာ၍ နိုင်ငံစီးပွားရေးအပေါ် စိုးရိမ်မှုများ မြင့်တက်လာခဲ့

ရုရှားနှင့်ယူကရိန်း စစ်ရေးပြဿနာ တင်းမာခြိန်မှစ၍ သွင်းကုန်အပေါ် အဓိကအားထားနေရသည့် ဂျပန်နိုင်ငံအနေဖြင့် ပြည်တွင်းစီးပွားရေးအပေါ် သက်ရောက်လာနိုင်မှုကို စိုးရိမ်မှုများဖြစ်ပေါ်နေခြိန်တွင် ရုရှားနှင့် ယူကရိန်းအကြား စစ်ပွဲဖြစ်ပွားမှုကြောင့် ရေနံစိမ်းနှင့်ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာနိုင်သည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ခန့်မှန်းကြသည်။

ရုရှား-ယူကရိန်းပြဿနာသည် တိုကျို စတော့ရှယ်ယာဈေးကွက်အပေါ် မသေချာ မရေရာမှုများ ဖြစ်ပေါ်စေပြီး လတ်တလောရှိခဲ့သည့် နှစ်ကေး ရှယ်ယာအညွှန်းကိန်း ၂၇၀၀၀၏ အောက် သို့ကျဆင်းကာ ၂၆၀၀၀ ခန့်တွင် ရပ်တည်နေနိုင်ကြောင်း စတော့ရှယ်ယာဆောင်ရွက်သူများက ခန့်မှန်းထားသည်။ အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက ရုရှားအား တုံ့ပြန်သောအားဖြင့် ဓာတ်ငွေ့၊ ရေနံနှင့်အခြားစွမ်းအင် ထောက်ပံ့မှုများကို ဖြတ်တောက်ရန် တွန်းအားပေးသည့် ပိတ်ဆို့အရေးယူမှုများ ချမှတ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အနောက်အုပ်စုနိုင်ငံများနှင့် ရုရှားတို့အကြား သဘောထားတင်းမာမှုများကြောင့် အရှေ့အလယ်ပိုင်းဒေသမှ အနာဂတ် ရေနံစိမ်းဈေးနှုန်းများသည် တစ်ကီလိုလီတာလျှင် ယန်း ၆၂၉၂၀ အမေရိကန်ဒေါ်လာ၅၅၀ခန့်အထိ တိုကျိုကုန်စည်ဈေးကွက်၌ ဖေဖော်ဝါရီလဝက်ခန့်တွင် စတင်မြင့်တက်လာခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် နောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ကြောင်း သိရသည်။

ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဆီနှင့် လောင်စာဆီဈေးနှုန်းများ သိသိသာသာ မြင့်တက်မှုမှ ကာကွယ်ရန် ကြိုးပမ်းမှုအဖြစ် ဂျပန်ဝန်ကြီးချုပ် Fumio Kishida ဦးဆောင်သည့် အစိုးရအဖွဲ့သည် ရေနံကဏ္ဍဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်ကို ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်ခဲ့သည်။

သို့သော်လည်း ဂျပန်နိုင်ငံမှ ရေနံအသင်းအနေဖြင့် ရုရှား-ယူကရိန်းစစ်ပွဲ၏ သက်ရောက်မှုကြောင့် ရေနံစိမ်းဈေးနှုန်းများထပ်မံမြင့်တက်လာမည်ကိုစိုးရိမ်နေပြီး အစိုးရအား ရေနံကဏ္ဍဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်များကို ထပ်မံဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သည်။

ဂျပန်အနေဖြင့် ရုရှားနိုင်ငံမှ ရေနံစိမ်းများကို ၄ ရာခိုင်နှုန်းခန့်သာတင်သွင်းလျက်ရှိသည်။ထို့ပြင် ယူကရိန်းနိုင်ငံသည် ဂျုံနှင့်ပြောင်း အပါအဝင် ကောက်ပဲသီးနှံများကို ထိပ်တန်းထုတ်လုပ်တင်ပို့နေသည့်နိုင်ငံဖြစ်ပြီး ရုရှား-ယူကရိန်းစစ်ပွဲ၏ အကျိုးဆက်ကြောင့် ကမ္ဘာ့လယ်ယာစိုက်ပျိုးရေးထွက်ကုန်ပံ့ပိုးမှုကွင်းဆက်တွင် အဟန့်အတားများအဖြစ် သက်ရောက်စေနိုင်သည်ဟု စီးပွားရေးသုတေသီများက သုံးသပ်ကြသည်။ ဂျပန်နိုင်ငံအနေဖြင့် ရေနံစိမ်းနှင့်ဂျုံ တင်သွင်းမှုအပေါ် အဓိက မှီခိုနေရသည့်အတွက် အဆိုပါကုန်ပစ္စည်းများ ဈေးတက်လာခြင်းသည် ဂျပန်ကုမ္ပဏီများအပေါ် တိုက်ရိုက်ထိခိုက်မည့် သက်ရောက်မှုများရှိလာမည်ဟု သုတေသီ Norihiro Fujito က ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၌ Cup Noodle နှင့် အခြားခေါက်ဆွဲ ခြောက်ထုတ်ကုန်များ ထုတ်လုပ်သည့် Nissin Food Products Co.သည် လာမည့် ဇွန် ၁ ရက်မှစ၍ ၎င်းထုတ်ကုန်များ၏ဈေးနှုန်းကို ယန်း ၁၈၀ ခန့် တိုးမြှင့်မည်ဖြစ်ကြောင်း ယခုလအစောပိုင်းတွင် ကြေညာခဲ့သည်။

နန္ဒာဝင်း(စီးပွားရေးသံမှူး)
မြန်မာသံရုံး၊ တိုကျို၊ဂျပန်။

ပေဖော်ဝါရီလအတွင်း မြိတ်ကုန်သွယ်ရေးစခန်းမှ ကာလတူထက် ကုန်သွယ်မှု ပိုမိုဆောင်ရွက်

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းမှ လျာထားချက်အပေါ် ပို့ကုန်၊သွင်းကုန် ကုန်သွယ်မှု ပမာဏ ၉၇ ဒသမ၉၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅ဒသမ ၇၂၅ သန်းနှင့်သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ၆ဒသမ ၀၃၂ သန်းဖိုး ဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ၁၁ ဒသမ ၇၅၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့သည်။ ယမန်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ပို့ကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂၆ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၄၆၉ သန်း လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅၇ သန်းဖိုး ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

အနီးစပ်ဆုံး ဇန်နဝါရီလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်အမေရိကန်ဒေါ်လာ ၁၆ဒသမ ၇၇၀သန်း ပိုမိုခဲ့ပြီး သွင်းကုန်တွင် အမေရိကန် ဒေါ်လာ ၂ဒသမ ၅၄၂သန်း လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၇၇၂ သန်း လျော့နည်းခဲ့သည်။

ယမန်နှစ် ကာလတူနှင့်ရော အနီးစပ်ဆုံးကာလထက်ပါ ပို့ကုန်ပိုမိုရခြင်းမှာ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုတွင် ပုစွန်၊ ငါးမှုန့်၊ ကင်းမွန်၊ ငါးအသားလွှာနှင့် ဂဏန်းတို့ ပိုမိုတင်ပို့နိုင်ပြီး လယ်ယာထွက်ကုန်ပစ္စည်းများတွင် ရော်ဘာပိုမိုတင်ပို့နိုင်ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်လျော့နည်းရခြင်းမှာ ဘိလပ်မြေတင်သွင်းမှုမရှိခြင်းနှင့် ဒီဇယ်တင်သွင်းမှု လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။

မြိတ်ကုန်သွယ်ရေးစခန်းသည် ရေလမ်းခရီးအား အဓိကအားထား ကုန်သွယ်မှုပြုလုပ်နေရပြီး တစ်ဖက်နိုင်ငံနှင့် ကုန်သွယ်မှု အများဆုံး ဆောင်ရွက်သောဒေသဖြစ်ကြောင်း သိရှိရသည်။

CJ

မိချောင်းကွမ်းဖတ် စိုက်ပျိုးသော တောင်သူများ ဈေးကောင်းရနေ

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ပြည်ပဈေးကွက်ဝယ်လိုအားရှိသော မိချောင်းကွမ်းဖတ်စိုက်ပျိုးသည့် တောင်သူများ ယခုနှစ်တွင် ဈေးကောင်းရရှိပြီး တွက်ခြေကိုက်လျက်ရှိကြောင်း ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု ရွှေကညင်ပင်ကျေးရွာရှိ မိချောင်းကွမ်းဖတ် စိုက်ပျိုးသူတောင်သူ ဦးကျော်စိုးထံမှ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခင်မိချောင်းကွမ်းဖတ် စိုက်ပျိုးသောတောင်သူ ၂၅/၃၀ ခန့်ရှိပြီး ဈေးကွက်ဝယ်လိုအားရှိသော်လည်း ဈေးနှုန်းခန့်မှန်းလို့မရသောကြောင့် နောက်ပိုင်းတွင် မိချောင်းကွမ်းဖတ်စိုက်ပျိုးသော တောင်သူများ လျော့နည်းလာကြောင်း၊ ၂၀၁၆ခုနှစ်တွင် မိချောင်းကွမ်းဖတ် တစ်ပိသာကို ကျပ် ၁၂၀၀၀ ရရှိပြီး တောင်သူများတွက်ခြေကိုက်မှုရှိသော်လည်း ၂၀၁၇ ခုနှစ် တောင်သူအများစု စိုက်ပျိုးလာချိန် မိချောင်းကွမ်းဖတ် တစ်ပိသာကို ၃၄၀၀ ကျပ် ဖြစ်သွားသည့်အတွက် တွက်ခြေကိုက်မှုမရှိ၍ ၂၀၁၈၊ ၂၀၁၉ခုနှစ်များတွင် တောင်သူအများစု မစိုက်ပျိုးသောကြောင့် စိုက်ဧက လျော့နည်းလာကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ယခုနှစ် မိချောင်းကွမ်းဖတ် စိုက်ပျိုးသူတောင်သူ ဦးကျော်စိုးက မိုးဦးကာလ ဇွန်လမှ စတင်ပြီး ဖေဖော်ဝါရီလအထိ ကြေခင်းဖြစ်၍ ကိုးလခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီးစီးချိန် လိုအပ်သော ပိုးသတ်ဆေး၊ မြို့သတ်ဆေးများ ဖျန်းပေးရပြီး လိုအပ်ပါက ရောတင်ပေးရကြောင်း၊တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ၁၀ တင်းမှ ၁၅ တင်းအထိ ထွက်ရှိနိုင်ဟုခန့်မှန်း၍ လက်ရှိတစ်ပိသာ ကျပ် ၆၀၀၀ ပေါက်ဈေးရှိပြီး တစ်ဧကစိုက်ပျိုးထုတ်လုပ်မှုမှာ ကျပ်သုံးသိန်းခန့်ရှိ၍ တစ်ဧကလျှင် ပိသာ ၁၅၀ ခန့်ထွက်ရှိပါက ကျပ်ကိုးသိန်းဝန်းကျင်ရရှိမည်ဖြစ်သည့်အတွက် အကျိုးအမြတ်မှာ တစ်ဧကကို ကျပ် ခြောက်သိန်းခန့် ရရှိနိုင်ကြောင်း၊ ပြည်ပဈေးကွက် ဝယ်လိုအားရှိသော မိချောင်းကွမ်းဖတ်ကို ယခုနှစ် ဈေးကွက်အခြေအနေအရ နောက်နှစ်ကို တောင်သူအများစု ပြန်လည်စိုက်ပျိုးခြင်းဖြင့် ပြည်ပဝင်ငွေ တိုးမြှင့်ရရှိနိုင်မည်ဖြစ်ကြောင်း မိချောင်းကွမ်းဖတ် စိုက်ပျိုးသည့် တောင်သူများအား ကျောင်းကုန်းမြို့နယ်တာဝန်ခံ ဦးတင်ကိုက ကွင်းဆင်းလေ့လာဆွေးနွေးခဲ့ကြောင်း သိရသည်။

မင်းမင်းဦး၊ တင်ကို

တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန စစ်ကိုင်းခရိုင်မှ ဦးဆောင်ကြီးကြပ်မှုဖြင့် တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းအမှတ်စဉ် (၇/၂၀၂၂)ကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သင်တန်းခန်းမ၌ မတ် ၁၀ ရက်က သင်တန်းဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။

ရွေးဦးစွာ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူးက အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းတင်က စားသုံးသူရေးရာဦးစီးဌာနပေါ် ပေါက်လာပုံအကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်က ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၉)ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း၊ စားသုံးသူကာကွယ်ရေးနည်းဥပဒေကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၈ ရက်က ပြဋ္ဌာန်းခဲ့ကြောင်း၊ သင်တန်းသားများအနေဖြင့် ဤသင်တန်းကို တက်ရောက်ပြီး မုန့်လုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်မည်ဆိုပါက စားသုံးသူကာကွယ်ရေးဥပဒေ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်းသည့် ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ သိသာထင်ရှားစွာဖော်ပြရမည့် အချက်ရှစ်ချက်ကို ဟောပြော ဆွေးနွေးခဲ့သည်။

သင်တန်းကာလမှာ မတ် ၁၀ ရက် မှ ၁၆ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပြီး ပေါင်မုန့်၊ ကိတ်မုန့်နှင့် ကွတ်ကီး အစရှိသော မုန့်မျိုးစုံ ၁၅ မျိုး ပြုလုပ်နည်းသင်ကြားပေးသွားမည်ဖြစ်၍ သင်တန်းသူ/သင်တန်းသား ၂၅ဦး တက်ရောက်ကြောင်းသိရသည်။

သန်းသန်းတင်(မုံရွာ)

"Immune System will Heal Itself"

NEM-C

VITAMIN C & ZINC CHEWABLE TABLETS

Vitamin C 500 mg

- Improves production of germ fighting cells and offers strong antiviral action
- Reduces risk of complication development in Cold, Flu & Lung infections

Zinc 25 mg

- Vital for numerous aspects of cellular metabolism
- Plays a vital role in immune functions

℞

- Respiratory infections
- Treatment of Scurvy
- Reduce the duration of common cold & Flu
- Improvement of immune defense system

The right ingredients can

Double or Triple the protective power of the immune System

SUGAR FREE...

Orange Flavour

Boosts Immunity....Boosts Health & Happiness

Distributed By :

RAMMAWADDY INTERNATIONAL CO.,LTD

YGN : No.B/101, Yuzana Hiway Complex, Kamaryut Township, Yangon, Myanmar. Ph : 09 730 65946, 09 494 37591.

"သင့်အဖိုးတန်ကုန်စည်များဖို့ဆောင်ရာတွင်
လုံခြုံစိတ်ချမှုရှိစေရန်
ကုန်စည်ပို့ဆောင်ရေးအာမခံ"
CALL NOW
09 - 890 56 777 1~5
www.gw-insurance.com
GLOBAL WORLD INSURANCE CO., LTD
GWI
We always with you!

CNC
men's wear
SLIMFIT edition
environment friendly
WWW.CNCMENWEAR.COM
WWW.FACEBOOK.COM/CNC1999

COMMERCE INTERNATIONAL

ရုရှား- ယူကရိန်းအရေးက ကမ္ဘာ့စီးပွားရေးကို ပြင်းထန်စွာရိုက်ခတ်နေဟု အိုင်အမ်အက်ဖ်အကြီးအကဲပြော

လက်ရှိ ဖြစ်ပေါ်နေသည့် ရုရှား-ယူကရိန်းအရေးက ကမ္ဘာ့စီးပွားရေးကို ပြင်းထန်စွာရိုက်ခတ်နေသည်ဟု နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) မန်နေဂျင်းဒါရိုက်တာ Kristalina Georgieva က ထုတ်ဖော်ပြောဆိုလိုက်သည်။

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF) အနေဖြင့် ယူကရိန်းနိုင်ငံက အရေးပေါ်ဘဏ္ဍာရေးရန်ပုံငွေ ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ တောင်းခံမှုကို များမကြာမီရက်ပိုင်းအတွင်း ခွင့်ပြုပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန် ကြေညာထားပြီးဖြစ်သည်။

လက်ရှိဖြစ်ပေါ်နေသည့် စစ်ဒဏ်ကို ယူကရိန်းနိုင်ငံသည်သာ ခံစားနေရသည်မဟုတ်ဘဲ စစ်ပွဲကြောင့် စွမ်းအင်နှင့် စားသောက်ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်များကို အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့

နိုင်ငံများပါ ခံစားနေကြရသည်။ အထူးအဖြင့် ဖွံ့ဖြိုးဆဲနှင့် မဖွံ့ဖြိုးသေးသည့်နိုင်ငံများသည် လောင်စာဆီဈေး မြင့်တက်မှုကြောင့် တခြား လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များပါ ဈေးများ အဆမတန် လိုက်ပါမြင့်တက်နေမှုဒဏ်ကို ခံစားနေကြရသည်။

လက်ရှိဖြစ်ပွားနေသည့် ရုရှား-ယူကရိန်း အရေးနှင့်အတူ ဆက်စပ်နေသည့် ပိတ်ဆို့အရေးယူမှုများက ကမ္ဘာ့စီးပွားရေးအပေါ် ဆိုးဆိုးရွားရွား ရိုက်ခတ်မှုရှိလာကြောင်း၊ ယင်းအကျပ်အတည်းကြောင့် ငွေဖောင်းပွမှုများနှင့်အတူ စီးပွားရေးလုပ်ငန်းများကို လှုပ်ခတ်သွားနိုင်ကြောင်း IMF မန်နေဂျင်းဒါရိုက်တာ Kristalina Georgieva က ပြောခဲ့ခြင်းဖြစ်သည်။

စစ်ပွဲအရှိန်မြင့်လာပါက စီးပွားရေးအရ ထိခိုက်မှုများလည်း ရှိလာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုသည် တစ်ကမ္ဘာလုံးကို လှုပ်ခတ်သွားနိုင်သည့်အတွက် သက်ဆိုင်ရာအစိုးရများအနေဖြင့် ဆင်းရဲသည့် အိမ်ထောင်စုများကို ငွေကြေးပံ့ပိုးပေးသင့်ကြောင်းကိုလည်း Kristalina Georgieva က အကြံပေးထားသည်။ **Ref; Reuters**

ရေနံဈေးနှုန်းပတ်သက်၍ ရုရှားသတိပေး

ရုရှားနိုင်ငံ၏ ရေနံတင်သွင်းမှုအပေါ် အနောက်နိုင်ငံများမှ ပိတ်ဆို့တားမြစ်လိုက်ခြင်းသည် ကမ္ဘာကြီးအတွက် ကောင်းကျိုးတစ်စုံတစ်ရာ ရှိလာမည်မဟုတ်ကြောင်း ရုရှားနိုင်ငံဘက်က တုံ့ပြန်ပြောဆိုလိုက်သည်။

ထိုကဲ့သို့ ရုရှားနိုင်ငံအား ဝိုင်းဝန်းပိတ်ဆို့ အရေးယူနေခြင်းကြောင့် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ အထိ ဈေးနှုန်းဆက်လာ မြင့်တက်လာမည်ဖြစ်ကြောင်း ရုရှားဘက်က ပြောဆိုလာခဲ့ခြင်းဖြစ်သည်။

အမေရိကန် ပြည်ထောင်စုနှင့် ၎င်း၏ ဥရောပ မဟာမိတ်များသည် ရုရှားနိုင်ငံ၏ ရေနံတင်သွင်းမှုကို တားမြစ်ရန်ဆုံးဖြတ်မှုကြောင့် ရေနံဈေးများ တစ်ဟုန်ထိုးမြင့်တက်လာကာ အမြင့်ဆုံးဈေးသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏ ဥရောပ မဟာမိတ်များသည် ရုရှားရေနံကို ငြင်းပယ်လိုက်ခြင်းက ကမ္ဘာ့ဈေးကွက်အတွက် ဆိုးရွားသည့် အကျိုးဆက်များကိုသာ ဖြစ်ပေါ်လာစေလိမ့်မယ်ဟု ရုရှားနိုင်ငံမှ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားခဲ့ပြီး ရေနံဈေးနှုန်းသည် တစ်စည်လျှင် ဒေါ်လာ ၃၀၀ ကျော်အထိ နှစ်ဆကျော်ရှိလာနိုင်သည်ဟု ၎င်းက ပြောဆိုခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံ အများအပြားသည် ရုရှားစွမ်းအင်ကို အလွန်အမင်း အားကိုးကြရပြီး Nord Stream 1 ဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် ဓာတ်ငွေ့စုပ်ယူခြင်းကို ပြန်လည်ပိတ်ပင်တားမြစ်ရန် ၎င်းတို့မှာလည်း တန်ပြန်တူညီသောဆုံးဖြတ်ချက်ကို ချမှတ်ပိုင်ခွင့်ရှိသည်ဟု ရုရှားနိုင်ငံမှ ထိပ်တန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ စီးပွားရေး၊ ဘဏ်စနစ်နှင့် ငွေကြေးတို့သည် ပြင်းထန်သော ဖိအားများအောက်တွင် ရှိနေပြီး စစ်ရေး ပဋိပက္ခကာလ ကြာရှည်လာပါက ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးနှင့် ဘဏ္ဍာရေးဈေးကွက်ပါ များစွာထိခိုက်လာမည်ဖြစ်သည်။ မတ် ၁၂ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၁၀ သို့ ပြန်လည်ကျဆင်းလာခဲ့သည်။ **Ref; BBC**

Beat Plastic Pollution

ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။

စိုင်းဗညား - စုစည်းသည်

စက်မှုအသွင်ကူးပြောင်းရေးအတွက် ဂျာမနီ ဒေါ်လာဘီလီယံ ၂၂၀ သုံးစွဲမည်

ဂျာမနီနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် စက်မှုအသွင်ကူးပြောင်းရေးအတွက် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၂၀အထိ သုံးစွဲသွားမည်ဖြစ်ကြောင်း သတင်းထုတ်ချက်တစ်ရပ်အရ သိရသည်။

အဆိုပါ ဂျာမနီနိုင်ငံ၏ စက်မှုအသွင်ကူးပြောင်းရေးတွင် ဥတုရာသီကာကွယ်ရေး၊ ဟိုက်ဒရိုဂျင်နည်းပညာနှင့် လျှပ်စစ်ယာဉ် အားသွင်းကွန်ရက်ချဲ့ထွင်မှုများ အပါအဝင် ယခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၂၀ (ယူရို ဘီလီယံ ၂၀၀) အသုံးပြုသွားရန် လျာထားကြောင်း ဂျာမနီနိုင်ငံဘဏ္ဍာရေးဝန်ကြီး ခရစ္စရှန်လင်ဒါက ပြောခဲ့သည်။

စက်မှုအသွင်ကူးပြောင်းရေးအတွက် ရန်ပုံငွေတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အတွက် စည်းကြပ်ကောက်ခံမှုများကို ဖယ်ရှားခြင်းလည်း ပါဝင်သည်ဟု ဂျာမနီနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ခရစ္စရှန်လင်ဒါက ထပ်မံပြောဆိုခဲ့သည်။

ဂျာမနီနိုင်ငံတွင် သဘာဝဓာတ်ငွေ့ရည် (Liquefied natural gas) တင်သွင်းရန် အခြေခံအဆောက်အအုံများ မြှင့်တင်ခြင်းနှင့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကို ပိုမိုမြို့ခိုအားထားလာနိုင်ခြင်းဖြင့် ရုရှားနိုင်ငံမှ ရရှိသည့် ဓာတ်ငွေ့အပေါ် လွန်စွာမှီခိုအားထားမှုကို ဖြတ်တောက်ရန် ကြိုးပမ်းနေခချိန်တွင် ယခုကဲ့သို့ စီမံချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ထို့အတူ ဂျာမနီနိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုအတွက် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန် စီစဉ်နေသည်။

ဂျာမနီနိုင်ငံ စီးပွားရေးဝန်ကြီး ရောဘတ်ဟာဘက်ခ်က မိမိတို့၏ စွမ်းအင်ဆိုင်ရာ အချုပ်အခြာအာဏာသည် ယခင်ကထက် အရေးတကြီး ရင်းနှီးမြှုပ်နှံရန် လိုအပ်လာပြီဖြစ်ကြောင်း၊ ညွှန့်ပေါင်းအဖွဲ့ဝင်များအနေဖြင့်လည်း တူညီသည့် ဦးတည်ချက်များရှိနေပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အမှီအခိုကင်းမဲ့ပြီး ဥတုရာသီအပေါ် ရိုက်ခတ်မှုမရှိသည့် အခြေအနေဖြစ်လာရန် အစွမ်းကုန် ကြိုးစားသွားရမည်ဖြစ်ကြောင်း စီးပွားရေးဝန်ကြီး ရောဘတ်ဟာဘက်ခ်က ပြောခဲ့သည်။

Ref; Reuters